
# ပိုးကျော်သူ

## သိုင်းလောက ၏ လုပိမ်းညှို့သည်



စာမူကြိုတင်ခွင့်ပြုအမှတ် ၅၈၆/၉၃(၉)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၆၉၁/၉၃(၁၀)

ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ[၄၀၀]
တန်ဖိုး ၅၅/-

ထုတ်ဝေသူ ဦးလှဌေး(မြဲ ၀၁၁၈၃)
လှဌေးစာပေ
အမှတ် ၂၅၊ ၁၂၆ လမ်း
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးတိုးဝင်း(မြဲ ၀၂၄၃၁)
နေလရောင် အော့ဖ်ဆက်
၉၆။ ၁၁ လမ်း၊
ရန်ကုန်မြို့။

လွင်စာပေ
အမှတ် ၁၅/၁၃၇၊ ၆ လမ်း
ဖုန်း ၂၁၄၆၆

# မိုးကျော်သူ

## သိုင်းလောက လူစိမ်းဧည့်သည်

ဒုတိယပိုင်း(ဇာတ်သိမ်း)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မိန်းကလေးသည် မြေပေါ်တွင် တင်ပျဉ်ခွေကာထိုင်နေ၏။

သူမ၏ ညာဘက်လက်သည် လက်ညှိုးဖြင့် ကောင်းကင်ပေါ်သို့ ညွှန်သည့်အနေအထား ပြုလုပ်ထားပြီး သူမ၏ ဘယ်ဘက် လက်သည် မြေပြင်သို့ညွှန်သည့် အနေအထား ပြုလုပ်ထား၏။

သူမသည် ထူးဆန်းသော ကိုယ်ဟန် အနေအထားဖြင့် မျက်လုံးစုံမှိတ်၍ အသက်မှန်မှန်ရှူရှိုက်ရင်း အတွင်းအား လေ့ကျင့်နေလေသည်။

ဖုကျိနှင့် လောက်တာ့တို့က သူမအား တအံ့တသြ ငေးမော ကြည့်ရှုနေမိကြလေသည်။

ဖုကျိသည် သိုင်းလောကအတွက် လူစိမ်းဧည့်သည်သက်သက် သာ ဖြစ်သည်။

ထို့ကြောင့် မိန်းကလေးအနေဖြင့် မည်သို့သော သိုင်းပညာ လေ့ကျင့်နေသည်ကို မခန့်မှန်းတတ်ပါ။

လောက်တာ့ကမူ....

'သူဟာ မိုးမြေအတွင်းအားကို လေ့ကျင့်နေတာပါလား'

ဟု တအံ့တသြ ရေရွတ်လေသည်။

လောက်တာ့သည် အတွေ့အကြုံ ဗဟုသုတများသူ တစ် ယောက် ဖြစ်လေသည်။

အသက် တစ်ဆယ့်ရှစ်နှစ်အရွယ်မှစ၍ ယနေ့ထက်တိုင် သိုင်း ပညာနှင့် ပတ်သက်၍ ကြီးစွာသောလုံ့လဖြင့် လေ့လာ စူးစမ်း ကျင့်ကြံအားထုတ်နေခဲ့သူလည်း ဖြစ်လေသည်။

ထို့ကြောင့် မိန်းကလေး၏ ပုံသဏ္ဌာန်ကို တွေ့မြင်ရသော အခါ သူကြားဖူးခဲ့သည့် မိုးမြေအတွင်းအားပညာ လေ့ကျင့် သည့် ပုံသဏ္ဌာန်နှင့် တူနေခြင်းကြောင့် အထက်ပါအတိုင်း ရေရွတ်လိုက်မိခြင်းဖြစ်သည်။

မိန်းကလေး၏ ဦးခေါင်းမှာ အခိုးအငွေ့များ တထောင်း ထောင်း ထွက်ပေါ်လာ၏။

မကြာပါချေ၊ သူမသည် မြေပေါ်မှ ဆတ်ခနဲ ခုန်ထလာ လေသည်။

လောက်တာ့မှာ မျက်လုံးပြူး၍ ကြည့်နေမိ၏။



'နှစ်ပေါင်းငါးဆယ် လေ့ကျင့်ခဲ့တဲ့ အတွင်းအားရှိမှသာ ခေါင်းပေါ်မှာ အခိုးအငွေ့တွေ ထွက်လာတတ်တာပဲ၊ သူဟာ အသက်နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမယ်၊ ထူးဆန်းလှချည် လား၊ ဘာကြောင့် ဒီလောက်တောင် အတွင်းအားကောင်း နေတာပါလိမ့်'

လောက်တာ့သည် တအံ့တသြဖြင့် ရေရွတ်ရင်း မျက်လုံး အပြူးသားဖြင့် ငေးကြည့်နေမိသည်။

ဖုကျ ိလည်း ငေးကြည့်နေမိ၏။

ယင်းသို့ ငေးကြည့်နေရင်းမှပင် ထူးခြားချက် တစ်ရပ်ကို ထပ်မံ၍ သတိပြုမိလိုက်ကြလေသည်။

၎င်းထူးခြားချက်မှာ....

မိန်းကလေးသည် အသက်ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ခန့်ရှိသည့် အသွင်မှ အသက် တစ်ဆယ့်လေးငါးနှစ်ခန့်အရွယ် မိန်းမပျို လေး တစ်ယောက်အသွင်သို့ ပြောင်းလဲလာခြင်းပင် ဖြစ်သည်။

မိန်းကလေးသည် လောက်တာ့အား ပြုံး၍ကြည့်ရင်း....

'ရှင် ဘယ်ဆိုးလို့လဲ၊ မိုးမြေအတွင်းအား ပညာကိုတောင် သိနေပါလား'

ဟု ချီးကျူးလိုက်လေသည်။

လောက်တာ့မှာ မျက်လုံးအပြူးသားဖြင့် ကြည့်ကာ....

'မင်း.... မင်းဘယ်သူလဲ'

မိန်းကလေးက အမြေမပေးပါ။

ဖုကျိ ဘက်သို့ လှည့်လိုက်ပြီး....

'ငါတို့ ဒီမှာကြာကြာနေလို့ မဖြစ်ဘူး'

ဖုကျိ မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ ဘွားဘွားရဲ့'

မိန်းကလေးက လောက်တာ့အား ညွှန်ပြလိုက်ပြီး....

'သူ့ရဲ့ အပေါင်းအဖော်တွေ လိုက်မလာဘဲနေမယ်လို့ မင်း ထင်နေသလား'

ထိုအခါမှ ဖုကျိလည်း လောက်တာ့၏ အပေါင်းဖော်များကို သတိရလာမိတော့သည်။

'ဟာ.... လိုက်လာနိုင်တာပေါ့ဗျာ'

'အေး.... ဒါကြောင့် နေရာရွှေ့ဖို့ အရေးကြီးတာပေါ့၊ ဒီနေရာဟာ စိတ်ချရတဲ့နေရာ မဟုတ်သေးဘူး'

ဖုကျိ သက်ပြင်းချလိုက်သည်။

ထို့နောက် မိန်းကလေးကို ဖျတ်ခနဲကြည့်ကာ....

'ဒါဖြင့် ဘယ်ကိုသွားမလဲ'

မိန်းကလေးက အနည်းငယ် စဉ်းစားလိုက်ပြီး

'ဒီကနေ မိုင်နှစ်ဆယ်လောက် ဝေးတဲ့နေရာမှာ စိတ်ချရတဲ့ နေရာတစ်ခုရှိတယ်၊ ငါတို့ အဲဒီနေရာကို သွားကြမယ်'

'ကောင်းပြီလေ၊ သွားကြတာပေါ့'

ဖုကျိက ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



မိန်းကလေး မျက်မှောင် ကြုတ်သွားသည်။

'မင်း ငါ့ကို ပွေ့ချီ မသွားတော့ဘူးလား'

'ဗျာ....'

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မိန်းကလေးအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'ပွေ့ချီ သွားရမယ် ဟုတ်လား'

'အေးပေါ့... ငါက လမ်းမှ မလျှောက်နိုင်သေးတာ'

ဖုကျိ စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်း ကုတ် လိုက်မိသည်။

ယခုအချိန်တွင်မှ မိန်းကလေးအား ထားပစ်ခဲ့၍ မဖြစ်နိုင်တော့ပါ။

ထို့ကြောင့်...

'ထားပါတော့လေ... ဒါပေမယ့် ကျွန်တော်က ဘွားဘွားကို တစ်သက်လုံး ပွေ့ချီထားဖို့တော့ ဖြစ်နိုင်မယ် မထင်ဘူးဗျ'

မိန်းကလေးက ရယ်လိုက်သည်။

'မပူစမ်းပါနဲ့၊ မင်းကိုလဲ ငါတစ်သက်လုံး မခိုင်းပါဘူး'

လူချင်း မယှဉ်နိုင်သကဲ့သို့ သိုင်းပညာချင်းလဲ မယှဉ်နိုင်ပါ။

ထို့ကြောင့် ဖုကျိသည် မိန်းကလေး၏ ဆန္ဒကို တစ်ချိန်လုံး လိုက်လျော နေရတော့သည်။

မိန်းကလေးက လောက်တာ့အား ညွှန်ပြရင်း....

'သူ့ကိုပါ ခေါ်လာခဲ့ရမယ်'

ဖုကျို စောဒက မတက်တော့ပါ။

မိန်းကလေးအား ပွေ့ချီလိုက်ပြီးမှ လောက်ဘာ့ကို လက်ယပ် ခေါ်လိုက်သည်။

'ကဲ....သွားကြစို့'

လောက်တာ့မှာ လိုက်မသွား လိုသော်လည်း မလွန်ဆန်ဝံ့သဖြင့် ဖုကျိုတို့နောက်မှ ကောက်ကောက်ပါအောင် လိုက်သွားရလေတော့သည်။

....၀....

နေခြည် ဖြာကျနေသည်။

သို့သော် စိမ်းလန်းသော သစ်တောများကို ထိုးဖောက်၍ နေရာအနှံ့ ယှက်ဖြာ ကျရောက်နိုင်ခြင်း မရှိပါ။

နေရောင်ခြည် ပြိုးပြိုးပြောက်ပြောက် ကျနေသော တောလမ်းကလေးအတိုင်း လူသုံးယောက် ခရီး နှင်လာနေကြ၏။

ဖုကျိုတို့ လူစုပင် ဖြစ်ပါသည်။



ဖုကျိုသည် လက်တစ်ဘက်က မိန်းကလေးအား ချီပိုးထားပြီး ကျန်လက်တစ်ဘက်က လောက်တအား ဖေးမကာ လျှောက်လှမ်းလာလျက် ရှိနေသည်။

လောက်တသည် ဖုကျိုလက်ချက်နှင့် ဒဏ်ရာ ရခဲ့သဖြင့် အသက်ကယ်ဆေးလုံးသောက်ထားသည့်တိုင် ချက်ချင်း ပျောက်ကင်းသွားခြင်း မရှိသေးပါ။

ထို့ကြောင့် ဖုကျိုက သူ့အား ဖေးမ ခေါ်ဆောင်လာခြင်း ဖြစ်သည်။

သူတို့သုံးယောက် အရှေ့ဘက်ဆီသို့ ဦးတည် သွားနေကြစဉ် ယုန်ကလေးတစ်ကောင်သည် ချုံပုတ်များကြား၌ လျင်မြန်စွာ ပြေးလွှားကာ ပျောက်ကွယ် သွားသည်ကို တွေ့ရသည်။

မိန်းကလေးသည် ယုန်ကလေးကို တွေ့မြင်သွားသည်နှင့်....

'မြန်မြန်လိုက်ဖမ်းစမ်း....'

ဟု အော်ငေါက် ပြောဆိုလာလေသည်။

ဖုကျို စိတ်တိုသွားသည်။

'ကျွန်တော် ကို မခိုင်းနဲ့၊ ကျွန်တော် မလုပ်နိုင်ဘူးလို့ ပြောထားပြီးပြီပဲ'

ဤတွင် မိန်းကလေးသည် လောက်တဘက်သို့ မြားဦးလှည့်သွားလေသည်။

'ကဲ...ရှင်ပဲ လိုက်ဖမ်းပေးစမ်း'

လောက်တ မဲ့ပြုံးပြုံးလိုက်သည်။

'မိန်းကလေး...မင်းကကျုပ်ကို သူငယ်နှပ်စား တစ်ယောက်လို ခိုင်းချင်ရာ ခိုင်းလို့ ရမယ်များ ထင်နေသလား'

မိန်းကလေး ဒေါပွသွားသည်။

'ရှင်....ကျွန်မခိုင်းတာ မလုပ်ရင် သေသွားလိမ့်မယ်'

'ဟား....ဟား....ဟား....'

လောက်တာ့ သဘောကျစွာ ရယ်မောလိုက်လေသည်။

မိန်းကလေး မျက်မှောင်ကြုတ်သွားသည်။

'မင်း....ဘာရယ်တာလဲ'

'ရယ်စရာ ကောင်းလို့ပေါ့'

'ဘာ....ဘာပြောတယ်'

မိန်းကလေးမှာ ဒေါပွပွနှင့် ပြန်အော်လိုက်၏။

လောက်တာ့က လှောင်ပြုံးပြုံးလိုက်ပြီး....

'မင်း ငါ့ကို အဆိပ်ခတ်ထားတယ်ဆိုရင် ငါသေသွားတာ ကြာပြီပေါ့'

ဤတွင် မိန်းကလေးသည် ခွက်ထိုးခွက်လန် ရယ်မောလိုက်လေတော့သည်။

ယခုတစ်ကြိမ် အံ့ဩသွားရသူမှာ လောက်တာ့ ဖြစ်လေသည်။

'မင်း ဘာရယ်တာလဲ'

မိန်းကလေးက မျက်နှာပိုးသပ်လိုက်ပြီး....

'ရယ်စရာကောင်းလို့ ရယ်တာပေါ့'



'ဘာ....'

မိန်းကလေးက....

'အဆိပ်မိထားတယ်ဆိုတာကို မယုံဘူးဆိုရင် ရှင့်ရဲ့ရင်ဘတ်ကို ပြန်ကြည့်လိုက်ပါဦး'

လောက်တာ့ တွေဝေသွား၏။

မိန်းကလေးက မဲ့ပြုံးပြုံးကာ...

'ရှင့်ရဲ့ရင်ဘတ်မှာ အဆိပ်စုဝေးတဲ့ လက္ခဏာအဖြစ် အနီစက်ကလေးတစ်စက်ကို တွေ့ရလိမ့်မယ်၊ ငါပြောသလို မတွေ့ရင် မင်းကြိုက်သလိုလုပ်နိုင်တယ်'

လောက်တာ့ မနေနိုင်တော့ပါ။

ချက်ချင်းပင် အင်္ကျီရင်ဘတ်ကို ဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ အသည်းနှလုံး နေရာတည့်တည့်ရှိ ရင်ဘတ်အရေပြားပေါ်တွင် ပဲကြီးစေ့ခန့်ရှိ အနီစက်ကလေးတစ်စက် ဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟာ...'

လောက်တာ့မှာ ထိတ်လန့်အံ့ဩစွာ လွှတ်ခနဲ အော်လိုက်မိလေသည်။

မိန်းကလေးက လှောင်ပြုံးပြုံးရင်း....

'ကဲ....မင်းဘာပြောချင်သေးသလဲ'

လောက်တာ့မှာ တစ်ကိုယ်လုံး ပျော့ခွေသွားသလို ခံစားလိုက်ရလေသည်။

မိန်းကလေးအား နာကြည်းစွာကြည့်ရင်း....

'မင်း တော်တော်ရက်စက်ပါလား'

မိန်းကလေးက ခစ်ခနဲရယ်ရင်း....

'ဟုတ်တယ်၊ ငါ့ရဲ့ အကြောပြတ်အဆိပ်ဆေးကို ရက်စက်တယ်လို့ လူတိုင်းက ပြောနေကြတယ်'

'ဘာ...'

ထိုစကားကြောင့် ပို၍ ထိတ်လန့်တုန်လှုပ်သွား၏။

အကြောပြတ်အဆိပ်ဆေးသည် အလွန်ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်ကြောင်း သူကြားဖူးထားသည်။

အဆိပ်မိပါက ချက်ချင်းသေဆုံးသွားခြင်းမရှိဘဲ ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများသည် တစ်ခုစီတစ်ခုစီ တဖြည်းဖြည်းပျက်စီးကာ ဝေဒနာအပြင်းအထန်ခံစားရပြီးမှ သေဆုံးသွားရလေ့ရှိရာ အလွန်ရက်စက် ကြမ်းကြုတ်သော အဆိပ်ဆေးဟု သိုင်းလောကသားများက သတ်မှတ်ထားကြလေသည်။

မိန်းကလေးက သဘောကျစွာ ပြုံးလိုက်ပြီး....

'မင်း တော်တော် ကြောက်သွားပြီလား၊ ဟင်း....ဟင်း.... ဘာမှမပူပါနဲ့၊ ငါ့စကားကို နားထောင်မယ်၊ ငါခိုင်းတာကို တစ်သဝေမတိမ်းလုပ်မယ်ဆိုရင် အဆိပ်ဖြေဆေးပေးဖို့ ငါ ဝန်လေးမှာ မဟုတ်ပါဘူး'

လောက်တာ့သည် ကြက်နာကြီးလည်လိမ်ထားသလို ဖြစ်နေရာမှ ချက်ချင်း ခေါင်းထောင်လာသည်။

ချက်ချင်းပင် ယုန်ကလေးပြေးဝင်သွားသည့် ချုံပုတ်များကြားသို့ တိုးဝင်သွားလေတော့သည်။



မိန်းကလေးက သဘောကျစွာ ပြုံးနေ၏။

လောက်တာ့သည် သူမ၏စကားကို မလွန်ဆန်ဝံ့ဘဲ သူမစေခိုင်းသမျှ ပြုလုပ်နေပြီ မဟုတ်ပါလား။

မှန်ပါသည်။

လောက်တသည် ထိုအချိန်မှစ၍ မိန်းကလေး၏ အခိုင်းအစေတစ်ယောက်ပမာ ဖြစ်လာလေတော့သည်။

မိန်းကလေးစေခိုင်းသည့် ကိစ္စအရပ်ရပ်အား ပျပ်ဝပ်ကျိုးနွံစွာ တစ်သဝေမတိမ်း ဆောင်ရွက်ပေးလေသည်။

မိန်းကလေးအတွက် လုပ်ကိုင်ပေးနေသူတစ်ယောက် တိုးလာခြင်းကြောင့် ဖုကျဲလည်း အနည်းငယ် အသက်ရှူပေါက်ချောင်သွားရပေတော့သည်။

....o....

မိန်းကလေးသည် ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း တစ်စထက်တစ်စ ပို၍ ထင်ရှားပေါ်လွင်လာသည်။

အကြောင်းမှာ....

သူမသည် လောက်တာ့အား စေခိုင်းပြီး တိရစ္ဆာန် ငယ်ကလေးများအား နေ့စဉ် သတ်ဖြတ် စားသောက်နေသောကြောင့် ဖြစ်လေသည်။

ဖုကျိုမှာ သတ်သတ်လွတ်စားသော ကပ္ပိယတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ကြမ်းကြုတ်သော မိန်းကလေးအား မည်သို့မျှ သဘောမကျနိုင်အောင် ဖြစ်နေရလေသည်။

မိန်းကလေး၏ အပြုအမူကို သည်းမခံနိုင်တော့သည့် နောက်ဆုံး....

'ကဲ....ဘွားဘွား၊ အခုဆိုရင် ဘွားဘွားအတွက် လိုလေသေးမရှိ လုပ်ကိုင်ပေးမယ့်သူ ရှိနေပြီ၊ ဒါကြောင့် ကျွန်တော်လဲ သွားစရာရှိတာ သွားလိုက်ဦးမယ်'

ဖုကျိုက ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေ၏။

'ရပ်လိုက်စမ်း'

မိန်းကလေး၏ ဟန့်တားသံ ထွက်ပေါ်လာ၏။

သို့သော် ဖုကျိုသည် လုံးဝ ဂရုမစိုက်ဘဲ ဆက်၍ ထွက်သွားရာ....



မိန်းကလေး ဒေါသထွက်လာလေသည်။

'မင်း....သေချင်ပြီလား....'

ယခုတစ်ကြိမ်၌ ဖုကျိုသည် ခြေလှမ်းရပ်ကာ နောက်လှည့်ကြည့်လိုက် လေသည်။

မိန်းကလေးက မျက်ထောင့်နီကြီးဖြင့် ကြည့်နေသည်ကို တွေ့ရသည့်အခါ နှာခေါင်းရှုံ့လိုက်ပြီး....

'ဘွားဘွားကသာကြောင့်အခုချိန်ထိတောင် ကျွန်တော့်ကို ဒုက္ခပေးချင် နေရသေးတာလဲဗျာ....'

မိန်းကလေးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ကာ....

'မလိုချင်ဘူး မင်းမသွားရဘူး'

'ကျွန်တော့်ကို ဘွားဘွားက တစ်သက်လုံး ခေါ်ထားတော့မလို့လား'

ဖုကျိုသည် မိန်းကလေး၏ အတင်းအကျပ်ဟန့်တားမှုကြောင့် ဒေါသ ထွက်နေလေတော့သည်။

ဖုကျို ဒေါသထွက်နေမှန်း သိသည့်အခါ မိန်းကလေးက မျက်နှာချိုသွေးပြီး ပြန်လည် ချော့မော့လေသည်။

'မဟုတ်ပါဘူးကွယ်၊ အချိန်တန်တော့ မင်းသွားချင်ရာကို သွားခွင့်ပြုမှာပါ၊ ဒါနဲ့ ခုနှစ်ရက်လောက်ဆက်ပြီး နေပါဦး'

'ကျွန်တော်က ဘွားဘွားအတွက် လိုအပ်တော့တာမှ မဟုတ်တာ၊ လောက်တာ့က လိုအပ်တာအကုန် လုပ်ပေးနေတယ် မဟုတ်လား'

မိန်းကလေး လက်ကာ ပြလိုက်သည်။

'မင်းပြောတာ မှားနေပြီ သူ့ကို ဝါခိုင်းလို့ရတာ မှန်တယ်၊ ဒါပေမယ့် စိတ်ချယုံကြည်ရတာမှ မဟုတ်ဘဲ....'

'ဪ... သူ့ကို စိတ်မချဘူးဆိုတော့ ကျွန်တော့်ကိုတော့ စိတ်ချတယ် ဆိုပါတော့'

မိန်းကလေး ခပ်သွက်သွက်ပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းကို ငါယုံကြည်တယ်'

သူမ၏ စကားကြောင့် ဖုကျိမှာ မည်သို့ ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

မိန်းကလေးက ဖုကျိကို အကူအညီ တောင်းဟန်ဖြင့် ကြည့်ကာ ဆက်၍ ပြောလိုက်ပြန်၏။

'နောက်ထပ် ခုနစ်ရက်လောက် လေ့ကျင့်လိုက်မယ် ဆိုရင် ငါ အသက်နှစ်ဆယ်ကျော်အရွယ်အတွင်းအား အခြေအနေကို ငါ ပြန်ရလာမှာပဲ၊ အဲဒီအချိန်ကြရင် မင်းသွားချင် သွားပေါ့'

သူမသည် သူမ၏မျက်နှာကို ပြန်လည် လက်ညှိုးညွှန်ပြရင်း....

'ငါ့ကို သေသေချာချာ ကြည့်စမ်းပါ'

သူမ၏ စကားကြောင့် ဖုကျိက အူကြောင်ကြောင်ဖြင့် လှမ်းကြည့်သည်။

'ငါ့ရဲ့ ရုပ်ရည်ဟာ မင်းနဲ့တွေ့ကာစ အချိန်ကလို မဟုတ်ဘဲ ပြောင်းလဲတယ်ဆိုတာ သတိမထားမိဘူးလား'



ပြောစရာပင် မလိုပါ၊ ဖုကျိ သတိထားမိသည်မှာ ကြာပြီ ဖြစ်သည်။

ထို့ကြောင့် ဘာမှမပြောဘဲ နေလိုက်လေသည်။

'ငါမေးတာ ဖြေစမ်းပါဦး'

မိန်းကလေးက အားမလို အားမရဖြင့် ထပ်မေးလိုက်၏။

ဖုကျိ မနေနိုင်တော့ပါ။

'ဟုတ်တယ်ဗျားဗျား၊ အရင်ကထက်စာရင် အသက်နည်းနည်း ပိုကြီးလာသလိုပဲ၊ ဒါပေမယ့် အရုပ်ကတော့ အရင်အတိုင်းပဲဗျ....'

ဖုကျိ၏ စကားကြောင့် မိန်းကလေးက သဘောကျစွာ ပြုံးလိုက်သည်။

'မင်းမဆိုးဘူး၊ လူကဲ ခတ်တတ်သားပဲ'

သူမသည် ခစ်ခနဲတစ်ချက် ရယ်မောလိုက်ပြီး....

'ငါ့ရဲ့ အရုပ်က အသက်တစ်ရာအရွယ်ရောက်လဲ အခုထက် ပိုပြီး ရှည်လာနိုင်မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ငါဟာ နတ်တောင်သခင်မ ဖြစ်နေလို့ပေါ့....'

'ဗျာ....'

'ဟာ....'

ဖုကျိနှင့် လောက်တာ့တို့ အထိတ်တလန့် ရေရွတ်လိုက်မိကြလေသည်။

နတ်တောင်သခင်မသည် အရပ်အလွန်ပုသူ ဖြစ်ကြောင်း လူတိုင်း သိထားကြသည်။

အသက်ကိုးဆယ်ကျော်အရွယ် အဘွားအိုတစ်ယောက် ဖြစ်သော်လည်း ကလေးတစ်ယောက်၏ အရပ်အမောင်းခန့်သာရှိ၍ အချို့က သူမအား ပုံပြင်ထဲမှ နတ်မိမယ် ဘွားဘွားနှင့် ခိုင်းနှိုင်း ပြောဆိုကြလေသည်။

လောက်တာ့သည် နတ်တောင်သခင်မအား အံ့ဘုရန် ကြိုးစားခဲ့သူ တစ်ယောက် ဖြစ်သည်။

သူ၏ရှေ့မှ မိန်းကလေးမှာ နတ်တောင်သခင်မှန်း သိလိုက်ရသည့်အခါ သူသည် မယုံကြည်နိုင်အောင် ဖြစ်သွားသဖြင့် ထိတ်လန့်တုန်လှုပ်မှုများလည်း ဖြစ်ပေါ်သွားရ၏။

'ငါဟာ နတ်တောင်သခင်မဆိုတာ မင်းတို့ သိကြပြီမဟုတ်လား၊ ဘာကြောင့် ငါ့ရှေ့မှာ ဒူးထောက်ပြီး အရိုအသေ မပြုကြသေးတာလဲ'

မိန်းကလေးက အမိန့်ပေးသံဖြင့် ပြောလိုက်၏။

ဖုကျိုက နတ်တောင် သခင်မအကြောင်း သိသူမဟုတ်၍ ကြောက်ရွံခြင်းအလျှဉ်း မရှိချေ။

ခပ်တည်တည်ပင် ရပ်နေလေသည်။

အကြောင်းသိထားသော လောက်တာ့မှာမူ မျက်နှာပျက်သွားပြီး ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

ချက်ချင်းပင် မြေပေါ် ဒူးထောက် ချလိုက်ပြီး....



'ကျုပ်က သခင်မမှန်း မသိလို့၊ ခုလို လုပ်ခဲ့မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

လောက်တာ့သည်ပြောရင်း ဦးသုံးကြိမ် ချလိုက်လေသည်။ ဖုကျိုမှာ လောက်တာ့ကို ကြည့်ရင်း ခံပြင်းသွားမိ၏။

မိန်းကလေးက သူ့ကို အရေးမစိုက်ပါ၊ လောက်တာ့ကိုသာ စူးစိုက် ကြည့်လိုက်ပြီး....

'အေး....နတ်တောင်နန်းတော်ကို မင်းရောက်လာတဲ့အချိန်မှာ ငါဟာလဲ အခက်အခဲတွေ့နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတော့ မင်း ဖမ်းခေါ်လာတာကို မခုခံဘဲ အသာတကြည် လိုက်လာခဲ့တာပေါ့၊ ဟင်း....ဟင်း....မင်းက ငါ့ကို သတ်ဖို့ခေါ်လာတာ မဟုတ်လား'

လောက်တာ့မှာ အကြီးအကျယ် မျက်စိချက်နှာ ပျက်လျက် ရှိနေတော့၏။

'ကျုပ်....ကျုပ်....'

'ရယ်စရာတော့ အကောင်းသား၊ မင်းခေါ်လာလို့ ငါ့ အသက်ဘေးက လွတ်ခဲ့ရတာ၊ ကိုယ့်ကိုသတ်ဖို့ ခေါ်ထုတ်လာတဲ့ လူကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ'

သူမ၏စကားကို လောက်တာ့ ကောင်းစွာ နားမလည်ပါ။ သို့သော် မေးလည်း မမေးဝံ့သဖြင့် အသာပင် ငြိမ်နေလိုက်လေသည်။

သူ့နဖူးပေါ်တွင် ချွေးစေးများ စို့ရွှဲနေ၏။

နတ်တောင်သခင်မအား အခံသည့်အပြစ်သည် သေဒဏ်မှလွဲ၍ အခြားအပြစ်ဒဏ် ရှိနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် လောက်တာ့သည် မိမိမိုက်ပြစ်အတွက် မှားပြီဟု သူ့ဆကာ ကြောက်ရွံ့ ထိတ်လန့်နေခြင်းဖြစ်သည်။

ဖုကျိမှာ မိန်းကလေး၏ ကြီးကျယ် မောက်မာပုံကို ဘဝင်မကျနိုင်ဘဲ ဖြစ်နေ၏။

ထို့ကြောင့် ထွက်သွားရန် ဟန်ပြင်လိုက်၏။ ဤတွင် မိန်းကလေးသည် သူ့အား သတိပြုမိသွားပြီး....

'ဒါက ဘယ်လဲ'

ဖုကျိ ခြေလှမ်းရပ်သွားပြန်သည်။

'ဘွားဘွားကို အခိုင်းအစေ မိန်းကလေးတစ်ယောက်လို့ ထင်ပြီး သနားတာနဲ့ ကျွန်တော် ကူညီနေတာ၊ လူတကာကြောက်ရွံ့ ရိုသေကြရတဲ့ နတ်တောင်သခင်မဖြစ်နေတော့ ဆက်ပြီး ကူညီစရာ မလိုတော့ဘူး ထင်ပါတယ်'

ဖုကျိက ဘွင်းဘွင်း ပြောချလိုက်လေသည်။

မိန်းကလေးသည် သူ့အား စိတ်ဆိုးသွားပုံမရှိပါ။ သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'မင်း တကယ်သွားတော့မှာလား'

'ဟုတ်တယ်၊ ကျွန်တော့်လို အညတရ ကပ္ပိယလေး တစ်ယောက်က နာမည်ကျော် နတ်တောင်သခင်မကို ကာကွယ်



စောင့်ရှောက်နေရဘယ်ဆိုတာ ရယ်စရာကြီးပါဗျာ၊ ဘုစ္ဆိဘမသိနဲ့ကူညီရတာ သိပ်အကြောင်းမဟုတ်ပါဘူး၊ အခုလိုသိပြီးမှ ဆက်နေမယ်ဆိုရင် ကျွန်တော်ဟာ ပေါချာချာ လူဘစ်ယောက် ဖြစ်နေတော့မှာပေါ့'

မိန်းကလေးသည် လောက်တာ့အား လှမ်းကြည့်လိုက်ပြီး....

'ငါတို့ အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ မင်း တစ်နေရာမှာသွားပြီး ရှောင်နေလိုက်ပါ'

မိန်းကလေး လှမ်းပြောလိုက်ရာ လောက်တာ့သည် ချက်ချင်းပင် ဦးညွှတ်ကာ ထွက်သွားလေသည်။

ထိုအခါမှ မိန်းကလေးက ဖုကျိဘက်သို့ ပြန်လှည့်လိုက်ပြီး....

'မင်းကို ငါ ပြောစရာရှိတယ်၊ ငါ့စကားကို သေသေချာချာ နားထောင်ပါ၊ ဆုံးအောင် နားထောင်ပါ'

မိန်းကလေးက အလွန်ချိုသာသောအသံဖြင့် ပြောလိုက်လေသည်။

ဖုကျိသည် ငြင်းဆန်ခြင်း မပြုနိုင်တော့ဘဲ....

'ပြောပါ၊ ကျွန်တော် နားထောင်ပါ့မယ်'

'မင်းက ငါ့ရဲ့အသက်ကို ကယ်လာခဲ့တာ အမှန်ပါပဲ'

ဖုကျိသည် ထိုစကားမျိုးကို ကြားလို၍ ကူညီခဲ့ခြင်းမဟုတ်ပါ။

'ငါဟာ အင်မတန်ထက်မြက်တဲ့ မိုးမြေအတွင်းအားကို လေ့ကျင့်ခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ၊ ထိုက်ထိုက်တန်တန်လဲ အောင်မြင်မှုတွေရခဲ့တယ်၊ ဒါပေမယ့် အဓိက ချွတ်ယွင်းချက်ကြီးတစ်ရပ်နဲ့လဲ ကြုံခဲ့ရတယ်၊ လေ့ကျင့်လို့ အောင်မြင်လေလေ ချွတ်ယွင်းချက်ကလဲ ကြီးမားလာလေလေပဲပေါ့'

မိန်းကလေးက ဆက်ပြောလိုက်ခြင်းဖြစ်သည်။

သူမ၏စကားကို ဖုကျိုက စိတ်ဝင်စားမှုရှိမရှိ အကဲခတ်ကြည့်လိုက်၏။

ဖုကျိုက စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောလေသည်။

'ငါအသက် နှစ်ဆယ်အရွယ်ကစပြီး မိုးမြေအတွင်းအားပညာကို လေ့ကျင့်ခဲ့တာ တစ်စထက်တစ်စ တတ်ကျွမ်းနားလည်လာတယ်၊ လေ့ကျင့်တဲ့ရက်တွေ ကြာလာလေလေအတွင်းအား တိုးတက်လာလေလေပဲ၊ ဒါပေမယ့် အသက်သုံးဆယ့်ငါးနှစ် ရောက်တဲ့အခါကြမှ အဓိကချွတ်ယွင်းချက်ကို စတွေ့ရတော့တာပဲ'

'ဘယ်လိုချွတ်ယွင်းချက်လဲ'

ဖုကျိုက လွှတ်ခနဲ မေးလိုက်မိလေသည်။

မိန်းကလေးက...

'မိုးမြေအတွင်းအားပညာ လေ့ကျင့်ခဲ့လို့ အချိန် နှစ်ဆယ့်ငါးနှစ်တိတိ ပြည့်တဲ့နေ့မှာ ဖြုန်းစားကြီး ဆိုသလို သူငယ်ပြန်သွားတယ်'



'ဗျာ....'

ဖုကျိုပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မိန်းကလေးက ဆက်ပြောသည်။

'ငါလဲ မထင်မိဘူး၊ ငါ့ရဲ့သိုင်းပညာ လုံးဝမရတော့ဘူး၊ ငါ့စိတ်တွေလဲ ကလေးစိတ် ဝင်လာတယ်၊ အံ့သြစရာကောင်းအောင် နုပျိုသွားတယ်၊ မင်းနဲ့ တောက်တော့တို့ ငါ့ကို ကလေးမတစ်ယောက်လို့ ထင်ခဲ့မိတာ အပြစ်မဆိုသာပါဘူး၊ အဲဒီကုန်းကတော့ နှစ်ဆယ့်ငါးရက်လုံးလုံး သူငယ်ပြန်နေခဲ့တယ်'

'နောက်တော့ကော'

ဖုကျိုမှာ စိတ်ဝင်စားမှုကို ထိန်းချုပ် မထားနိုင်တော့ဘဲ ခပ်လောလောပင် မေးလိုက်မိ၏။

မိန်းကလေးက....

'ငါအသက် ခြောက်ဆယ်ပြည့်တဲ့အချိန် ပညာလေ့ကျင့်သက် ငါးဆယ်ပြည့်တဲ့အချိန်မှာ နောက်တစ်ခါထပ်ဖြစ်တယ်၊ အဲဒီတန်းက ရက်ပေါင်း ငါးဆယ်တိုင်အောင် သူငယ်ပြန်နေခဲ့တယ်'

'ဒါဆို ဘွားဘွားလေ့ကျင့်ခဲ့တာ နှစ်ဆယ့်ငါးနှစ် ကြာတိုင်း တစ်ကြိမ်ဖောက်ပြန်တဲ့ သဘောပေါ့'

'မင်းပြောတာ မှန်တယ်၊ ပညာရင့်လာလေလေ နှစ်ကြာလာလေလေ၊ သူငယ်ပြန်တဲ့ ရက်လဲ ပိုများလာလေလေပဲကွယ့်'

‘ဒါဖြင့် အခုလဲ ဘွားဘွား သူငယ်ပြန်တာပဲပေါ့’

‘အေးပေါ့...အခုတစ်ခါ ပညာလေ့ကျင့်တဲ့အချိန် နှစ်ဆယ့်ငါးနှစ်ရှိပြီဆိုတော့ ခုနှစ်ဆယ့်ငါးရက်လုံးလုံး သူငယ်ပြန်နေဦးမှာပဲ’

‘ဟာ....ဒီလောက်ကြာအောင် သူငယ်ပြန်နေမယ်၊ ဆိုင်းပညာ အသုံးပြုလို့ မရဘူးဆိုရင် ဘွားဘွား ဒုက္ခရောက်သွားမှာပေါ့’

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

‘ဒါကြောင့် မင်းကို ထွက်မသွားပါနဲ့လို့ ပြောနေတာပေါ့’

ဖုကျိ မျက်လုံးပြူးသွားလေသည်။

‘ဒါဆိုရင် ကျွန်တော်က ခုနစ်ဆယ့် ငါးရက်လုံးလုံး ဘွားဘွားနဲ့ အဖော်ပြု နေရမှာလား’

ဖုကျိက အထိတ်တလန့် မေးလိုက်မိလေသည်။

ဖုကျိမှာ မိန်းကလေး၏အကျင့်စရိုက်ကို မနှစ်မြို့ခြင်းကြောင့် ရက်ရှည်လများ အတူတကွနေရမည်ကို လုံးဝ မလိုလားနိုင်ပေ။

‘ဘယ်လိုလဲ၊ ငါ့ကို ကူညီမယ်မဟုတ်လား’

မိန်းကလေးက အားကိုးတကြီးမေးလိုက်ရာ....

‘ဟာ....’

ဖုကျိအနေဖြင့် ပစ်ပစ်ခါခါ မငြင်းရက်နိုင်အောင် ဖြစ်သွားရ၏။



အခက်အခဲဒုက္ခ ကြုံတွေ့နေရသူအား တတ်စွမ်းသရွေ့ ကူညီရမည်ဟူသော အသိစိတ်သည် သူ့ရင်ထဲ၌ ခိုင်ခိုင်မြဲမြဲ ရှိနေ၏။

ထို့ကြောင့် ဇွတ်မှိတ်ငြင်းရမည်ကို ဝန်လေးနေမိလေသည်။

‘ကူညီလက်စနဲ့ ဆက်ပြီးကူညီဖို့ ငါတောင်းပန်ပါတယ်၊ ကဲ...ဘယ်လိုလဲ’

မိန်းကလေးက အားကိုးတကြီး ဆက်၍ပြောသည်။

ဖုကျိ သက်ပြင်းမျှင်းမျှင်း ချလိုက်မိသည်။

‘ကျွန်တော့်ရဲ့ဆိုင်းပညာက ဟုတ္တိပတ္တိ မရှိပါဘူးဗျာ၊ ဘွားဘွားကို ရန်ပြုမယ့်လူတွေဟာ ထိပ်တန်းဆိုင်းသမားတွေချည်းပဲ၊ ကျွန်တော် ဘယ်လိုလုပ် ကူညီရမလဲ’

မိန်းကလေး၏မျက်နှာမှာ လေးနက်တည်ကြည်လာ၏။

‘မင်းရဲ့အတွင်းအားဟာ ထိပ်တန်းအဆင့်ထက်တောင် သာလွန်ပါသေးတယ်၊ အတွင်းအား ပြည့်စုံပြီးသွားဆိုတော့ ဆိုင်းကွက်တွေကို လေ့ကျင့်သင်ကြားဖို့ မခဲယဉ်းပါဘူး၊ မင်းကို ငါသင်ပေးမယ်လေ’

‘ဗျာ....ကျွန်တော့်ကိုသင်ပေးမယ် ဟုတ်လား’

ဖုကျိက မယုံကြည်နိုင်ဟန်ဖြင့် ပြန်မေးသည်။

‘အေးပေါ့၊ မင်းတတ်မြောက်သွားမယ်ဆိုရင် ဒုက္ခပေးမယ့်လူတွေနဲ့ ရင်ဆိုင်နိုင်မှာပေါ့’

မိန်းကလေး၏စကားကို ဖုကျိ စိတ်ဝင်စားလာသည်။

အချို့လူများသည် သိုင်းပညာအားကိုးဖြင့် ထင်ရာစိုင်းတတ်ကြကြောင်း ကြားဖူးထားသဖြင့် ဖုကျိမှာ သိုင်းပညာသင်ကြားလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

'မင်း သင်မယ်မဟုတ်လား'

မိန်းကလေးက မေးလိုက်သောအခါ ဖုကျိမှာ မဆိုင်းမတွပင် ခေါင်းညိတ်လိုက်သည်။

'သင်ပါ့မယ်ဗျာ'

....o....

မိန်းကလေးသည် ဖုကျိအား အတွင်းအားလှည့်ပတ်မှုပညာကို ပထမဦးစွာ သင်ကြားပေးလေသည်။

သိုင်းသမားတစ်ယောက်အဖို့ ခန္ဓာကိုယ်တွင်း၌ ကိန်းအောင်းနေသည့် အတွင်းအားများကို လိုအပ်သလို ထုတ်ဖော်အသုံးပြုနိုင်ရန် အထူးပင် လိုအပ်လှပေသည်။

ထိုအချက်ကို သင်ကြားပေးခြင်းဖြစ်သည်။



ထို့ပြင် သွေးကြောပညာ၊ ကိုယ်ဖော့ပညာ စသည့် အဓိကအရေးပါသော သိုင်းပညာရပ်များကို သင်ကြားပေးလေသည်။

ဖုကျိသည် မိန်းကလေးသင်ကြားပေးသမျှ ကြိုးစား၍ ကျက်မှတ် လေ့ကျင့်သည်။

ဤသို့ဖြင့် ဆယ်ရက်ခန့် ကြာသောအခါ ဖုကျိသည် ခန္ဓာကိုယ်အတွင်းမှ အတွင်းအားများကို လိုအပ်သလို လှည့်ပတ်အသုံးပြုလာနိုင်လေသည်။

အတွင်းအားကို လိုရာသို့ ပို့ဆောင်နိုင်စွမ်းရှိလာသည်။

မိန်းကလေးမှာလည်း နေမွန်းတည့်ချိန်ရောက်တိုင်း မိုးမြေအတွင်းအားပညာကို လေ့ကျင့်ခဲ့ရာ ဆယ်ရက်ကြာသောအခါ သူမ၏ရုပ်ရည်မှာ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက်၏ ရုပ်သွင်သို့ တဖြည်းဖြည်း ပြောင်းလဲသွားလေတော့သည်။

o....

တစ်ခုသောမွန်းလွဲချိန်တွင် မိန်းကလေးသည် မိုးမြေအတွင်းအားပညာကို လေ့ကျင့်ပြီးသွား၍ ထိုင်ရာမှထလိုက်၏။

မလှမ်းမကမ်း၌ ရပ်တန့်ကာ စောင့်ရှောက်နေကြသည့် ဖုကျိနှင့် လောက်တာ့တို့အား လှမ်းကြည့်လိုက်သည်။

'ငါတို့ ဒီမှာရှိနေတာ တော်တော်ကြာသွားပြီ၊ မကြာခင် ရန်သူရောက်လာတော့မှာ သေချာတယ်၊ တို့သွားမှဖြစ်မယ်'

လောက်တာ့ မျက်မှောင်ကြုတ်သွား၏။

မိန်းကလေးအား ရန်ရှာခဲ့ကြသည်မှာ သူတို့လူစုသာ ဖြစ်လေသည်။

ယခုဆိုလျှင် သူကိုယ်တိုင်လည်း အဖမ်းခံနေရပြီ ဖြစ်သည်။

သူ၏မိတ်ဆွေများလည်း သေသူသေ၊ ဒဏ်ရာရသူရကာ ထွက်ပြေးကုန်ကြပြီ ဖြစ်သည်။

မိန်းကလေးအား ရန်ပြုမည့်သူ မရှိတော့ပါ။

သို့ပါလျက် သူမသည် အဘယ့်ကြောင့် ရန်သူ လိုက်လာနေသည်ဟု ထပ်ခါတလဲလဲ ပြောနေရပါသနည်း။

'မြန်မြန်လုပ်၊ တို့သွားကြမယ်'

မိန်းကလေးက ပြောပြောဆိုဆိုဖြင့် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဖုကျိက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလိုက်၏။

ဝန်းကျင်တွင် စိမ်းလန်းသောသစ်တောများ၊ တောင်ကုန်းတောင်တန်းများ ဖုံးလွှမ်းလျက်ရှိသည်။



လူသူကင်းဝေးပြီး အေးချမ်းသာယာသော နေရာတစ်ခု ဖြစ်သည်။

မိန်းကလေးအနေဖြင့် ဤနေရာ၌ဆက်နေလျှင် ပို၍လုံခြုံနိုင်သည်ဟု ယူဆမိ၏။

'ဒီနေရာထက် ပိုပြီးစိတ်ချရတဲ့နေရာ ရှိသေးလို့လား'

ဖုကျိက ပြန်လည် မေးခွန်းထုတ်လိုက်၏။

မိန်းကလေး ပြုံးလိုက်သည်။

'ရှိတာပေါ့'

'ဘယ်မှာလဲ'

'မပူနဲ့၊ ငါလမ်းပြပေးမယ်'

ဖုကျိ စိတ်မရှည်နိုင်တော့ပါ။

'ကောင်းပြီလေ၊ ဒါဆိုလဲ သွားကြတာပေါ့'

ဖုကျိသည် ပြောပြောဆိုဆိုဖြင့် ခါတိုင်းကဲ့သို့ ပွေ့ချီရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ဖုကျိမှာ ချက်ချင်းပင် လက်ကိုရုပ်သိမ်းပြီး ကပျာကယာ နောက်ဆုတ်လိုက်၏။

'မင်း ဘာဖြစ်တာလဲ'

မိန်းကလေးက မျက်မှောင်ကြုတ်ရင်း မေးလိုက်ရာ....

'ဟို...ဟို....'

ဖုကျိ ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။

မိန်းကလေးက ရယ်မောလိုက်ရင်း....

'ခစ်...ခစ်... ခစ်... ဘာလဲ ငါ့ရုပ်က အပျိုလေးတစ်ယောက်လို ဖြစ်လာလို့ မင်း ရှက်ချိုနေတာလား'

ဖုကျိ၏မျက်နှာကြီး နီရဲသွားလေသည်။

'ဟာဗျာ'

'ငါဟာ အသက်ရှစ်ဆယ်ကျော် အဘွားကြီးတစ်ယောက်ပါကွ'

မိန်းကလေးက ရယ်ရယ်မောမောပင် ပြန်ပြောလိုက်သည်။

ဖုကျိ သက်ပြင်းချလိုက်သည်။

'ဘွားဘွားအာသာ သွားပါတော့ဗျာ'

'ခင်း ဘယ်လိုဖြစ်တာလဲ'

'ဘွားဘွား ပြောသလိုပဲပေါ့၊ အပျိုအရွယ်လေး ဖြစ်နေတော့ ကျွန်တော် ပွေ့ချီသွားလို့ ဘယ် သင့်တော်ပါ့မလဲ'

မိန်းကလေး ရယ်မောလိုက်လေသည်။

'မင်း ဘယ်လို ဖြစ်တာလဲ၊ ငါက အဘွားကြီးပါလို့ ပြောပြီးပြီပဲ'

'ကျွန်တော်....'

'စကားမရှည်နဲ့၊ ငါခိုင်းတာလုပ်စမ်း'

သူမသည် ဖုကျိ၏ ပခုံးပေါ်သို့ ခုန်တက်ရန် ဟန်ပြင်လိုက်လေသည်။

'မလုပ်ပါနဲ့ဗျာ'

ဖုကျိက ကပျာကယာ နောက်ဆုတ်သွားသည်။

မိန်းကလေးမှာ စိတ်မရှည်နိုင်သလို ဖြစ်သွားကာ....

'မင်း....မင်း....'



'ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် မပွေ့နိုင်တော့ပါဘူး'

မိန်းကလေး အော်ကြိတ်လိုက်သည်။

'မင်း....သေချင်ပြီထင်တယ်'

သူမသည် လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် ...

'အစ်မ ရ....အစ်မ ဘယ်မှာလဲ'

အဝေးမှ အသံတစ်သံ လွင့်ပျံလာသည်ကို ကြား လိုက်ရလေတော့သည်။

....●....

## ရန်သူတော်

'အစ်မလေး... အစ်မ.... ဘယ်မှာလဲဟင်'

အဝေးမှ ခေါ်သံ လွင့်ပျံ့လာလေသည်။

အသံသည် ပထမအကြိမ် ထွက်ပေါ်လာပြီး ဒုတိယအကြိမ် ထွက်ပေါ်လာသောအခါ ပို၍ နီးကပ်လာသည်ကို အားလုံး သတိ ပြုမိလိုက်ကြသည်။

'တောထဲတောင်ထဲ ဘယ်သူကများ လူပျောက်တာ လိုက်ရှာနေတာပါလိမ့်'

ဖုကျော်က ညည်းညူလိုက်ခြင်း ဖြစ်သည်။



လောက်တာ့က မိန်းကလေးကို လှမ်းကြည့်လိုက်၏။

မိန်းကလေးမှာ ဒေါပွသွားသည်။

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

မိန်းကလေးက လှမ်းဟောက်သဖြင့် ဖုကျော် အံ့သြသွား၏။

'ဘာဖြစ်လို့လဲဗျ'

'စကား မရှည်နဲ့၊ ပါးစပ် ပိတ်ထားလိုက်စမ်း'

ဖုကျို မကျေမနပ် ဖြစ်သွားသော်လည်း စောဒက မတက်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

'သူ့ရဲ့ ရန်သူဆိုတာပဲ ဖြစ်လိမ့်မယ်'

လောက်တာ့က တိုးတိုး ပြောလိုက်သည်။

'လက်စသတ်တော့ သူစိတ်ဆိုးနေတာ ဒါကြောင့်ကိုး'

ဖုကျို၏စိတ်ထဲမှ ရေရွတ်လိုက်ခြင်း ဖြစ်သည်။

မိန်းကလေးသည် အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်၏။

သူမ၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ဖြစ်ပေါ်နေသည်။

'ငါတို့ ဒီက မြန်မြန်ပြေးမှ ဖြစ်မယ်'

ဖုကျော်သည် လောက်တာ့၏ စကားကို ကြားထားရသဖြင့် မိန်းကလေး အဘယ့်ကြောင့် အသောတကြီး ထွက်ပြေးချင်ရသည်ကို မမေးဖြစ်တော့ချေ။

မိန်းကလေးက....

'ငါပြောနေတာ မကြားဘူးလား'

မိန်းကလေးက ဖုကျိအား အော်ငေါက်လိုက်လေသည်။

'ကြားပါတယ်ဗျာ'

'ကြားရင် ငါ့ကို ပွေ့ချီပြီး တောင်ကုန်းပေါ် ပြေးတက်သွားပါတော့လား'

'ဗျာ....'

'ဟော့....အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါခိုင်းသလို မြန်မြန်လုပ်စမ်း'

ဖုကျိ ခေါင်းခါ ယမ်းလိုက်သည်။

'မလုပ်ပါနဲ့ဗျာ၊ ကျုပ်က....'

'ဟွန်း....'

မိန်းကလေးသည် ဒေါသ မထိန်းနိုင်တော့သည့် အလား ဖုကျိအား ပါးရိုက်ချလိုက်လေသည်။

ဖုကျိမှာ ပါးပြင် ထူပူသွားခြင်းကြောင့် ဒေါပွသွားပြီး....

'ဘွားဘွား ဘယ်လို လုပ်လိုက်တာလဲဗျ'

မိန်းကလေးက ဖုကျိ၏စကားကို အရေးမစိုက်ဘဲ....

'ငါ့ကို မြန်မြန် ပွေ့ချီစမ်း'

'ဟာ....ဘယ်ဖြစ်မလဲဗျ'

'တောက်....မင်းသေချင်ပြီ ထင်တယ်'

မိန်းကလေးသည် ဖုကျိ၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်သည်။



ထိုစဉ်မှာပင်....

'အစ်မရေ...အစ်မ ဘယ်မှာလဲ'

ခေါ်သံမှာ ပို၍ ကျယ်လောင်လာသည်။

ခေါ်သံနှင့် မရှေးမနှောင်းမှာပင်....

အပြာရောင် ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင် လိုက်ရလေသည်။

မိန်းကလေးမှာ ဒေါသ ထွက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်လာလေတော့သည်။

ဖုကျိကို မကျေမနပ် စိုက်ကြည့်ကာ....

'မင်း လုပ်နေတာနဲ့ ဟိုမှာ လာနေပြီ၊ ငါက အသက် ကိုးဆယ်နီးပါးရှိတဲ့ အဘွားကြီး တစ်ယောက်ပါလို့ မင်းကို ဘယ်နှစ်ခါ ပြောရမလဲ၊ ခုနေပြေးရင် မီသေးတယ်၊ ငါ့ကို မြန်မြန် ပွေ့ချီလိုက်စမ်းပါ'

ဖုကျိ ငိုင်နေ၏။

သူမသည် အသက် ဆယ်နှစ်ကျော်အရွယ်မှ အသက်နှစ်ဆယ်ဒန်ရှိ မိန်းကလေးတစ်ယောက်အသွင် ပြောင်းလဲ လာသည်မှာ အမှန်ပင် ဖြစ်လေသည်။

လောကတွင်က နတ်တောင်သခင်မဖြစ်သည်ဟု ပြောခဲ့၏။

နတ်တောင်သခင်မသာ အမှန်တကယ် ဖြစ်ခဲ့မယ် ဆိုပါက သူမသည် အသက် ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး အဘွားကြီးတစ်ယောက် ဖြစ်နေပေလိမ့်မည်။

'မြန်မြန်လုပ်'

မိန်းကလေးက ဒေါသတကြီး အော်ငေါက်လိုက်ရာ သူမ၏ အသံသည် မိုးခြိမ်းသံအလား ထွက်ပေါ်လာ၏။

ဖုကျိ တွေဝေတုန့်ဆိုင်းမနေဝံ့တော့ပါ။

'ကောင်းပါပြီဗျာ'

ပြောပြောဆိုဆိုပင် မိန်းကလေးအား ပွေ့ချီရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'လက်စသပ်တော့ အစ်မက ဒီရောက်နေတာကိုး'

စကားသံနှင့်အတူ အဖြူရောင်ဝတ်ဆင်ထားသည့် အမျိုးသမီး တစ်ယောက် ရောက်ရှိလာလေတော့သည်။

'သူရောက်လာပြီပဲဗျာ၊ သွားစရာလိုသေးလား'

ဖုကျိက မေးလိုက်လေသည်။

မိန်းကလေးက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

'လိုတာပေါ့၊ ခုချက်ချင်းပြေးစမ်း'

'ကောင်းပြီ'

ဖုကျိက သူမစိတ်ချမ်းသာစေရန် ပွေ့ချီလိုက်လေသည်။

အဖြူရောင် အမျိုးသမီးက....

'မမ၊ ဘယ်ကိုသွားမလို့လဲဟင်၊ ညီမကိုစောင့်ပါဦး၊ မမကို တွေ့ချင်လို့ လိုက်ရှာနေရတာ မောနေပါပြီ မမရယ်'

အဖြူရောင် အမျိုးသမီးက လှမ်းပြောလေသည်။



သူမ၏ စကားသံမှာ အလွန်ယဉ်ကျေးသိမ်မွေ့သည့် အသွင်ဆောင်နေလေသည်။

နတ်တောင်သခင်မဆိုသည့် မိန်းကလေးကဲ့သို့ ကြမ်းကြမ်းရမ်းရမ်းရှိပုံ မရချေ။

သူတို့နှစ်ယောက်ကို ယှဉ်ကြည့်မည်ဆိုပါက အဖြူရောင် အမျိုးသမီးမှာ ပို၍ ခင်မင်ဖွယ်ကောင်းသည်ဟု ဖုကျိ ယူဆမိလေသည်။

'မြန်မြန်ပြေးစမ်းပါ'

နတ်တောင်သခင်မက ဖုကျိ၏ အင်္ကျီကိုဆွဲကာ အော်ပြောလေသည်။

သူမ၏မျက်နှာ ဖြူဖတ်ဖြူလျော်ဖြစ်နေ၏။

အလွန်အမင်း ကြောက်ရွံ့ ထိတ်လန့်နေပုံရလေသည်။

အဖြူရောင် အမျိုးသမီးက....

'အစ်မရယ်၊ ကျွန်မတို့နှစ်ယောက် ကွဲကွာနေကြတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ၊ ခုလို ပြန်ပြီးဆုံတွေ့ကြတုန်း ဘာကြောင့် ထွက်သွားချင်ရတာလဲ မမရဲ့'

နတ်တောင်သခင်မမှာ မသွားဘဲရပ်နေသည့် ဖုကျိကိုဒေါသထွက်လာပုံ ရ၏။

မျက်နှာထားတင်းသွားကာ....

'မင်း ဘာဖြစ်လို့ မသွားသေးတာလဲ'

'ဘွားဘွားတို့ ညီအစ်မနှစ်ယောက် ပြန်ဆုံတွေ့ကြတာပဲ မဟုတ်လားဗျာ၊ အေးအေးဆေးဆေးပေါ့'

ဖုကျိ၏ စကားကြောင့် နတ်တောင်သခင်မ ဒေါသထွက်သွားလေသည်။

'မင်း ဘာနားလည်လို့ ပြောနေတာလဲ၊ ဒီမိန်းမယုတ်က ငါ သူငယ်ပြန်မယ့် အချိန်ကိုရွေးပြီး တမင်လာခဲ့တယ်ဆိုတာ မှတ်ထား စမ်းပါ'

ထိုစကား ကြားသည့်အခါ အဖြူရောင် အမျိုးသမီးက ခေါင်းခါယမ်းလိုက်လေသည်။

'မမရယ်၊ ကျွန်မကို အထင်မလွဲပါနဲ့ရှင်၊ ကျွန်မတို့ ခွဲခွာနေကြရပေမယ့် မမကို တစ်နေ့မှ မမေ့ဘူးဆိုတာ ယုံပါရှင်'

'မယုံဘူး.... မယုံဘူး....'

နတ်တောင်သခင်မက အလျော့မပေးဘဲ ဇွတ်ငြင်းသည်။

ဖုကျိ စိတ်ပျက်သွား၏။

'တော်တော်ဆိုးတဲ့ ဘွားဘွားပဲ'

ဖုကျိ၏စိတ်ထဲမှ ရေရွတ်နေမိလေသည်။

အဖြူရောင် အမျိုးသမီးက....

'မမရယ်၊ ဒါက တိုက်ဆိုင်သွားလို့ ပါရှင်၊ ကျွန်မ အမြဲတမ်း သတိရနေတယ်ဆိုတာ ယုံပါရှင်၊ ခုလဲ မနေနိုင်တော့လွန်းလို့ မမနဲ့တွေ့ရအောင် ဝိုးတဝါးနန်းတော်ကို လာခဲ့တာပါ၊ မမ မရှိဘူးဆိုတော့....'



'ညည်းပါးစပ် ပိတ်ထားလိုက်စမ်း၊ ငါ သူငယ်ပြန်နေပြီ၊ သိုင်းပညာ အသုံးပြုလို့ မရဘူးဆိုတာသိလို့ ငါ့ကိုသတ်ဖို့ လာခဲ့တယ်ဆိုတာ ငါသိတယ်၊ အပိုတွေ ပြောမနေနဲ့'

'မမရယ်၊ ဘယ်လိုပြောလိုက်တာလဲ'

အဖြူရောင် အမျိုးသမီးက စိတ်မကောင်းဟန်ဖြင့် ညည်းညူသည်။

နတ်တောင်သခင်မက....

'ငါ့ကို ခေါ်သွားစမ်း'

ဖုကျိအား ခေါ်လိုက်၏။

ဖုကျိမှာ စောဒကမတက်ဝံ့လောက်အောင် ဖြစ်သွား၏။

'ကောင်းပါပြီဗျာ'

ပြောရင်း ပွေ့ချီရန် ဟန်ပြင်လိုက်လေသည်။

'နေဦး....'

အဖြူရောင် အမျိုးသမီးက ဟန့်တားလိုက်သည်။

နတ်တောင်သခင်မက....

'ငါ့စကားကိုမှ မင်းကမယုံတာ၊ သူက ငါ့ကို အလွတ်ပေးမယ်များ မှတ်နေသလား'

သူမသည် အဖြူရောင် အမျိုးသမီးကို စိုက်ကြည့်ရင်း....

'လီချူးထံ ဒီမှာဘာလဲ ကြည့်စမ်း'

သူမ၏ ဝဲဘက်လက်ဝါးကို ဖြန့်ပြလိုက်၏။

လီချူးထိအမည်ရှိ အဖြူရောင်အချိုးသမီးသည် နတ်တောင်သခင်မ၏ လက်သန်း၌ စွပ်ထားသည့် လက်စွပ်ကလေးကို တွေ့မြင် သွားသည်နှင့် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီးနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

နတ်တောင်သခင်မက ပြုံးလိုက်၏။

'ဘယ်လိုလဲ၊ ညည်း တွေ့တယ်မဟုတ်လား၊ ကဲ.... ဘာပြောချင် သေးသလဲ ပြောစမ်း'

နတ်တောင်သခင်မက အထက်စီးရသည့် လေသံမျိုးဖြင့်လည်း ပြောလိုက်သည်။

လီချူးထိ မျက်နှာပျက်နေ၏။

'ရှင်.... ရှင်ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ'

နတ်တောင်သခင်မက မဲ့ပြုံးပြုံးကာ....

'ငါ့ဘာသာ ဘယ်လိုပဲရရ၊ ထင်းတီချူးရဲ့လက်စွပ် ငါ့လက်ထဲ ရောက်နေပြီဆိုတာ ညည်းမြင်နေပြီပဲ၊ ဒီနေရာမှာ ဆက်နေဖို့ အကြောင်းမရှိတော့ဘူးဆိုတာ ညည်း နားလည်ထားစမ်းပါ'

'ရှင်....သူ့ကို သတ်ပစ်လိုက်ပြီပေါ့လေ'

လီချူးထိ၏ မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရုတ်တရက် ခက်ထန် တင်းမာ သွားလေသည်။

သူမ၏အသံမှာလည်း မိုးခြိမ်းသံပမာ ကျယ်လောင်လွန်းလှတော့သည်။



'ငါက ဘာကြောင့် သူ့ကိုသတ်ပစ်ရမှာလဲ၊ သူ့သဘောနဲ့သူ ငါ့ကိုပေးခဲ့တာ'

နတ်တောင်သခင်မက ပြန်ပြောလိုက်ရာ လီချူးထိက ခေါင်းခါလိုက်၏။

'မဖြစ်နိုင်ဘူး၊ ဒါ....လုံးဝမဖြစ်နိုင်ဘူး'

နတ်တောင်သခင်မက မဲ့လိုက်ပြီး....

'အပိုတွေ ပြောမနေနဲ့၊ လက်စွပ်ကိုတွေ့တယ် မဟုတ်လား၊ ခုချိန်ကစပြီး ငါ့စကားကို ညည်း နားထောင်ရမယ်'

သူမ၏ စကားအဆုံးတွင် အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး....

'ဝုန်း....'

'အမယ်လေး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

နတ်တောင်သခင်မသည် စူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

....o....

နတ်တောင်သခင်မ မြေပေါ်လဲကျသွားလေသည်။

ဖုကျိုနှင့် လောက်တာ့တို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

သူမ မည်သို့ တိုက်ခိုက်ခံလိုက်ရသည်ကိုပင် သူတို့မမြင်မတွေ့လိုက်ကြရပါ။

လီချူးထိ၏ လှုပ်ရှားမှုမှာ အံ့ဩဖွယ် ကောင်းလောက်အောင် လျင်မြန်လွန်းလှပေတော့သည်။

လီချူးထိသည် ဖုကျိုတို့အား ဂရုမစိုက်ဘဲ နတ်တောင်သခင်မအနီးသို့ ချဉ်းကပ်သွားလေသည်။

'မမ… ပြောစမ်းပါ၊ သူ ဘယ်လိုလုပ်ပြီး သေဆုံးသွားရတာလဲ၊ မမက သူ့ကိုလုပ်ကြံလိုက်တာလား'

ဖုကျို အံ့ဩသွား၏။

'လက်စသပ်တော့ လက်စွပ်ကလေးကြောင့် ဆရာကြီးထင်းတိချူးကို လုပ်ကြံတယ်လို့ အထင်မှားနေတာကိုး'

ထိုသို့ တွေးမိသည့်အခါ ဖုကျိုသည် မနေနိုင်တော့ဘဲ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

လီချူးထိက သူ့အားလှည့်ကြည့်လိုက်၏။

ဖုကျိုက ဦးညွှတ်ဂါရဝပြုကာ….

'ကျွန်တော် ရှင်းပြပါရစေဗျာ၊ ဆရာကြီး ထင်းတိချူး သေဆုံးသွားရတာ သူနဲ့ဘယ်လိုမှ မပတ်သက်ပါဘူး'



ဖုကျို၏ စကားကြောင့် လီချူးထိ မျက်မှောင်ကြုတ်သွား၏။

'မင်းက ဘယ်သူလဲ၊ ငါ့အစ်ကိုရဲ့နာမည်ကို ဘယ်လိုလုပ်သိတာလဲ ပြောစမ်း'

ဤတွင် နတ်တောင်သခင်မနှင့် လီချူးထိတို့သည် ထင်းတိချူးနှင့် ပတ်သက်နေကြသူများဖြစ်ကြောင်း ဖုကျို ရိပ်မိလာလေတော့သည်။

ထို့ကြောင့်….

'ကျွန်တော့်နာမည် ဖုကျိုလို့ ခေါ်ပါတယ်၊ ကိစ္စလေးတစ်ခုရှိလို့ ရှောင်လင်ကျောင်း….'

သူ့စကားဆုံးအောင် မပြောလိုက်ရပါ။

လီချူးထိက လက်ဝေ့ယမ်းလိုက်သည်နှင့် သူ၏ ခြေထောက်နှစ်ဘက်စလုံး ထုံကျဉ်သွားကာ မြေပေါ်ဒူးထောက်ကျသွားလေသည်။

ဖုကျို ထိတ်လန့်သွား၏။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ'

လီချူးထိ ပြုံးလိုက်သည်။

'ဩော်…မင်းဟာ ရှောင်လင်ကျောင်းက လူတစ်ယောက်ဆိုတော့ မင်းရဲ့ပညာ ဘယ်လောက်ရှိသလဲဆိုတာ သိရအောင် စမ်းကြည့်လိုက်တာပါ'

'ဟာ….ဘာဆိုင်လို့လဲဗျ၊ ကျုပ်စကားတောင် ဆုံးအောင် နားမထောင်ဘဲ ခင်ဗျားလုပ်ချင်တာ လုပ်တာကိုး'

'ပြောစမ်းပါဦး၊ မင်းကဘာပြောချင်သေးလို့လဲ'

လဝီချူးထိက မျက်နှာမဲ့ရင်း ပြောလိုက်၏။

'ကျုပ်က ရသေ့ကြီးခိုင်းလို့ ရှောင်လင်ကျောင်းကို သွားမလို့ပါ၊ ရှောင်လင်ကျောင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျုပ်ဟာ ရသေ့ကြီးရဲ့ ကပ္ပိယလေးပါ'

'ဩော်….မင်းက ကပ္ပိယလေးကိုး'

'ဟုတ်ပါတယ်ဗျ'

လဝီချူးထိက ဖုကျိုအား ဂရုမစိုက်တော့ဘဲ နတ်တောင်သခင်မဘက်သို့ လှည့်လိုက်သဖြင့် ဖုကျိုကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

လဝီချူးထိက နတ်တောင်သခင်မအား ပြုံးပြလိုက်ပြီး….

'မမရယ်၊ မမကိုတွေ့ရတာ ကျွန်မဖြင့် ဝမ်းသာလိုက်တာ မပြောပါနဲ့ရှင်'

စကားဆုံးလျှင် ဝှက်ထားသည့် ဓားတစ်လက်ကို ထုတ်ယူလိုက်ပြီး နတ်တောင်သခင်မ၏ ဝဲဘက်ခြေထောက်ကို ခုတ်ချလိုက်လေသည်။

'အား….'

နတ်တောင်သခင်မ စူးရှစွာ အော်ဟစ်လိုက်၏။



သူမ၏ ဝဲဘက်ခြေထောက်မှာ သွေးချင်းချင်း နီရဲသွားလေတော့သည်။

'မမ တော်တော် နာသွားသလားဟင်'

လဝီချူးထိ၏ အပြုအမူကြောင့် ဖုကျို ဒေါသထွက်သွားသည်။

'တော်တော်ရက်စက်တဲ့ အမျိုးသမီးပါလား'

နတ်တောင်သခင်မက ဖုကျိုကို လှမ်းကြည့်ကာ….

'ငါ….ငါပြောသားပဲ၊ မင်းမှမယုံတာကိုး၊ ခုလိုခံရတာပဲ ကောင်းတယ်'

နတ်တောင်သခင်မက ဒေါကြီးမောကြီး ပြစ်တင်ပြောဆိုနေ၏။

လဝီချူးထိက ဟင့်ခနဲနှာခေါင်းရှုံ့လိုက်၏။

'ငါက ရက်စက်တယ်ဟုတ်လား'

ဖုကျိုအား လှည့်မေးလိုက်၏။

ဖုကျိုမှာ မဟုတ်မခံစိတ် ရှိသူပီပီ ကြောက်ရွံ့ခြင်း မရှိဘဲ….

'ဟုတ်တယ်၊ ခင်ဗျားဟာ အပြောချိုသလောက်အတော့်ကို ရက်စက်တဲ့လူပဲ'

လဝီချူးထိမှာ သူမအား ရက်စက်သည်ဟု ပြောဆိုနေခြင်းကြောင့် မခံမရပ်နိုင်အောင်ဖြစ်သွားပုံ ရလေသည်။

'ကောင်းပြီ၊ ဘယ်သူက ရက်စက်သလဲဆိုတာ သိရအောင် ငါ့မျက်နှာကို ကြည့်ပါဦး'

ဖုကျိုက သူမ၏မျက်နှာကို ကြည့်လိုက်၏။

မည်သို့သော ထူးခြားချက်မျိုးကိုမျှ မတွေ့ရပါချေ။

'ဘာများ ထူးခြားလို့လဲဗျ'

ဖုကျိုက ခပ်တည်တည် ပြန်မေးလိုက်၏။

သိချူးထိက...

'မင်း...သေသေချာချာ ကြည့်ပါဦး'

စကားဆုံးသည်နှင့် သူမ၏မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လေသည်။

ထိုအခါ သူမ၏လက်ဝါးထဲ၌ မျက်နှာဖုံးတစ်ခု ပါလာသည်ကို တွေ့ရ၏။

ချောမောလှပသည့် မျက်နှာဖုံးစွပ် ကွာကျသွားသည်နှင့်—

'ဟာ....'

ဖုကျို လွှတ်ခနဲ အော်လိုက်မိလေသည်။

သူမ၏မျက်နှာမှာ ဓားဖြင့်မွှန်းထားသော ဒဏ်ရာဒဏ်ချက် အမာရွတ်များပြည့်နှက်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

မျက်နှာတစ်ခုလုံး ရစရာမရှိအောင်ဖြစ်၏။

မြင်တွေ့ရသည်မှာ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှပေသည်။



လောကပေါ်၌ သူမလောက် အရုပ်ဆိုးအကျည်းတန်သူ ရှိနိုင်တော့မည် မဟုတ်ပါချေ။

'ကဲ...မြင်ပြီ မဟုတ်လား၊ ငါ့အခုလို အရုပ်ဆိုးအကျည်းတန်သွားအောင် ဘယ်သူကလုပ်ခဲ့သလဲဆိုတာ မင်းသိသလား'

လိချူးထိက နာနာကြည်းကြည်း မေးလိုက်သည်။

ဖုကျိုမှာ နတ်တောင်သခင်မအား လှမ်းကြည့် လိုက်မိလေသည်။

နတ်တောင်သခင်မက....

'ဟုတ်တယ်၊ ငါလုပ်လိုက်တာ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

'ဘာကြောင့် ဒီလို လုပ်ရတာလဲဗျာ'

ဖုကျိုက အားမလို အားမရ မေးလိုက်လေသည်။

နတ်တောင်သခင်မက...

'ဖြော်....မင်းက ငါ့ကို အပြစ်တင်ချင်တယ်ပေါ့ ဟုတ်လား၊ ငါဟာ အသက်ကြီးလာပေမယ့် ငါ့ရဲ့ ခန္ဓာကိုယ်က ဘာကြောင့် ကလေးတစ်ယောက်လို သေးကွေး ကြုံလှီနေရသလဲ ဆိုတာ မင်းသိသလား'

'ကျွန်တော် ဘယ်လိုလုပ် သိနိုင်မှာလဲဗျာ'

'အေး....မသိရင် မှတ်ထား၊ ငါ သိုင်းပညာ လေ့ကျင့်နေတုန်း သူက ဖျက်လိုဖျက်ဆီးသဘောနဲ့ တမင်လာပြီး နှောင့်ယှက်ခဲ့လို့ပဲ'

ဖုကျီက လီချူးထိကို လှမ်းကြည့်လိုက်ပြီး....

‘လ   တ်တော့ ခင်ဗျားက အရင် ရန်စ ခဲ့တာကိုး ဗျ’

လီ  ထိက အရေးမစိုက်ပါ။

န  တောင်သခင်မ အနီးသို့ ချဉ်းကပ်သွားပြီ  ဝဲဘက် ခြေ ထောက်မှ ဓားဒဏ်ရာကို ငုံ့ကြည့်လိုက်သည်။

ဓားဒဏ်ရာမှာ အတော်ပင် နက်ရှိုင်းလေသည်။

သွေးကြောများ ပြတ်သွားပြီး အရိုးကိုပင် မြင်တွေ့ နေရ လေသည်။

သွေးများလည်း ထိန်းမနိုင် သိမ်းမရ စီးကျ နေလေသည်။

လီချူးထိ ပြုံးလိုက်သည်။

‘မမရဲ့ ဒဏ်ရာက သွေးတွေ သိပ်ထွက်နေတာကိုး၊ မဖြစ်သေး ပါဘူး’

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ ဆေးလုံးကလေးနှစ်လုံး နှိုက်ယူလိုက်လေသည်။

ထိုဆေးလုံးကလေးများကို မြင်သည့်အခါ ဖုကျိုတအံ့တဩ ဖြစ်သွားလေသည်။

‘ဟင်....ဘွားဘွားက လောက်တာ့ကို  တိုက်ခဲ့တဲ့ ဆေးလုံး ကလေးတွေနဲ့ တစ်ပုံစံတည်းပါလား’

နတ်တောင်သခင်မသည်လည်း ထို ဆေးလုံးကလေးများကို တွေ့မြင်ရသည်နှင့် မျက်နှာ ပျက်သွားလေသည်။

‘ညည်း....ညည်း ရက်စက်လှချည်လား’

နတ်တောင် သခင်မက  အော်ငေါက်လိုက်သည်။



‘မမရယ်၊ ကျွန်မက စေတနာနဲ့ တိုက်ကျွေးတာကို တလွဲ မထင်ပါနဲ့ရှင်၊ ဒဏ်ရာက သွေးသိပ် ထွက်နေတယ်၊ မြန်မြန် သောက်လိုက်စမ်းပါရှင်’

လီချူးထိသည် အတင်းပင် တိုက်ကျွေးမည် ဟန်ပြင်နေ လေသည်။

နတ်တောင်သခင်မက အံကြိတ်ရင်း....

‘ငါ အသက် အသေခံမယ်၊ ဘယ်တော့မှ မသောက်ဘူး’

‘မမ တကယ်ပဲ မသောက်ဘူးလား’

သူမ၏အသံ ခက်ထန်လာသည်။ မသောက်လျှင် အတင်း တိုက်မည့်အသွင် ဖြစ်ပေါ်လာ၏။

နတ်တောင်သခင်မက ဖုကျိုအား လှမ်းကြည့်လိုက်၏။

‘ဖုကျို ငါဝေဒနာ ခံစားနေရတာကို မင်းမမြင်ဘူးလား၊ ငါ့ကို မြန်မြန် သတ်ပစ်လိုက်စမ်းပါ’

ဖုကျိုက  သူမအား ကြည့်ရင်း စိတ်မကောင်း ဖြစ်လာ လေသည်။

‘ဟင်း... ဟင်း၊ သူက စကားပြောနိုင်ပေမယ့် မလှုပ်ရှားနိုင် တော့ဘူးမမရဲ့၊ သူ့ကို ကျွန်မက သွေးကြော ပိတ်ထားတယ် လေ’

လီချူးထိက လှောင်ပြောင်သံဖြင့် ပြောလိုက်ခြင်းဖြစ်၏။

နတ်တောင်သခင်မမှာ စိတ်ခေတ်ကျသွား လေသည်။

ပုံကျ ိမှာလည်း မိမိကိုယ်ကိုသေ့ကြောပိတ်ခံနေရကြောင်း လ ိချူးထိစကားကြားမှ သတိပြန်ဝင်လာ၏။

လ ိချူးထိကြောင့် သူ၏ဒူးနှစ်ဘက် ထုံကျဉ်သွားသည်။

မြေပေါ်တွင် ဒူးထောက်လျက်သား အနေအထားမှ မတ်တတ်ရပ်ရန် ကြိုးစားသော်သည်း လှုပ်ရှား၍ မရဘဲ ဖြစ်စ်နေ၏။

ထို့ကြောင့် သွေးကြောများ ပွင့်သွားရန် ကြိုးစားမိလေသည်။

စိတ်လှုပ်ရှားစွာ အပြင်းအထန် ကြိုးစားလိုက်သောအခါ ရုတ်တရက် သူ၏ခန္ဓာကိုယ်ထဲမှ အတွင်းအားလှိုင်းများ အရှိန်အဟုန်ဖြင့်ဖြစ်ပေါ်လာပြီး သွေးကြောများအတိုင်း တစ်ကိုယ်လုံးသို့ လှည့်ပတ်စီးဆင်းသွားလေသည်။

နတ်သောင်သခင်မသင်ကြားပေးထားသည့်အတိုင်းအတွင်းအားကို လှည့်ပတ်လိုက်ရာ မကြာပါချေ။ ပိတ်ဆို့နေသော သေ့ကြောများသည် အတွင်းအားဖြင့် တွန်းထုတ်မှုကြောင့် အလိုအလျောက် ပွင့်ကုန်လေတော့၏။

ထိုအချိန်တွင်....

လီချူးထိ၏အသံ ကျယ်လောက်စွာ ထွက်ပေါ်လာသည်ကို ကြ•းရလေသည်။



'မမ....မမရဲ့ ခြေထောက်တစ်ဘက် ပျက်စီးနေပြီဆိုတော့ ကြည့်လို့ကောင်းသွားအောင် ကျန်တဲ့ ခြေထောက် တစ်ဘက်ကိုပါ ညီမလေး ဖျက်စီးပေးလိုက်ပါ့မယ်နော်'

'မိန်းမယုတ်....'

'မမရယ်....ညီမက စေတနာနဲ့ လုပ်ပေးတာပါ'

လီချူးထိသည် နတ်တောင်သခင်မ၏ ညာဘက်ခြေထောက်အား ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်သည်။

သို့သော် ဟန်ဖြင့်သာ ပြင်ထားပြီး တကယ်တမ်း ခုတ်ချခြင်း မပြုပါ။

နတ်တောင်သခင်မ ကြောက်ရွံ့ ထိတ်လန့်စေရန် ခြိမ်းခြောက်နေခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် ဖုကျ ိသည် သွေးကြောများ ပွင့်လာပြီဖြစ်၍ မြေပေါ်မှ ခုန်ထလာနိုင်ပြီ ဖြစ်သည်။

သူသည် နတ်တောင်သခင်မ ဒုက္ခရောက်နေသည်ကို မြင်သည့်အခါ မနေနိုင်တော့ဘဲ အကူအညီပေးရန် ပြေးလွှားသွားသည်။

လီချူးထိမှာ ထိုသို့ ဖြစ်လာမည်ဟု မထင်မိပါ။

နောက်ကျောဘက်မှ အရှိန်အဟုန်ကြီးမားသော လေတိုးသံကြောင့် ရင်ထိတ်သွားပြီး ဝဲဘက်သို့ ကပျာကယာခုန်ရှောင်လိုက်မိသည်။

'ဘွားဘွား....ဘာမှမကြောက်နဲ့'

ဖုကျိုက အော်ပြောရင်း နတ်တောင်သခင်မအား ပွေ့ချီလိုက်သည်။

ထို့နောက် တောင်ကုန်းပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားလေတော့သည်။

....o....

လီချူးထိမှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူမသည် ဖုကျို၏ သိုင်းပညာကို မသိမသာ စမ်းသပ်ကြည့်ခဲ့ပြီး ဖြစ်သည်။

ဖုကျိုတုန့်ပြန်မှုကဲ ဘာမျှ အရေးစိုက်လောက် စရာမရှိသည်ကို သတိပြုမိ၏။

သူသာ ထိပ်တန်း သိုင်းသမားတစ်ယောက် ဖြစ်နေပြီဆိုပါက သူမ သွေးကြောပိတ်လိုက်သောအခါ ချက်ချင်း ရှောင်တိမ်းသွားနိုင်မည် ဖြစ်လေသည်။



ဖုကျိုမှာ မြေပေါ် ဒူးထောက်ကျသွားပြီး သွေးကြောပိတ် ခံလိုက်ရသဖြင့် သူမသည် ဖုကျိုကို လုံးဝ အရေးမစိုက်တော့ချေ။

ယခုမူ....

ဖုကျိုသည် ပိတ်ဆို့နေသည့် သွေးကြောများကို အတွင်းအားဖြင့် ထိုးဖောက် ဖွင့်ပစ်လိုက် နိုင်ခဲ့သည်။

ထို့အပြင် နတ်တောင်သခင်မအား ပွေ့ချီကာ ထွက်ပြေးသွားခဲ့ပြီ ဖြစ်လေသည်။

လီချူးထိ ဒေါသခြောင်းခြောင်း ထွက်သွားရလေတော့သည်။

'ရပ်လိုက်စမ်း....'

လီချူးထိက အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။

နတ်တောင်သခင်မ ဖုကျိုနှင့် လီချူးထိတို့သည် လောကတာ့ကိုပင် အမှုမထားနိုင်ကြတော့ဘဲ ပြေးလွှား သွားနေကြခြင်း ဖြစ်၏။

ဖုကျိုသည် နတ်တောင်သခင်မအား ပွေ့ချီထားရသော်လည်း လေးလံသည်ဟု မထင်ဘဲ ဖက်ရွက်ကလေး တစ်ခုပမာ ပေါ့ပါးလှသည်ဟု ခံစားနေရလေသည်။

ထို့ကြောင့် အခက်အခဲမရှိဘဲ လျင်မြန်စွာ ပြေးလွှားသွားနိုင်ခဲ့လေသည်။

လီချူးထိက ဖုကျိအား လွယ်လင့်တကူ ဖမ်းဆီး ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိခဲ့သည်။

သို့သော် အတန်ကြာ ပြေးလိုက်သွားသော်လည်း ဖုကျိအား မမိုနိုင်ဘဲ ဖြစ်နေသည့်အခါ လီချူးထိ အံ့သြလာသေသည်။

'ဘာမဟုတ်တဲ့ကပ္ပိယလေးတစ်ယောက်ကိုတောင်မီအောင်မလိုက်နိုင်တော့ဘူးတဲ့လား'

သူမသည် ကိုယ်ဖော့ပညာ အသုံးပြုကာ ပို၍ လျင်မြန်စွာ ပြေးလိုက်သွား၏။

ထိုအခါ ဖုကျိနှင့် တစ်စထက်တစ်စ နီးကပ် သွားလေသည်။

လီချူးထိက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ရပ်လိုက်စမ်း....'

ဖုကျိမှာ ရပ်တန့်ခြင်းမပြုဘဲ ဆက်၍ပြေးလွှား၏။

လီချူးထိ ပို၍ ဒေါသထွက်လာကာ....

'မင်း သေချင်ပြီလား၊ မရပ်ရင် မင်းခြေထောက်တွေကို ငါ ရိုက်ချိုးပစ်လိုက်မယ်'



ဖုကျိ ထိတ်လန့်ကာ နောက်လှည့် ကြည့်လိုက်မိလေသည်။ သူ့အနီးသို့ လီချူးထိ ရောက်ရှိလာသည်ကို မြင်သည်နှင့် ထိတ်လန့်သွားကာ....

'အမယ်လေးဗျ'

အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။ လီချူးထိမှာ ဖုကျိအား မီလုမီခင် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဖုကျိပခုံးကို ကုတ်ဆွဲရန် လက်ငါးချောင်းကို ရှေ့သို့ဆန့်ထုတ်လိုက်ပြီး ဖြစ်၏။

ထိုအချိန်မှာပင် ဖုကျိသည် တစ်ဟုန်ထိုး ပြေးထွက်သွားခြင်းဖြစ်ရာ....

'ဟာ....'

လီချူးထိ တအံ့တသြ ဖြစ်သွားရလေသည်။

ဖုကျိအား မယုံကြည်နိုင်စွာဖြင့် မျက်လုံးပြူး၍ ကြည့်လိုက်မိလေသည်။

သူမ ကြည့်နေစဉ်အတွင်းမှာပင် ဖုကျိသည် ဝေး၍ဝေး၍ သွားလေတော့သည်။

'ဒီကောင်လေး ပြေးတာဟာ ဆိတ်တစ်ကောင် ပြေးတာထက်တောင် မြန်ဦးမယ်'

သူမ တအံ့တသြဖြစ်နေစဉ်မှာပင် ဖုကျိသည် ပို၍ပို၍ဝေးရာသို့ ရောက်သွား၏။

ကြာလေဝေးလေဖြစ်ရာ လဂ်ီချူးထိ မနေနိုင်တော့ပေါ့။

'မပြေးနဲ့'

အောင်ဂေါက်ရင်း ပြေးလိုက်သွားသည်။

သို့သော် ဖုကျင်ကား လွန်စွာကွာလှမ်းရာအရပ်သို့ ရောက်ရှိသွားပြီဖြစ်လေသည်။

....o....

တိုက်တိုက်ဆိုင်ဆိုင်

'မပြေးနဲ့'

လဂ်ီချူးထိ၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် ဖုကျင်က ဆက်၍ ပြေးလွှားသွားလေသည်။

'မင်း ဆက်ပြေးမယ်ဆိုရင် မင်းကို ဖမ်းမိတဲ့အခါ သက်သာမှာ မဟုတ်ဘူး'

လဂ်ီချူးထိ၏ အော်သံက တစ်ခွန်းပြီးတစ်ခွန်း ထွက်ပေါ်နေ၏။

သို့သော် သူမ၏အသံသည် ဝေး၍ဝေး၍ နောက်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

'ငါ့ကိုမီသွားရင်တော့ မလွယ်ဘူး'

ဖုကျိမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆက်၍ပြေးလွှားသွား၏။

အခြေခံအတွင်းအား အလွန်ကောင်းနေရာ ကိုယ်ဖော့ပညာကို တတ်သည်အိုချုံမျှဖြင့် ထိပ်တန်းသိုင်းသမား တစ်ယောက်ကိုပင် နောက်ချန်ထားခဲ့နိုင်အောင် လျင်မြန်စွာ ပြေးလွှားလာနိုင်ခဲ့လေသည်။

အတွင်းအားက အထောက်အကူ ပြုနေသဖြင့် ကိုယ်ဖော့ပညာမှာ အံ့မခန်း တိုးတက်လာသည်ကို ဖုကျိ သတိမပြုမိပါ။

လင်ချူးထိ၏လက်မှ လွတ်အောင် ဆက်၍ပြေးလွှားသွားနေ၏။

ဤသို့ဖြင့် တဖြည်းဖြည်း ဝေး၍ဝေး၍သွားရာ နောက်ဆုံး လင်ချူးထိ၏ အရိပ်အယောင်ကိုပင် မတွေ့မြင်ရတော့ချေ။

ထိုအခါမှ....

'ခဏရပ်လိုက်စမ်းပါဦး'

နတ်တောင်သခင်မက ဟန့်တားလိုက်သည်။

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွားပြီး....



အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ဖုန်း ၂၀၃၅၅

'ရပ်လိုက်ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ မြန်မြန်ရပ်လိုက်'

ဖုကျိက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်၏။

နတ်တောင် သခင်မက....

'ငါ့ကို အောက်ချပေးပါဦး'

ဖုကျိသည် သူမစေခိုင်းသည့်အတိုင်း မြေပေါ်သို့ ချပေးလိုက်သည်။

နတ်တောင် သခင်မသည် မြေပေါ်တွင် ရပ်တည်နေနိုင်စွမ်း မရှိသဖြင့် ထိုင်ချလိုက်သည်။

သူမ၏ ခြေထောက်တွင် သွေးချင်းချင်း နီရဲနေ၏။

ဒဏ်ရာမှ သွေးအလွန်အကျွံ ထွက်ခဲ့သဖြင့် အသားအရေ ဖြူလျော်လျော်ဖြစ်၍ နေလေသည်။

ဖုကျိက....

'ကျွန်တော်တို့ ဒီနေရာမှာ ကြာကြာအနားယူ နေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ သူ လိုက်လာမှာ သေချာတယ်'

နတ်တောင်သခင်မ ခေါင်းညိတ်လိုက်သည်။

'ငါသိတယ်၊ ဒါပေမယ့် ငါ့ဒဏ်ရာက သွေးအရမ်းထွက်နေတော့ ဘာမှမလုပ်ဘဲ ဆက်ပြေးနေရင် သေသွားလိမ့်မယ်'

ဖုကျိ ထိတ်လန့်သွားလေသည်။

'ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'ငါ့ရဲ့ဒဏ်ရာ သွေးတိတ်သွားအောင် အစွမ်းတောက်သွေးကြောနဲ့ စင်းဖုသွေးကြောနေရာကို ပိတ်လိုက်ပါ၊ ဒါဆိုရင် ငါလဲ သက်သာသွားမယ်၊ လိချူးထိကလဲ သွေးစက်တွေကို ခြေရာခံပြီး လိုက်လာလို့ မရတော့ဘူးပေါ့'

'ကောင်းပါပြီဗျာ'

ဖုကျိက ချက်ချင်းပင် သွေးကြောပိတ်ပေးလိုက်လေ၏။ ထိုအခါ နတ်တောင်သခင်မ ပြောသည့်အတိုင်း ဒဏ်ရာမှသွေးများ ကျဆင်းလာခြင်း မရှိတော့ပါ။

မည်သို့ဆိုစေ သွေးကြောပိတ်ထားရုံမျှဖြင့်ဝေဒနာပျောက်ကင်းသက်သာသွားမည် မဟုတ်ပါ။

နတ်တောင် သခင်မအား ဆေးကုပေးရန် အရေးကြီးကြောင်း ဖုကျိ နားလည်ထားလေသည်။

နတ်တောင်သခင်မအား ဂရုဏာသက်စွာ ကြည့်လိုက်ပြီး....

'ဘွားဘွား....ဘွားဘွားဒဏ်ရာကို ဆေးကုမှဖြစ်မယ်၊ ကျွန်တော်တို့ သမားတော်ကြီး တစ်ယောက်ဆီကို သွားကြရအောင်'

ဖုကျိက ဂရုဏာသက်ဟန်ဖြင့် ပြောလိုက်၏။

နတ်တောင်သခင်မ နှာခေါင်းရှုံ့လိုက်ပြီး....

'ဟွန်း....တောထဲတောင်ထဲမှာ ဘယ်ကသမားတော် ရှိမှာလဲ'



ဖုကျိ ပါးစပ်ပိတ်ထားလိုက်သည်။

ယခု သူတို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုပင် ဖုကျိ မသိပါ။

လိချူးထိ၏လက်မှလွတ်အောင် ခြေဦးတည့်ရာ ပြေးလွှားလာခဲ့မိခြင်းကြောင့် ဘယ်ရောက်၍ ဘယ်ပေါက်သည်ကိုပင် သတိမပြုမိနိုင်ခဲ့ချေ။

ဖုကျိ တွေးတောနေစဉ်မှာပင် နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာလေသည်။

'ဒီနေရာကနေ အနီးဆုံးဆိုတဲ့ လူနေမြို့ရွာကို အရောက်သွားမယ်ဆိုရင်တောင် အနည်းဆုံး မိုင်နှစ်ဆယ်လောက်သွားရလိမ့်မယ်'

ဖုကျိ သက်ပြင်းချလိုက်သည်။

'မိုင်နှစ်ဆယ်ဝေးလဲ ဘာတတ်နိုင်မှာလဲဗျာ၊ မသွားလို့မှ မဖြစ်တာ'

နတ်တောင်သခင်မ နှာခေါင်းရှုံ့လိုက်သည်။

'မသွားလို့မဖြစ်ဘူး ဟုတ်လား၊ မင်းဘာနားလည်လို့လဲ၊ ဒီနေရာနဲ့ အနီးဆုံးဆိုတဲ့ 'ဆီဟာနယ်'မှာ ဘယ်သူက သြဇာလွှမ်းမိုးထားသလဲဆိုတာ မင်းသိရဲ့လား'

'ဟာ....ကျွန်တော် ဘယ်သိပါ့မလဲဗျ'

နတ်တောင်သခင်မက....

'အေး....မသိရင်မှတ်ထား 'ဆီဟာနယ်'ဟာ လိချူးထိရဲ့နယ်ပဲ'

'ဗျာ'

'လီချူးထိဟာ နယ်စားကြီးနဲ့ အလွန်ရင်းနှီးတယ်၊ နယ်စားကြီးရဲ့ နန်းတော်ထဲကို တံခါးမရှိ ဓားမရှိ ဝင်နိုင်တဲ့လူပဲ'

ဖုကျိ ငိုင်သွားလေသည်။

လီချူးထိအား ကြောက်ရွံ့နေမိလေသည်။

ဆီဟာနယ်သို့ သွားလျှင် ကြိမ်းသေ ဒုက္ခရောက်မည်ဟု ယုံကြည်မိလေသည်။

သို့သော် တစ်စုံတစ်ခုကို သတိပြုမိသည့်အခါ....

'ဟင်....ခါလမ်းမှာ တွေ့ခဲ့တဲ့ ကြော်ငြာတွေထဲမှာ ကြင်ယာလောင်း ရွေးမယ့်နေရာဟာ ဆီဟာနယ် ဖြစ်နေပါလား'

သူ၏မျက်လုံးထဲ၌ ရွှေမင်းသမီးလေး၏ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်လာမိ၏။

ကြင်ယာရွေးပွဲတွင် ဝင်ယှဉ်ပြိုင်လိုစိတ်မရှိသော်လည်း သွားရောက်ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ဖုကျိ တွေးတောစဉ်းစားနေစဉ် နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာ၏။

'ဟုတ်ပြီ ငါအကြံရပြီ'

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွား၏။ နတ်တောင်သခင်မအား စိုက်ကြည့်လိုက်ပြီး....

'ဘွားဘွားက ဘာတွေများအကြံရနေတာလဲ'

'တို့ဆီဟာနယ်ထဲ သွားကြမယ်'

'ဗျာ....'



ဖုကျိ ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ဘွားဘွား၊ လီချူးထိက ဆီဟာနယ်မှာဩဇာအရှိန်အဝါကြီးမားတယ်ဆို'

နတ်တောင်သခင်မက ပြုံးလိုက်၏။

'အေးလေ....ဒါကြောင့် အဲဒီကို သွားမယ်လို့ ပြောတာပေါ့'

'ဟာ....ကျွန်တော်တို့ ဒုက္ခရောက်ကုန်မှာပေါ့'

'မပူစမ်းပါနဲ့ကွာ၊ ငါတို့အဲဒီကို သွားမယ်လို့ သူထင်ပါ့မလား'

ဖုကျိသည် နတ်တောင်သခင်မမှာ ရူးသွပ်နေပြီဟု ထင်မိလေသည်။

နတ်တောင်သခင်မက ဆက်ပြောလိုက်၏။

'ငါတို့က နယ်စားကြီးရဲ့ နန်းတော်ထဲကို ရောက်အောင် သွားကြမယ်၊ လီချူးထိက အိပ်မက်တောင် မက်မိမှာ မဟုတ်ဘူး'

ဖုကျိ မနေနိုင်တော့ပါ။

'ဘွားဘွား သတိလဲထားပါဦး၊ ဘွားဘွားပြောတဲ့အတိုင်း လုပ်လို့ လီချူးထိက မသိရင်တော်ပါသေးရဲ့၊ သူသာသိသွားမယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် ငရဲအိုးထဲရောက်သွားသလို ဖြစ်နေလိမ့်မယ်ဗျာ'

ဖုကျိက စိတ်ပျက်လက်ပျက် ပြောလိုက်ရာ နတ်တောင်သခင်မ ရယ်မောလိုက်သည်။

'မင်းကလဲ စိုးရိမ်တတ်ရန်ကော၊ လ ိချူးထိဟာ အထင် တစ်ခွဲသားနဲ့ လူစားမျိုးပါ၊ ငါတို့သွားလိမ့်မယ်လို့ သူ့အနေနဲ့ ထင်မှာမဟုတ်ပါဘူး'

'ကောင်းပြီလေ....ဘွားဘွား သဘောပဲ၊ တကယ်လို့ အန္တရာယ် ဖြစ်လာရင် ဘွားဘွားကိုထားပြီး ကျွန်တော် ထွက်ပြေးသွားတယ်လို့ အပြစ်မတင်နဲ့နော်'

နတ်တောင်သခင်မ ရယ်မောလိုက်ပြန်လေသည်။

'အေးပါ....အေးပါ....ငါမပြောပါဘူး'

'ဒါဆိုရင်လဲ သွားကြမယ်'

နတ်တောင်သခင်မက သဘောတူသဖြင့် ဖုကျိုက သူမအား ပွေ့ချီပြီး အရှေ့ဘက်ဆီသို့ ဦးတည်၍ ခပ်သွက်သွက် လျှောက်လှမ်းသွားလေတော့သည်။

....o....



'မမရယ်၊ ကျွန်မက စေတနာနဲ့ တိုက်ကျွေးတာကို တလွဲ မထင်ပါနဲ့ရှင်၊ ဒဏ်ရာက သွေးသိပ် ထွက်နေတယ်၊ မြန်မြန် သောက်လိုက်စမ်းပါရှင်'

လ ိချူးထိသည် အတင်းပင် တိုက်ကျွေးမည် ဟန်ပြင်နေလေသည်။

နတ်တောင်သခင်မက အံကြိတ်ရင်း....

'ငါ အသက် အသေခံမယ်၊ ဘယ်တော့မှ မသောက်ဘူး'

'မမ တကယ်ပဲ မသောက်ဘူးလား'

သူမ၏အသံ ခက်ထန်လာသည်။ မသောက်လျှင် အတင်း တိုက်မည့်အသွင် ဖြစ်ပေါ်လာ၏။

နတ်တောင်သခင်မက ဖုကျိုအား လှမ်းကြည့်လိုက်၏။

'ဖုကျို ငါဝေဒနာ ခံစားနေရတာကို မင်းမမြင်ဘူးလား၊ ငါ့ကို မြန်မြန် သတ်ပစ်လိုက်စမ်းပါ'

ဖုကျိုက သူမအား ကြည့်ရင်း စိတ်မကောင်း ဖြစ်လာလေသည်။

'ဟင်း... ဟင်း၊ သူက စကားပြောနိုင်ပေမယ့် မလှုပ်ရှားနိုင်တော့ဘူးမရှဲ၊ သူ့ကို ကျွန်မက သွေးကြော ပိတ်ထားတယ်လေ'

လ ိချူးထိက လှောင်ပြောင်သံဖြင့် ပြောလိုက်ခြင်းဖြစ်၏။

နတ်တောင်သခင်မမှာ စိတ်ဓာတ်ကျသွားလေသည်။

ဖုံကျိုမှာလည်း မိမိကိုယ်ကိုသွေးကြောပိတ်ခံနေရကြောင်း လီချူးထိစကားကြားမှ သတိပြန်ဝင်လာ၏။

လီချူးထိကြောင့် သူ၏ဒူးနှစ်ဘက် ထုံကျဉ်သွားသည်။

မြေပေါ်တွင် ဒူးထောက်လျက်သား အနေအထားမှ မတ်တတ်ရပ်ရန် ကြိုးစားသော်လည်း လှုပ်ရှား၍ မရဘဲ ဖြစ်နေ၏။

ထို့ကြောင့် သွေးကြောများ ပွင့်သွားရန် ကြိုးစားမိလေသည်။

စိတ်လှုပ်ရှားစွာ အပြင်းအထန် ကြိုးစားလိုက်သောအခါ ရုတ်တရက် သူ၏ခန္ဓာကိုယ်ထဲမှ အတွင်းအားလှိုင်းများ အရှိန်အဟုန်ဖြင့်ဖြစ်ပေါ်လာပြီး သွေးကြောများအတိုင်း တစ်ကိုယ်လုံးသို့ လှည့်ပတ်စီးဆင်းသွားလေသည်။

နတ်တောင်သခင်မသင်ကြားပေးထားသည့်အတိုင်းအတွင်းအားကို လှည့်ပတ်လိုက်ရာ မကြာပါချေ။ ပိတ်ဆို့နေသော သွေးကြောများသည် အတွင်းအားဖြင့် တွန်းထုတ်မှုကြောင့် အလိုအလျောက် ပွင့်ကုန်လေတော့၏။

ထိုအချိန်တွင်....

လီချူးထိ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားရလေသည်။



'မမ...မမရဲ့ ခြေထောက်တစ်ဘက် ပျက်စီးနေပြီဆိုတော့ ကြည့်လို့ကောင်းသွားအောင် ကျန်တဲ့ ခြေထောက် တစ်ဘက်ကိုပါ ညီမလေး ဖျက်စီးပေးလိုက်ပါ့မယ်နော်'

'မိန်းမယုတ်....'

'မခရယ်....ညီမက စေတနာနဲ့ လုပ်ပေးတာပါ'

လီချူးထိသည် နတ်တောင်သခင်မ၏ ညာဘက်ခြေထောက်အား ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်သည်။

သို့သော် ဟန်ဖြင့်သာ ပြင်ထားပြီး တကယ်တမ်း ခုတ်ချခြင်း မပြုပါ။

နတ်တောင်သခင်မ ကြောက်ရွံ့ ထိတ်လန့်စေရန် ခြိမ်းခြောက်နေခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် ဖုံကျိုသည် သွေးကြောများ ပွင့်လာပြီဖြစ်၍ မြေပေါ်မှ ခုန်ထလာနိုင်ပြီ ဖြစ်သည်။

သူသည် နတ်တောင်သခင်မ ဒုက္ခရောက်နေသည်ကို မြင်သည့်အခါ မနေနိုင်တော့ဘဲ အကူအညီပေးရန် ပြေးလွှားသွားသည်။

လီချူးထိမှာ ထိုသို့ ဖြစ်လာမည်ဟု မထင်မိပါ။

နောက်ကျောဘက်မှ အရှိန်အဟုန် ကြီးမားသော လေတိုးသံကြောင့် ရင်ထိတ်သွားပြီး ဝဲဘက်သို့ ကပျာကယာခုန်ရှောင်လိုက်မိသည်။

'ဘွားဘွား....ဘာမှမကြောက်နဲ့'

ဖုကျိကအော်ပြောရင်း နတ်တောင်သခင်မအား ပွေ့ချီလိုက်သည်။

ထို့နောက် တောင်ကုန်းပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားလေတော့သည်။

....o....

လီချူးထိုမှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူမသည် ဖုကျိ၏ သိုင်းပညာကို မသိမသာ စမ်းသပ်ကြည့်ခဲ့ပြီး ဖြစ်သည်။

ဖုကျိတုန့်ပြန်မှုက ဘာမျှ အရေးစိုက်လောက် စရာမရှိသည်ကို သတိပြုမိ၏။

သူသာ ထိပ်တန်း သိုင်းသမားတစ်ယောက် ဖြစ်နေပြီဆိုပါက သူမ သွေးကြောပိတ်လိုက်သောအခါ ချက်ချင်း ရှောင်တိမ်းသွားနိုင်မည် ဖြစ်လေသည်။



ဖုကျိမှာ မြေပေါ် ဒူးထောက်ကျသွားပြီး သွေးကြောပိတ် ခံလိုက်ရသဖြင့် သူမသည် ဖုကျိကို လုံးဝ အရေးမစိုက်တော့ချေ။

ယခုမူ....

ဖုကျိသည် ပိတ်ဆို့နေသည့် သွေးကြောများကို အင်းအားဖြင့် ထိုးဖောက် ဖွင့်ပစ်လိုက် နိုင်ခဲ့သည်။

ထို့အပြင် နတ်တောင်သခင်မအား ပွေ့ချီကာ ထွက်ပြေးသွားခဲ့ပြီ ဖြစ်လေသည်။

လီချူးထိ ဒေါသခြောင်းခြောင်း ထွက်သွားရလေတော့သည်။

'ရပ်လိုက်စမ်း....'

လီချူးထိက အော်ဟေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။

နတ်တောင်သခင်မ ဖုကျိနှင့် လီချူးထိတို့သည် လောကတာကိုပင် အမှုမထားနိုင်ကြတော့ဘဲ ပြေးလွှား သွားနေကြခြင်း ဖြစ်၏။

ဖုကျိသည် နတ်တောင်သခင်မအား ပွေ့ချီထားရသော်လည်း လေးလံသည်ဟု မထင်ဘဲ ဖက်ရွက်ကလေး တစ်ခုပမာ ပေါ့ပါးလှသည်ဟု ခံစားနေရလေသည်။

ထို့ကြောင့် အခက်အခဲမရှိဘဲ လျင်မြန်စွာ ပြေးလွှားသွားနိုင်ခဲ့လေသည်။

လိချူးထိက ဖုကျိအား လွယ်လင့်တကူ ဖမ်းဆီး ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိခဲ့သည်။

သို့သော် အတန်ကြာ ပြေးလိုက်သွားသော်လည်း ဖုကျိအား မမိုနိုင်ဘဲ ဖြစ်နေသည့်အခါ လိချူးထိ အံ့သြလာသေသည်။

'ဘာမဟုတ်တဲ့ကပ္ပိယလေးတစ်ယောက်ကိုတောင်မီအောင် မလိုက်နိုင်တော့ဘူးတဲ့လား'

သူမသည် ကိုယ်ဖော့ပညာ အသုံးပြုကာ ပို၍ လျင်မြန်စွာ ပြေးလိုက်သွား၏။

ထိုအခါ ဖုကျိနှင့် တစ်စထက်တစ်စ နီးကပ် သွားလေသည်။

လိချူးထိက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ရပ်လိုက်စမ်း....'

ဖုကျိမှာ ရပ်တန့်ခြင်းမပြုဘဲ ဆက်၍ပြေးလွှား၏။

လီချူးထိ ပို၍ ဒေါသထွက်လာကာ....

'မင်း သေချင်ပြီလား၊ မရပ်ရင် မင်းခြေထောက်တွေကို ရိုက်ချိုးပစ်လိုက်မယ်'



ဖုကျိ ထိတ်လန့်ကာ နောက်လှည့် ကြည့်လိုက်မိလေသည်။ သူ့အနီးသို့ လီချူးထိ ရောက်ရှိလာသည်ကို မြင်သည်နှင့် ထိတ်လန့်သွားကာ....

'အမယ်လေးဗျ'

အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။ လိချူးထိမှာ ဖုကျိအား မီလုမီခင် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ဖုကျိပခုံးကို ကုတ်ဆွဲရန် လက်ငါးချောင်းကို ရှေ့သို့ဆန့်ထုတ်လိုက်ပြီး ဖြစ်၏။

ထိုအချိန်မှာပင် ဖုကျိသည် တစ်ဟုန်ထိုး ပြေးထွက်သွားခြင်းဖြစ်ရာ....

'ဟာ....'

လိချူးထိ တအံ့တသြ ဖြစ်သွားရလေသည်။

ဖုကျိအား မယုံကြည်နိုင်စွာဖြင့် မျက်လုံးပြူး၍ ကြည့်လိုက်မိလေသည်။

သူမ ကြည့်နေစဉ်အတွင်းမှာပင် ဖုကျိသည် ဝေး၍ဝေး၍ သွားလေတော့သည်။

'ဒီကောင်လေး ပြေးတာဟာ ဆိတ်တစ်ကောင် ပြေးတာထက်တောင် မြန်ဦးမယ်'

သူမ တအံ့တသြဖြစ်နေစဉ်မှာပင် ဖုကျိသည် ပို၍ပို၍ဝေးရာသို့ ရောက်သွား၏။

ကြာလေဝေးလေဖြစ်ရာ လမ်ချူးထိ မနေနိုင်တော့ပါ။

'မပြေးနဲ့'

အောင်ဂေါက်ရင်း ပြေးလိုက်သွားသည်။

သို့သော် ဖုကျိကား လွန်စွာကွာလှမ်းရာအရပ်သို့ ရောက်ရှိသွားပြီဖြစ်လေသည်။

....၀....

တိုက်တိုက်ဆိုင်ဆိုင်

'မပြေးနဲ့'

လမ်ချူးထိ၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် ဖုကျိက ဆက်၍ ပြေးလွှားသွားလေသည်။

'မင်း ဆက်ပြေးမယ်ဆိုရင် မင်းကို ဖမ်းမိတဲ့အခါ သက်သာမှာ မဟုတ်ဘူး'

လမ်ချူးထိ၏ အော်သံက တစ်ခွန်းပြီးတစ်ခွန်း ထွက်ပေါ်နေ၏။

သို့သော် သူမ၏အသံသည် ဝေး၍ဝေး၍ နောက်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

'ငါ့ကိုမိသွားရင်တော့ မလွယ်ဘူး'

ဖုကျိုမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆက်၍ပြေးလွှားသွား၏။

အခြေခံအတွင်းအား အလွန်ကောင်းနေရာ ကိုယ်ဖော့ပညာကို တတ်သည်ဆိုရုံမျှဖြင့် ထိပ်တန်းသိုင်းသမား တစ်ယောက်ကိုပင် နောက်ချန်ထားခဲ့နိုင်အောင် လျင်မြန်စွာ ပြေးလွှားလာနိုင်ခဲ့လေသည်။

အတွင်းအားက အထောက်အကူ ပြုနေသဖြင့် ကိုယ်ဖော့ပညာမှာ အံ့မခန်း တိုးတက်လာသည်ကို ဖုကျို သတိမပြုမိပါ။

လီချူးထိ၏လက်မှ လွတ်အောင် ဆက်၍ပြေးလွှားသွားနေ၏။

ဤသို့ဖြင့် တဖြည်းဖြည်း ဝေး၍ဝေး၍သွားရာ နောက်ဆုံး လီချူးထိ၏ အရိပ်အယောင်ကိုပင် မတွေ့မြင်ရတော့ချေ။

ထိုအခါမှ....

'ခဏရပ်လိုက်စမ်းပါဦး'

နတ်တောင်သခင်မက ဟန့်တားလိုက်သည်။

ဖုကျို ကြောင်အမ်းအမ်း ဖြစ်သွားပြီး....



'ရပ်လိုက်ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ မြန်မြန်ရပ်လိုက်'

ဖုကျိုက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်၏။

နတ်တောင် သခင်မက....

'ငါ့ကို အောက်ချပေးပါဦး'

ဖုကျိုသည် သူမစေခိုင်းသည့်အတိုင်း မြေပေါ်သို့ ချပေးလိုက်သည်။

နတ်တောင် သခင်မသည် မြေပေါ်တွင် ရပ်တည်နေနိုင်စွမ်း မရှိသဖြင့် ထိုင်ချလိုက်သည်။

သူမ၏ ခြေထောက်တွင် သွေးချင်းချင်း နီရဲနေ၏။

ဒဏ်ရာမှ သွေးအလွန်အကျွံ ထွက်ခဲ့သဖြင့် အသားအရေ ဖြူလျော်လျော်ဖြစ်၍ နေလေသည်။

ဖုကျိုက....

'ကျွန်တော်တို့ ဒီနေရာမှာ ကြာကြာအနားယူနေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ သူလိုက်လာမှာ သေချာတယ်'

နတ်တောင်သခင်မ ခေါင်းညိတ်လိုက်သည်။

'ငါသိတယ်၊ ဒါပေမယ့် ငါ့ဒဏ်ရာက သွေးအရမ်းထွက်နေတော့ ဘာမှမလုပ်ဘဲ ဆက်ပြေးနေရင် သေသွားလိမ့်မယ်'

ဖုကျို ထိတ်လန့်သွားလေသည်။

'ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'ငါ့ရှဲ့ဒဏ်ရာ သွေးတိတ်သွားအောင် အစွမ်းထက်သွေးကြောနဲ့ စင်းဖုသွေးကြောနေရာကို ပိတ်လိုက်ပါ၊ ဒါဆိုရင် ငါလဲ သက်သာသွားမယ်၊ လဂ်ချူးထိကလဲ သွေးစက်တွေကို ခြေရာခံပြီး လိုက်လာလို့ မရတော့ဘူးပေါ့'

'ကောင်းပါပြီဗျာ'

ဖုကျဲ့က ချက်ချင်းပင် သွေးကြောပိတ်ပေးလိုက်လေ၏။ ထိုအခါ နတ်တောင်သခင်မ ပြောသည့်အတိုင်း ဒဏ်ရာမှသွေးများ ကျဆင်းလာခြင်း မရှိတော့ပါ။

မည်သို့ဆိုစေ သွေးကြောပိတ်ထားရုံမျှဖြင့်ဝေဒနာပျောက်ကင်းသက်သာသွားမည် မဟုတ်ပါ။

နတ်တောင် သခင်မအား ဆေးကုပေးရန် အရေးကြီးကြောင်း ဖုကျဲ့ နားလည်ထားလေသည်။

နတ်တောင်သခင်မအား ဂရုဏာသက်စွာ ကြည့်လိုက်ပြီး....

'သွားသွား....သွားသွားဒဏ်ရာကို ဆေးကုမှဖြစ်မယ်၊ ကျွန်တော်တို့ သမားတော်ကြီး တစ်ယောက်ဆီကို သွားကြရအောင်'

ဖုကျဲ့က ဂရုဏာသက်ဟန်ဖြင့် ပြောလိုက်၏။

နတ်တောင်သခင်မ နှာခေါင်းရှုံ့လိုက်ပြီး....

'ဟွန်း....တောထဲတောင်ထဲမှာ ဘယ်ကသမားတော် ရှိမှာ'
လဲ



ဖုကျဲ့ ပါးစပ်ပိတ်ထားလိုက်သည်။

ယခု သူတို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုပင် ဖုကျဲ့ မသိပါ။

လဂ်ချူးထိ၏လက်မှလွတ်အောင် ခြေဦးတည့်ရာ ပြေးလွှားလာခဲ့မိခြင်းကြောင့် ဘယ်ရောက်၍ ဘယ်ပေါက်သည်ကိုပင် သတိမပြုမိနိုင်ခဲ့ချေ။

ဖုကျဲ့ တွေးတောနေစဉ်မှာပင် နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာလေသည်။

'ဒီနေရာကနေ အနီးဆုံးဆိုတဲ့ လူနေမြို့ရွာကို အရောက်သွားမယ်ဆိုရင်တောင် အနည်းဆုံး မိုင်နှစ်ဆယ်လောက်သွားရလိမ့်မယ်'

ဖုကျဲ့ သက်ပြင်းချလိုက်သည်။

'မိုင်နှစ်ဆယ်ဝေးလဲ ဘာတတ်နိုင်မှာလဲဗျာ၊ မသွားလို့မှ မဖြစ်တာ'

နတ်တောင်သခင်မ နှာခေါင်းရှုံ့လိုက်သည်။

'မသွားလို့ မဖြစ်ဘူး ဟုတ်လား၊ မင်းဘာနားလည်လို့ လဲ၊ ဒီနေရာနဲ့ အနီးဆုံးဆိုတဲ့ 'ဆီဟာနယ်'မှာ ဘယ်သူက ဩဇာလွှမ်းမိုးထားသလဲဆိုတာ မင်းသိရဲ့လား'

'ဟာ....ကျွန်တော် ဘယ်သိပါ့မလဲဗျ'

နတ်တောင်သခင်မက....

'အေး....မသိရင်မှတ်ထား 'ဆီဟာနယ်'ဟာ လဂ်ချူးထိရဲ့ နယ်ပဲ'

'ဗျာ'

'လီချူးထိဟာ နယ်စားကြီးနဲ့ အလွန်ရင်းနှီးတယ်၊ နယ်စားကြီးရဲ့ နန်းတော်ထဲကို တံခါးမရှိ ဓါးမရှိ ဝင်နိုင်တဲ့လူပဲ'

ဖုကျီ ငိုင်သွားလေသည်။

လီချူးထိအား ကြောက်ရွံ့နေမိလေသည်။

ဆီဟာနယ်သို့ သွားလျှင် ကြိမ်းသေ ဒုက္ခရောက်မည်ဟု ယုံကြည်မိလေသည်။

သို့သော် တစ်စုံတစ်ခုကို သတိပြုမိသည့်အခါ....

'ဟင်....ငါလမ်းမှာ တွေ့ခဲ့တဲ့ ကြော်ငြာတွေထဲမှာ ကြင်ယာလောင်း ရွေးမယ့်နေရာဟာ ဆီဟာနယ် ဖြစ်နေပါလား'

သူ၏မျက်လုံးထဲ၌ ရွှေမင်းသမီးလေး၏ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်လာမိ၏။

ကြင်ယာရွေးပွဲတွင် ဝင်ယှဉ်ပြိုင်လိုစိတ်မရှိသော်လည်း သွားရောက်ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ဖုကျီ တွေးတောစဉ်းစားနေစဉ် နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာ၏။

'ဟုတ်ပြီ ငါအကြံရပြီ'

ဖုကျီ ကြောင်အမ်းအမ်း ဖြစ်သွား၏။ နတ်တောင်သခင်မအား စိုက်ကြည့်လိုက်ပြီး....

'ဘွားဘွားက ဘာတွေများအကြံရနေတာလဲ'

'တို့ဆီဟာနယ်ထဲ သွားကြမယ်'

'ဗျာ....'



ဖုကျီ ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ဘွားဘွား၊ လီချူးထိက ဆီဟာနယ်မှာဩဇာအရှိန်အဝါကြီးမားတယ်ဆို'

နတ်တောင်သခင်မက ပြုံးလိုက်၏။

'အေးလေ....ဒါကြောင့် အဲဒီကို သွားမယ်လို့ ပြောတာပေါ့'

'ဟာ....ကျွန်တော်တို့ ဒုက္ခရောက်ကုန်မှာပေါ့'

'မပူစမ်းပါနဲ့ကွာ၊ ငါတို့အဲဒီကို သွားမယ်လို့ သူထင်ပါ့မလား'

ဖုကျီသည် နတ်တောင်သခင်မမှာ ရူးသွပ်နေပြီဟု ထင်မိလေသည်။

နတ်တောင်သခင်မက ဆက်ပြောလိုက်၏။

'ငါတို့က နယ်စားကြီးရဲ့ နန်းတော်ထဲကို ရောက်အောင် သွားကြမယ်၊ လီချူးထိက အိပ်မက်တောင် မက်မိမှာ မဟုတ်ဘူး'

ဖုကျီ မနေနိုင်တော့ပါ။

'ဘွားဘွား သတိလဲထားပါဦး၊ ဘွားဘွားပြောတဲ့အတိုင်း လုပ်လို့ လီချူးထိက မသိရင်တောင်ပါသေးရဲ့၊ သူသာသိသွားမယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် ငရဲအိုးထဲရောက်သွားသလို ဖြစ်နေလိမ့်မယ်ဗျာ'

ဖုကျီက စိတ်ပျက်လက်ပျက် ပြောလိုက်ရာ နတ်တောင်သခင်မ ရယ်မောလိုက်သည်။

'မင်းကလဲ စိုးရိမ်တတ်ရန်ကော၊ လဝီချူးထိဟာ အထင် တစ်ခွဲသားနဲ့ လူစားမျိုးပါ၊ ငါတို့သွားလိမ့်မယ်လို့ သူ့အနေ နဲ့ ထင်မှာမဟုတ်ပါဘူး'

'ကောင်းပြီလေ....ဘွားဘွား သဘောပဲ၊ တကယ်လို့ အန္တရာယ်ဖြစ်လာရင် ဘွားဘွားကိုထားပြီး ကျွန်တော် ထွက် ပြေးသွားတယ်လို့ အပြစ်မတင်နဲ့နော်'

နတ်တောင်သခင်မ ရယ်မောလိုက်ပြန်လေသည်။

'အေးပါ....အေးပါ....ငါမပြောပါဘူး'

'ဒါဆိုရင်လဲ သွားကြမယ်'

နတ်တောင်သခင်မက သဘောတူသဖြင့် ဖုကျို က သူမ အား ပွေ့ချီပြီး အရှေ့ဘက်ဆီသို့ ဦးတည်၍ ခပ်သွက်သွက် လျှောက်လှမ်းသွားလေတော့သည်။

....၀....

## သိုင်းသမား

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

နတ်တောင်သခင်မသည် ရေခဲလှောင်ထားသည့် အဆောက် အအုံအတွင်းမှ ထွက်ရန် မစဉ်းစားချေ။

ထို့ကြောင့် ဖုကျို နေမထိထိုင်မသာ ဖြစ်လာရလေတော့ သည်။

သုံးရက်လုံးလုံး ပိတ်လှောင် ခံနေခဲ့ရသည့်အပြင် အစားအသောက်လည်း ဖြစ်သလိုစားသောက်ခဲ့ကြရသည် မဟုတ်ပါလား။

ဆီးဟာ နယ်စားကြီးသည် ဧည့်သည်တော်များ အတွက် အသားငါး၊ ဟင်းသီးဟင်းရွက်များကို သိုလှောင်ထားပုံရလေသည်။

ရေခဲများ လှောင်ထားသည့် အဆောက်အအုံ အတွင်းရှိ အခန်းတစ်ခုအတွင်း၌ အသားငါးများ၊ ဟင်းသီးဟင်းရွက်များကို ရေခဲရိုက်ထားလေသည်။

ထို့ကြောင့်....

နတ်တောင်သခင်မအဖို့ အဆင်ပြေသွားရ၏။

သူမသည် သားစိမ်း ငါးစိမ်းများကိုပင် ယူစားနေခဲ့လေသည်။

ဖုကျိုက သက်သတ်လွတ်စားသူဖြစ်၍ ဟင်းသီးဟင်းရွက်များဖြင့်သာ ရောင့်ရဲတင်းတိမ်နေခဲ့ရ၏။

သုံးရက်လုံးလုံး မုန့်ညင်းရွက်အစိမ်းကိုသာ စားနေရသဖြင့် ကြာသော် ဖုကျိုမှာ ငြီးငွေ့လာ၏။

နတ်တောင်သခင်မလည်း ချက်ပြုတ်ပြီးသား စားသောက်ဖွယ်ရာများ စားသောက်လိုစိတ် ဖြစ်ပေါ်နေ၏။



သူတို့သည် ရေခဲတုံးများပေါ်၌ မနေကြတော့ဘဲ ခေါင်မိုးထုတ်တန်းပေါ်၌ တက်နေကြလေသည်။

နတ်တောင် သခင်မသည် သုံးရက်အတွင်း၌ အချိန်ရတိုင်း သိုင်းပညာကို ငြိမ်၍လေ့ကျင့်ခဲ့ပြီး အသင့် ဆောင်ထားသည့် အသက်ကယ်ဆေးများသောက်ကာ ဒဏ်ရာကိုလည်း ဆေးလိမ်းခဲ့သဖြင့် အတော်ကြီး သက်သာလာပြီဖြစ်သည်။

နတ်တောင်သခင်မသည် လှုပ်လှုပ်ရှားရှား လုပ်လာနိုင်သည်နှင့် အငြိမ်မနေတော့ပါ။

အဆောက်အအုံအတွင်းမှ ထွက်ရန် စိုင်းပြင်းလေတော့၏။

'မင်း ဒီအထဲမှာပဲစောင့်နေ၊ ငါပြန်လာခဲ့မယ်'

နတ်တောင် သခင်မက ဖုကျိုအား မှာကြားကာ အပြင်ဘက်ကို တိတ်တဆိတ် ထွက်သွားလေသည်။

မကြာမီ သူမ ပြန်လည်ရောက်ရှိလာ၏။

သူမနှင့်အတူ ကြက်ကြော်၊ ဘဲကင်၊ အရက် စသော စားသောက်ဖွယ်ရာများ ပါလာ၏။

နယ်စားကြီး၏ နန်းတော်ထဲသို့ ဝင်ရောက်ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

သူမသည် အသားဟင်းများကို ဖုကျိုရှေ့တွင် ချပေးရင်း....

'ကဲ....အားပါးတရသာ စားပေတော့'

ဟု ပြောလိုက်လေသည်။

ဖုကျို ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် စားလို့ မဖြစ်ပါဘူးခင်ဗျာ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် သက်သက်လွတ် စားတယ်ဆိုတာ ဘွားဘွားသိပါတယ်'

'မင်း... သေသွားချင်ပြီလား'

'ဗျာ...'

'ခုချိန်မှာ သက်သက်လွတ်စားနေရင် အားအင်ကုန်ခမ်းပြီး မင်းသေသွားလိမ့်မယ်'

ဖုကျို ပြုံးလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် သေချင် သေသွားပါစေ၊ မစားနိုင်ဘူး'

မည်သို့မျှ ပြောချ၍မရသဖြင့် နတ်တောင်သခင်မ လက်လျှော့လိုက်ရလေတော့သည်။

'ကောင်ပြီလေ၊ မင်းထိုက်နဲ့မင်းကံပေါ့'

သူမသည် ခိုးယူလာသည့် စားသောက်ဖွယ်များကို အားရပါးရ စားသောက်လိုက်လေသည်။



ဖုကျိုက ဟင်းသီးဟင်းရွက်များကို စားသောက်နေသည်ဖြစ်ရာ သူမ စိတ်မကောင်း ဖြစ်မိလေသည်။

ထို့ကြောင့်....

'မင်းကို ငါက ထက်မြက်တဲ့ သိုင်းကွက်တွေ သင်ပေးမယ်၊ မင်းဘယ်လို သဘောရသလဲ'

'ဘွားဘွားက ဘာကြောင့် ကျွန်တော့်ကို သင်ပေးချင်ရတာလဲ'

ဖုကျိုက ပြန်မေးလိုက်ရာ....

နတ်တောင်သခင်မက....

'မင်းဟာ စိတ်ကောင်းရှိတယ်၊ ငါ့ကို ကူညီခဲ့လို့ ငါ့အပေါ်မှာ ကျေးဇူးရှိနေတယ်၊ ဒါကြောင့် ငါက မင်းကို ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ သင်ပေးချင်တာပါ'

ထိုအခါမှ ဖုကျို လက်ခံလိုက်လေသည်။

'ကောင်းပါပြီဗျာ၊ သင်ပါ့မယ်'

'ဒါဆို... ငါပြောပြတာတွေကို သေသေချာချာ မှတ်ထား'

သူမသည် ဖုကျိုအား သူမ၏အကောင်းဆုံး သိုင်းကွက်များကို ရှင်းပြကာ သင်ကြားပေးလိုက်လေသည်။

သူမ သင်ကြားပေးသည့် သိုင်းကွက်များမှာ လက်ဝါးသိုင်းကွက်သုံးကွက်၊ ဖမ်းချုပ်သိုင်းကွက် သုံးကွက် ဖြစ်လေ၏။

'ငါသင်ပေးလိုက်တဲ့ သိုင်းကွက်တွေဟာ တစ်ခုနဲ့တစ်ခုဆက်စပ်မှုရှိနေတယ်၊ ခြောက်ကွက်စလုံး ပေါင်းစည်းပြီးအသုံးပြုလို့လဲရတယ်၊ ငါ့ရဲ့သိုင်းကွက်တွေကို 'ပန်ခူးလက်' လို့ခေါ်တယ်'

ဖုကျိမှာ ရေခဲလှောင်ထားသည့် အဆောက်အအုံ အတွင်း၌ နေထိုင်ရသည်မှာ ပျင်းရိလာပြီ ဖြစ်လေသည်။

ထို့ကြောင့် နတ်တောင်သခင်မ သင်ကြားပေးသည့်သိုင်းကွက်များကို အထူးဝီရိယစိုက်ကာ လေ့ကျင့်လိုက်၏။

ဖုကျိ၏ ကြိုးစား အားထုတ်မှုကြောင့် ငါးရက် အတွင်း၌ ထိုသိုင်းကွက်များကို လေ့ကျင့် တတ်မြောက် သွားခဲ့လေတော့သည်။

....o....

ဖုကျိသည် နတ်တောင်သခင်မ သင်ကြားပေးသော သိုင်းကွက်များကို အချိန်ရတိုင်း လေ့ကျင့်နေလေသည်။

ထို့ကြောင့် ကြာလေ၊ ကျွမ်းကျင်လာလေ ဖြစ်သည်။



နတ်တောင်သခင်မသည် ရေခဲလှောင်အိမ်အတွင်းမှ ထွက်သွားရန် မစဉ်းစားပါ။

သူမသည်လည်း အချိန်ရတိုင်း သိုင်းပညာ လေ့ကျင့်နေလေသည်။

ဗိုက်ဆာလျှင် ထွက်သွားပြီး သူမပြန်လာသောအခါ စားသောက်ဖွယ်ရာများ အတော်များများ ပါလာတတ်သည်။

သူမ ယူလာသမျှသည် အသားနှင့်မကင်းသော ဟင်းများသာဖြစ်၍ ဖုကျိအနေဖြင့် စားသောက်ခြင်းမပြုပါ။

နတ်တောင်သခင်မ၏ ဒဏ်ရာသည် ပို၍ဆိုးဝါးလာလိမ့်မည်ဟု ထင်မိသော်လည်း တဖြည်းဖြည်းသက်သာလာသည်ကို တွေ့ရသဖြင့် ဖုကျိ အံ့သြမိလေသည်။

သူမ၏ ရုပ်ရည်မှာလည်း တဖြည်းဖြည်း ရင့်ရော်လာ၏။

အသက် သုံးဆယ်အရွယ် အမျိုးသမီးတစ်ယောက် အသွင်သို့ ပြောင်းလဲ ဖြစ်ပေါ်လာလေသည်။

မိန်းကလေးငယ်ဘဝမှ စတင်တွေ့ဆုံခဲ့ရသော ဖုကျိသည် သူမ၏ပြောင်းလဲမှုကို တအံ့တသြဖြစ်ရပြီး သူမ၏သိုင်းပညာကို ပို၍ လေးစားလာလေသည်။

တစ်နေ့....

နတ်တောင်သခင်မသည် ရေခဲဆောင်အပြင်ဘက်သို့ ထွက်သွားပြီးမကြာမီ ပြန်ဝင်ရောက်လာလေသည်။

သူမ၏လက်ထဲ၌ ဘဲကင်တစ်ကောင်နှင့် စွပ်ပြုပ် တစ်ပန်းကန် ပါလာ၏။

'ရော့...မြန်မြန်သောက်လိုက်၊ မင်းအတွက် ငါယူလာတာ'

ဖုကျိ ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်တော် မသောက်ပါရစေနဲ့ခင်ဗျာ'

'ဘာဖြစ်လို့လဲ၊ အသားမပါတဲ့ မြူစွမ်ပြုပ်ပါကွ'

မြူစွမ်ပြုပ်၏အနံ့မှာ မွှေးကြိုင်နေလေသည်။

ဖုကျိ သွားရည်ကျလာ၏။

'အသားမပါတဲ့ စွပ်ပြုပ်ဆိုတော့ ကျေးဇူးပါပဲဗျာ'

ဖုကျိသည် နတ်တောင်သခင်မ၏လက်ထဲမှယူကာ အားရ ပါးရ စားသောက်လိုက်လေသည်။

စွပ်ပြုပ် ပန်းကန်မှာ တက်တက်စင်အောင် ပြောင်သွားလေသည်။

'ဟား...ဟား...ဟား'

နတ်တောင်သခင်မ သဘောကျစွာ ရယ်မောလိုက်လေ၏။

ဖုကျိ မျက်မှောင် ကြုတ် သွား၏။

'ခင်ဗျား ဘာရယ်တာလဲဗျ'

'မင်းကို သဘောကျလို့ပေါ့'

'ဘာဗျ'



'မင်း စားလိုက်တာ အသားစွပ်ပြုပ်ဆိုတာ မသိဘူးလား'

ဖုကျိ ဒေါသထွက်သွားလေတော့သည်။

သက်သတ်လို့ စားသောက်နေမှုကို နတ်တောင်သခင်မက ဖျက်ဆီးလိုက်ပြီ မဟုတ်ပါလား။

'ခင်...ခင်ဗျား ယုတ်မာလှချည်လား'

နတ်တောင်သခင်မ ခါးထောက်လိုက်သည်။

'ဩော်...မင်းက ငါ့စေတနာကို စော်ကားတယ်ပေါ့လေ၊ မင်း မစားမသောက်ဘဲနေရင် ဒုက္ခရောက်သွားလိမ့်မယ်၊ ဒါကြောင့် ငါက တမင် လိမ်ပြီးကျွေးတာ'

ဖုကျိမှာ သူမအား အပြစ်ပြောရန် ခက်သွားရ၏။

မည်သို့ဆိုစေ တစ်သက်လုံး စောင့်ထိန်းလာခဲ့သော သီလမှာ ပျက်သွားရပြီ ဖြစ်လေသည်။

နတ်တောင်သခင်မက....

'သိုင်းသမားဆိုတာ ကုန်ခမ်းသွားတဲ့ အင်အားတွေကိုဖြည့်ဆည်းနိုင်အောင် အာဟာရရှိရှိ စားသောက်နိုင်ဖို့ အရေးကြီးတယ်'

ဖုကျိက မထူးတော့ပြီဟု သဘောပိုက်ကာ စိတ်လျှော့အားလိုက်လေသည်။

နတ်တောင်သခင်မအား စိုက်ကြည့်ရင်း ...

'ကျွန်တော်တို့ ဒီအထဲမှာ တစ်သက်လုံး ဒီအတိုင်းနေသွားကြရတော့မှာလားဗျ'

'စိတ်ချစမ်းပါ၊ နောက် ငါးရက်လောက်ဆို တို့ဒီအထဲက ထွက်သွားလို့ရပြီ'

ဖုကျိ ဝမ်းသာသွားသည်။

'ဘွားဘွား တကယ်ပြောတာနော်'

'တကယ်ပေါ့'

'ဟာ....ဝမ်းသာလိုက်တာဗျာ'

နတ်တောင်သခင်မ ပြုံးလိုက်သည်။

'နောက်ကို ဒီထက်တောင် ဝမ်းသာရဦးမယ်'

ဖုကျိမျက်မှောင် ကြုတ်သွားသည်။

'ဘွားဘွား၊ ဘာကို ဆိုလိုတာလဲ'

'ဟင်း....ဟင်း၊ မင်းဟာ ခုဆိုရင် အသားလဲ စားပြီးပြီ နောက်ဆိုရင် မိန်းမတောင် ယူရဦးမယ်'

'ဟာ....'

'ဘာလဲ၊ မင်းသဘောမကျဘူးလား'

ဖုကျိ၏မျက်နှာ နီရဲသွားလေသည်။



နတ်တောင် သခင်မအား ဒေါသလည်း ဖြစ်လာသည်။ သူမနှင့်အတူ ဆက်ပြီးနေလိုစိတ်ပင် ကုန်ခမ်းသွား၏။

'ဘွားဘွား တော်တော်ဆိုးတာပဲ၊ ကျွန်တော်သွားတော့မယ်'

ဖုကျိသည် စကားဆုံးသည်နှင့် ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်စမ်း'

နတ်တောင်သခင်မက ဟန့်တားလိုက်သည်။

သို့သော် ဖုကျိက ခြေလှမ်းမရပ်ဘဲ မကြားချင်ဟန်ဆောင်ကာ ဆက်၍လျှောက်သွားသည်။

နတ်တောင်သခင်မ၏မျက်နှာ ခက်ထန်သွား၏။

'မင်း.... သေချင်ပြီထင်တယ်'

ဖုကျိက ဂရုမစိုက်ဘဲ ရှေ့ဆက် လျှောက်သွားသည်။

အမှန်တော့ နတ်တောင်သခင်မ၏ စိတ်နေသဘောထားအမှန်ကို သူ မသိနိုင်ပါ။

ရုတ်တရက် သူမ၏စိတ်ဓာတ်အမှန် ပေါ်လွင်လာလေသည်။

'မင်းက ငါ့စကားကိုနားမထောင်ဘဲ ထွက်သွားလို့ရမယ် ထင်နေသလား'

သူမက လက်ညှိုးတစ်ချက် တောက်ထုတ် လိုက်သည်နှင့်....

'အမယ်လေး'

ဖုကျိမှာ လွတ်ခနဲ အော်ကာ လဲကျသွားလေသည်။

သို့သော် ချက်ချင်းပြန်လည်၍ လူးလှိမ့်ထလိုက်၏။

နာကျင်သွားသော ညာဘက်ဒူးခေါင်းကို လက်ဖြင့်ပွတ်ရင်း....

'ဘွားဘွား ဘယ်လိုလုပ်လိုက်တာလဲဗျ'

နတ်တောင်သခင်မက....

'ငါက မသွားနဲ့ဆိုရင် မသွားဘဲနေမှကြိုက်တာ'

ဖုကျိ နှာခေါင်း ရှုံ့လိုက်သည်။

'ဒီမှာဘွားဘွား၊ ကျွန်တော်ဟာ ဘွားဘွားကို စေတနာနဲ့ ကူညီတဲ့ လူပါ ဘွားဘွားရဲ့ အခိုင်းအစေ မဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ် မင်းထွက်မသွားရဘူး၊ ငါနဲ့ပဲနေရမယ်'

ဖုကျိ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်ကို ဒီလိုအကြပ်ကိုင်လို့ မရပါဘူးဗျာ'

စကားဆုံးသည်နှင့် ဖုကျိက ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

နတ်တောင်သခင်မက အံကြိတ်ကာ....



'မင်း....တော်တော် ခေါင်းမာပါလား၊ ငါ့ရဲ့ အသက်ခြွေအင်းကို မြည်းကြည့်ချင်တယ်ထင်တယ်'

ဖုကျိမှာ သိုင်းလောကသား မဟုတ်သဖြင့် အသက်ခြွေအင်းဆိုသည်မှာ ဘာမှန်းမသိပါ။

ထို့ကြောင့် ဂရုမစိုက်ဘဲ ရှေ့ဆက် လျှောက်သွားလေ၏။

'သိကြသေးတာပေါ့'

နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ဖုကျိသည် တစ်ကိုယ်လုံး ထုံကျဉ်သွားပြီး....

'ဝုန်း....'

ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

....o...

ဖုကျိုတစ်ကိုယ်လုံး ထုံကျဉ်နေ၏။

'ဘွားဘွား ဘယ်လိုလုပ်လိုက်တာလဲ'

ဖုံကျိုက အော်ပြောရင်း ကြိုးစားပြီး ထလိုက်၏။

သို့သော် သူ၏တစ်ကိုယ်လုံးမှာ တောင့်တင်းကြီး ဖြစ်ကာ လှုပ်ရှား၍ မရတော့ပါ။

ဖုကျို ထိတ်လန့်သွားလေတော့သည်။

ထိုစဉ်မှာ နတ်တောင်သခင်မ၏ အေးတိအေးစက် စကားသံ ထွက်ပေါ်လာလေသည်။

'ကဲ....ငါ မပြောဘူးလား၊ မင်းထွက်သွားလို့ မရနိုင်ပါဘူးလို့'

ဖုကျိုက အံကြိတ်ကာ လူးလှိမ့်ထရန် ကြိုးစားလိုက်၏။

ထိုအခါ ခန္ဓာကိုယ်တွင်းမှ အတွင်းအားလှိုင်းများဖြစ်ပေါ်လာလေတော့သည်။

အတွင်းအားလှိုင်းများသည် သွေးကြောများအတိုင်း တစ်ကိုယ်လုံး လျင်မြန်စွာ လှည့်ပတ်သွားလေသည်။

လီချူးတိ သွေးကြော ပိတ်ထားခဲ့စဉ်က ယခုကဲ့သို့ အတွင်းအားလှိုင်းများ ဖြစ်ပေါ်လာသည်နှင့် သွေးကြောများအလိုလို ပွင့်သွားခဲ့လေသည်။

သို့သော် ယခုတစ်ကြိမ်၌မူ....



အတွင်းအားလှိုင်းများ ဖြစ်ပေါ်လာသည်နှင့် သူ၏တစ်ကိုယ်လုံး ယားယံနာကျင် လာလေတော့သည်။

'ဘွားဘွားကို ကျွန်တော်ကယ်ခဲ့တာ အခုလို ကျွန်တော့်ကို နှိပ်စက်ဖို့ မဟုတ်ဘူးဗျ....'

ဖုကျိုက ဒေါသတကြီး အော်ပြောလိုက်လေသည်။

နတ်တောင်သခင်မက ရယ်မောလိုက်လေသည်။

'ငါက မင်းကို သတိပေးနေပါလျက်နဲ့၊ မင်းက အသက်ခြေအင်းကို ဂရုမှမစိုက်တာကိုး'

'ဘာဗျ....'

'အခုတော့ အသက်ခြေအင်းအကြောင်း မင်းသိပြီ မဟုတ်လား....'

ဖုကျိုသည် ယခုမှ 'အသက်ခြေအင်း' ဆိုသည့် စကားရပ်ကို သတိပြုမိလာလေသည်။

'အသက်ခြေအင်း ဆိုတာ ဘာလဲဗျ....'

'ဟင်း....ဟင်း....ဟင်း မင်းကကိုယ်တိုင် ခံလိုက်ရတာတောင် ဘာမှန်းမသိသေးဘဲကို၊ ကောင်းပြီ မင်းသိအောင် ငါပြောပြမယ်'

နတ်တောင်သခင်မသည် ဖုကျိုအား အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်လေသည်။

'လောက်တာ့တို့လူစု ငါ့ကို ကြောက်ရွံ့ နေကြတာဟာ အသက်ခြေအင်းဆိုတဲ့ အဆိပ်လက်နက်ပုန်းကြောင့်ပဲ အသက်ခြေအင်း ယယားရင် တစ်ကိုယ်လုံး ယားယံ ထုံကျဉ်နေမယ်၊ သိုင်းပညာ အသုံးပြုလို့ မရနိုင်တော့ဘူး၊ အကြောင်းမသိရင် ဘယ်လောက်တော်တဲ့ သမားတော်ပဲဖြစ်ဖြစ်၊ ကုသပေးလို့ ရနိုင်မှာ မဟုတ်ဘူး၊ ဖြေဆေး ငါ့ဆီမှာပဲရှိတယ်'

'ဘွားဘွားက လောက်တာ့တို့ကို အသက်ခြေအင်းနဲ့ အကြပ်ကိုင်ထားတာပေါ့'

ဖုကျိုက အထိတ်တလန့် ပြန်မေးမိသည်။

နတ်တောင်သခင်မက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ဟာ တစ်နှစ်တစ်ကြိမ် ငါ့ဆီကိုလာပြီး ဖြေဆေးယူရတယ်၊ ဖြေဆေးကို တစ်နှစ်တစ်ကြိမ် မှန်မှန် မသောက်ရင် ဒုက္ခရောက်မှာပဲ'

'ဘွားဘွားက သူတို့ကို အကြပ်ကိုင်ပြီး ခိုင်းစေနေတာပေါ့ ဟုတ်လား'

နတ်တောင်သခင်မက အဖြေမပေးဘဲ နေလေသည်။

ဖုကျိုသည် ယခုမှ လောက်တာ့ကို သတိရလာသည်။ လီချူးထိကြောင့် အသက်လုကာ ပြေးလာခဲ့ရသဖြင့် လောက်တာ့မည်သည့်နေရာ၌ ကျန်ရစ်ခဲ့သည်ကို သတိမပြုမိခဲ့ကြပေ။



လောက်တာ့က နတ်တောင်သခင်မအား ရန်ရှာခဲ့သည်မှာ သူမ၏ အကြပ်ကိုင်မှုကို မခံနိုင်တော့၍ဖြစ်ကြောင်း ယခုမှနားလည် သဘောပေါက်လာပြီး စိတ်မကောင်း ဖြစ်သွားရလေသည်။

'အစကတည်းက ဒီလိုမှန်းသာသိရင် သူ့ကို ငါမကယ်ခဲ့ပါဘူး'

ဖုကျို မကျေမနပ် ဖြစ်နေစဉ်မှာပင် နတ်တောင်သခင်မ၏ စကားသံ ထွက်ပေါ်လာလေသည်။

'အခု မင်းလဲ 'အသက်ခြေအင်း' ထိထားပြီ၊ ငါ့စကားကို နားမထောင်ရင် ဒုက္ခရောက်လိမ့်မယ်'

'ကျွန်တော် ဘယ်တော့မှ နားမထောင်ဘူးဗျ....'

ဖုကျိုက မခံမရပ်နိုင်ဟန်ဖြင့် အော်ပြောလိုက်လေသည်။

သို့သော် နတ်တောင်သခင်မကား စိတ်ဆိုးသွားခြင်း မရှိပါ။

'ထားပါတော့လေ၊ မင်းက ငါ့အသက်ကို ကယ်ခဲ့တာကြောင့်၊ ဖြေဆေးတစ်လုံး ပေးလိုက်ပါ့မယ်'

ပြောပြောဆိုဆို ဖုကျိုအနီးသို့ လှမ်းလာပြီး အဝါရောင် ဆေးလုံးကလေးတစ်လုံး တိုက်ကျွေး လိုက်လေသည်။

ဖုကျိုက မသောက်ဘဲ ငြင်းဆန်ရန် ကြိုးစားသော်လည်း မရပါ။

ဆေးလုံးကလေး သောက်လိုက်ရသည်နှင့် တစ်ပြိုင်နက် ယားယံ ထုံကျဉ်နေသည့် ဝေဒနာများ တစ်မဟုတ် င်း ပျောက်ကွယ်သွားသည်။

ခြေလက်များ ဆန့်ဘန်းကာ လှုပ်ရှားလာနိုင်လေသည်။

ဖုကျို က နတ်တောင်သခင်မအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

'ဘွားဘွားက ဖြေဆေးပေးလဲ ကျွန်တော်ကျေးဇူးတင်မှာ မဟုတ်ဘူးဗျ....'

ဖုကျို က တမင်သက်သက်ပင် အရွဲ့တိုက် ပြောလိုက်၏။

နတ်တောင်သခင်မ ရယ်မောလိုက်သည်။

'ကိစ္စမရှိဘူး အခုမဟုတ်လဲ နောက်တော့ မင်းကျေးဇူးတင်လာရမှာပါ၊ ဘာ့ကြောင့်လဲဆိုတော့ မင်းရဲ့ဝေဒနာဟာ ရှင်းရှင်း ပျောက်ကင်းသွားတာမှ မဟုတ်တာ၊ တစ်နှစ်တစ်ခါ ပြန်ထလာလိမ့်မယ်၊ ငါ့ဆီက ဖြေဆေးကို မသေမချင်း တစ်နှစ်တစ်ခေါက် တောင်းနေရတော့မှာပေါ့'

'တောက်....ခင်....ခင်ဗျား....'

နတ်တောင်သခင်မက....

'ငါက မင်းကို လောက်တော့တို့လို တစ်သက်လုံး အသုံးချဖို့ မရည်ရွယ်ပါဘူး၊ ငါ့ရဲ့ ဝေဒနာမပျောက်ခင် ငါ့အနားမှာ စောင့်ရှောက်ပေးထားရင် တော်ပါပြီ'



ဖုကျို လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

'ခြော်....ဘွားဘွားက ကျွန်တော် ထွက်သွားမှာ စိုးရိမ်လို့ တမင် လုပ်လိုက်တာပေါ့....'

'ဟုတ်တယ်၊ ငါအတွင်းအား ပြန်ရလာမှ မင်းထွက် သွားရမယ်၊ အဲဒီအခါကြရင် အသက်ခြွေအင်း အဆိပ်ကို ဘယ်လိုဖြေရမလဲဆိုတာ ငါသင်ပေးမယ်'

ဖုကျို မှာ ပါးစပ်ပိတ်ထားရုံမှလွဲ၍ ဘာမျှ ပြောစရာ မရှိတော့ချေ....။

....o....

ငါးရက်ဟူသော အချိန်ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ဖုကျို သည် ပျင်းရိငြီးငွေ့စရာ ကောင်းလှသော အချိန်များကို သိုင်းပညာ လေ့ကျင့်ရင်း ဖြုန်းပစ်ခဲ့လေသည်။

နတ်တောင်သခင်မကလည်း သိုင်းကွက်သဘောတရားများကို ရှင်းပြသည်။

သွေးကြောပိတ်ပညာ၊ ကိုယ်ဖော့ပညာနှင့် အတွင်းအား အသုံးပြုကာ အဆိပ်ဖြေနည်း ပညာရပ်များကိုလည်း သင်ကြား ပေးခဲ့ပေသည်။

နတ်တောင်သခင်မနှင့်အတူ နေထိုင်ခဲ့သည့် အချိန်ကာလ အတွင်း ပန်းခူးလက် သိုင်းခြောက်ကွက်နှင့် အဆိပ်ဖြေနည်း ကိုးမျိုး ကျွမ်းကျင်စွာ တတ်မြောက် သွားခဲ့လေသည်။

ဖုကျိုမှာ မမျှော်လင့်ဘဲ သိုင်းသမားတစ်ယောက်အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲ ရောက်ရှိလာလေတော့၏။

....o....

တစ်ည....

ရေခဲလှောင်ထားသော အခန်းအတွင်း၌ မှောင်မည်းနေ၏။ ဖုကျိုနှင့် နတ်တောင်သခင်မတို့သည် ခေါင်မိုး ထုတ်တန်းပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။



'ငါ့ခြေထောက်ကဒဏ်ရာ တစ်နေ့တစ်ခြား သက်သာလာပြီ၊ ငါ့ရဲ့ အတွင်းအား ပြည့်ဝဖို့ ခုနစ်ရက်လောက်ပဲ လိုတော့တယ်၊ မကြာခင် ငါတို့နှစ်ယောက် လမ်းခွဲကြရလိမ့်မယ်'

ဖုကျိုသည် နတ်တောင်သခင်မအား သဘောမကျပေ။

သို့သော် ရက်အတန်ကြာ အတူတကွ နေထိုင်ခဲ့ရသဖြင့် ခွဲခွာ ရမည်ဆိုသောအခါ စိတ်မကောင်း ဖြစ်လာရလေသည်။

'ဘွားဘွားကို ကျွန်တော် တောင်းပန်ချင်ပါတယ်'

နတ်တောင်သခင်မက....

'ဘာလဲ လောက်တာ့တို့ကို ခွင့်လွှတ်လိုက်ဖို့ ပြောမလို့ မဟုတ်လား'

'ဟင်....ဘွားဘွား ဘယ်လိုလုပ်ပြီး သိတာလဲ'

နတ်တောင်သခင်မက ရယ်မောလိုက်သည်။

'မင်းက သူတို့အကြောင်းကို မသိသေးတော့ ငါ့ကို လူဆိုးကြီးတစ်ယောက်လို့ ထင်နေမှာပေါ့၊ ငါပြောမယ် လောက်တာ့တို့ လူစုဟာ ထင်သလိုနေ၊ ထင်သလို လုပ်ကြတဲ့ လူတွေပဲ၊ ငါ သူတို့ကို အကြပ်ကိုင်ထားတာကလဲ ငါ့ကို မနှောင့်ယှက်နိုင် အောင်လို့ အဓိက ရည်ရွယ်တာပဲ'

ဖုကျို ဘာမျှ မပြောတော့ပေ။

နတ်တောင်သခင်မ အကြောင်းကိုလည်းကောင်း၊ လောက်တာ့တို့၏ အကြောင်းကို လည်းကောင်း ရေရေရာရာ မသိသဖြင့်

သူ့အနေနှင့် လက်ပိုက်ကြည့်နေခြင်းက အကောင်းဆုံးဟု တွေးမိလိုက်သည်။

သူတို့နှစ်ယောက် စကားပြောဆိုနေကြစဉ်မှာပင် ရုတ်တရက် အပြင်ဘက်မှ စူးရှသော အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

'အစ်မရေ....ရှင်ဘယ်မှာလဲ....'

ထိုအသံကို ကြားလိုက်ရသည်နှင့် ဖုကျူတို့ ထိတ်လန့်သွားကြလေသည်။

'လီချူးထိ လိုက်လာပြီ'

'ဟုတ်တယ်....'

'ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ....'

'အသာနေဦး'

သူတို့နှစ်ယောက် တုတ်တုတ်မျှ မလှုပ်ဘဲ နားစွင့် နေလိုက်ကြလေသည်။

'အစ်မရေ....ညီမကို ထွက်မတွေ့တော့ဘူးလား....'

လီချူးထိ၏ အသံသည် နီးလာလိုက်၊ ဝေးသွားလိုက်ဖြင့် နေရာမှန် မရှိဘဲ ထွက်ပေါ်နေ၏။

သူမသည် နယ်စားကြီး၏ နန်းတော်အတွင်း၌ လှည့်ပတ်ရှာဖွေနေခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။



နတ်တောင်သခင်မက မျက်နှာမဲ့ကာ....

'ဟွန့်....သေအောင်ရှာတောင် ငါ့ကိုတွေ့မှာ မဟုတ်ဘူး'

ဖုကျူ ငြိမ်နေလိုက်၏။

လီချူးထိအသံ ထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ်တွင် ရေခဲလှောင်အိမ်ရှေ့ တည့်တည့်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။

'အစ်မ ဒီအထဲမှာ ပုန်းနေတယ် မဟုတ်လား....'

လီချူးထိက အမှန်တကယ် မသိဘဲ မှန်းဆကာ ပြောနေခြင်းဖြစ်ကြောင်း နတ်တောင်သခင်မ ရိပ်မိလေသည်။

သို့သော် ဖုကျူမှာမူ ထိတ်လန့်သွားပြီး....

'ဟာ....'

လွှတ်ခနဲ အော်လိုက်မိလေသည်။

လီချူးထိ၏အသံ ထွက်ပေါ်လာပြန်သည်။

'အထဲက အသံဗလံတွေ ကြားတယ်၊ မမ ပုန်းနေတယ် မဟုတ်လား။ ထွက်လာခဲ့ပါရှင် ဒါမှမဟုတ်ရင်တော့ ကျွန်မနဲ့ အင်ကိုထင်းအကြောင်း မမ သိနိုင်တော့မှာ မဟုတ်ဘူး'

နတ်တောင်သခင်မ လှုပ်လှုပ်ရှားရှား ဖြစ်သွားမှန်း ဖုကျူ သတိပြုမိလိုက်လေသည်။

လီချူးထိက....

'တကယ်တော့ အစ်ကိုထင်းက ကျွန်မကို ချစ်တာပါ၊မမက သူ့ကို ဇွတ်အတင်း လိုက်ကြိုက်နေတော့ သူရှောင် သွားရတာ ပေါ့၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် တိတ်တဆိတ် အဆက် အသွယ် ရှိကြတယ်ဆိုတာ မမ မသိဘူး မဟုတ်လား'

'တောက်....မိန်းမယုတ် ညည်းကသာ ဇွတ်အတင်း လိုက် ကြိုက်တာ အစ်ကိုထင်းက ညည်းကို ချစ်မယ်တဲ့လား'

နတ်တောင်သခင်မသည် ခံပြင်းလာသဖြင့် စိတ် မထိန်းနိုင် တော့ဘဲ အော်ပြောလိုက်ခြင်း ဖြစ်လေသည်။

သူမ၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် ဖုကျို လန့်ဖြန့်သွား၏။

'ဘွားဘွား တိုးတိုး ပြောပါဗျ....'

ကပျာကယာ သတိပေးလိုက်လေသည်။

မည်သို့ဆိုစေ လီချူးထိသည် ရေခဲလှောင်အိမ် အတွင်း၌ သူတို့ ပုန်းအောင်းနေကြောင်း သိသွားပြီ ဖြစ်လေသည်။

'ဟင်း....ဟင်း....ဟွင်း.... မမက ပုန်းနေတာကိုး၊ မြန်မြန် ထွက်လာခဲ့ပါရှင်၊ မမကို အသက်ချမ်းသာ ပေးပါ့မယ်'

ဖူကျို ဟန့်တားနိုင်ခြ[illegible]ရှိမီ နတ်တောင်သခင်မသည် အောက်ဘက်သို့ စုန်းခနဲ ခုန်ချလိုက်သည်။



ထို့နောက် အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေ သည်။

ဖုကျို မနေနိုင်တော့ပါ။

ထုတ်တန်းပေါ်မှခုန်ဆင်းပြီး နတ်တောင်သခင်မနောက်သို့ လိုက်သွားရလေတော့သည်။

....o....

ရေခဲလှောင်အိမ်သည် အတော်ကြီးမားသော အဆောက် အအုံတစ်ခု ဖြစ်သည်။

အတွင်းဘက်၌ အခန်းကြီးငါးခန်းဖြင့် ဖွဲ့စည်းထား၏။

ဖုကျို ပြေးလိုက်သွားသောအခါ ရှေ့ဆုံးအခန်းတွင်း တဝုန်းဝုန်း မြည်သံများ ထွက်ပေါ်နေသည်ကို ကြားရ လေ သည်။

ဖုကျိုက အခန်းတံခါး ဆွဲဖွင့်လိုက်သည်။

အခန်းအတွင်း၌ အမှောင်ထု လွှမ်းမိုးနေသဖြင့် ရုတ်တရက်တွင် မည်သည့်အရာကိုမျှ ပီပီပြင်ပြင် မတွေ့ရှိရပါ။

'ဘယ်သူလဲ....'

လီချူးထိအသံ ဖြစ်လေသည်။

မရွေးမနှောင်းမှာပင်....

'ဟင်း....ဟင်း....သူဟာ လောကပေါ်မှာ အချောဆုံးယောကျ်ားတစ်ယောက်ပေါ့....'

'မမ တကယ် ပြောတာလား....'

'ဘာလဲ... မင်းကြည့်ချင်လို့လား....'

'ဟေ့.... မြန်မြန် ဝင်လာခဲ့စမ်း....'

လီချူးထိ၏ အသံဖြစ်လေသည်။

ဖုကျိ ရင်ထိတ်သွား၏။

ထိုအချိန်တွင် မီးရောင်တစ်ချက် ဝင်းလက်သွား၏။

လီချူးထိ မီးတုတ်တစ်ခုအား မီးထွန်းညှိလိုက်ပြီး ခရဲတုံးများကြား၌ ထောင်ထားလိုက်၏။

မီးရောင်ထွက်ပေါ်လာသဖြင့် နတ်တောင်သခင်မနှင့် လီချူးထိတို့ သဲကြီးမဲကြီး တိုက်ခိုက်နေကြခြင်းကို တွေ့ရလေသည်။



သူတို့နှစ်ယောက်၏ တိုက်ခိုက်မှု အရှိန်အဟုန်ကြောင့် မီးတုတ်နှင့် မီးတောက်မှာ တဖျပ်ဖျပ် လူးလွန့်နေလေတော့သည်။

သူတို့၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှဖြင့် မည်သူက လီချူးထိ မည်သူက နတ်တောင်သခင်မဖြစ်ကြောင်း ခွဲခြား၍ပင် မရနိုင်ပါ။

ရုတ်တရက် ဟုတ်ခနဲ အသံတစ်ချက် ထွက်ပေါ်လာလေသည်။

မီးတုတ် ငြိမ်းသွားပြီး တစ်ခန်းလုံး မှောင်မည်းသွားလေသည်။

ဖုကျိ ရင်ထိတ်သွားလေသည်။

နတ်တောင်သခင်မမှာ ခြေတစ်ဘက် ဒဏ်ရာရရှိထားသဖြင့် ကြာလျှင် အရေးနိမ့်သွားနိုင်သည်ဟု ယူဆမိလေသည်။

သူမအတွက် စိုးရိမ်နေသော်လည်း မည်သို့မျှမတတ်နိုင်သဖြင့် လက်ပိုက်ကြည့်နေရသည်။

ထိုစဉ်....

'ဝုန်း....'

'အား....'

စူးရှ ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ဖုကျိ မျက်လုံးပြူးသွား၏။

'ဟင်....ဘွားဘွားရဲ့အသံပါလား'

သူ၏အသံနှင့် မရှေးမနှောင်းတွင် လိချူးထိ၏အသံထွက်ပေါ်လာ၏။

'ဟင်း....ဟင်း....ကျွန်မရဲ့သိုင်းကွက် ဘယ်လိုနေသလဲ မမရဲ့၊ သဘောကျတယ် မဟုတ်လား'

ဖုကျိ ပို၍စိုးရိမ်သွားမိလေသည်။

နတ်တောင်သခင်မ ဒုက္ခရောက်တော့မည်ဟုလည်း ထင်မှတ်လာ၏။

'ငါ ဘယ်လိုလုပ် ကူညီရပါ့မလဲ'

သူ တွေးတောနေစဉ်မှာပင် လေတိုးသံ ထွက်ပေါ်လာပြီး လူတစ်ယောက် သူ၏အနီးသို့ ရောက်ရှိလာလေသည်။

ဖုကျိ ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

'သူ့ကို ဒုတိယသိုင်းကွက်နဲ့ တားထားလိုက်စမ်း'

အနီးသို့ရောက်လာသူ၏ တီးတိုးစကားသံကို ကြားလိုက်ရသည်။

'ဟင်....ဘွားဘွား'



သူ့ကို တီးတိုးပြောလိုက်သူမှာ နတ်တောင်သခင်မ ဖြစ်သည်။

'ငါပြောသလို မြန်မြန်လုပ်'

စကားသံဆုံးသွားသည်နှင့် ဖုကျိနံဘေးမှ ဖြတ်ကျော်ကာ နောက်ကျောဘက်သို့ ရောက်ရှိသွားလေသည်။

ဖုကျိ ကြောင်အမ်းအမ်းဖြစ်နေ၏။

ထိုစဉ်မှာပင် ပြင်းထန်သော အင်အားတစ်ခု သူ၏ရင်ဝသို့ တိုးဝင်လာသည်ကို သတိပြုမိလိုက်လေသည်။

ဖုကျိ စဉ်းစားရန် အချိန်မရတော့ပါ။

နတ်တောင်သခင်မ သင်ကြားပေးသည့် သိုင်းကွက်ခြောက်ကွက်မှ ဒုတိယသိုင်းကွက်ဖြင့် ခုခံလိုက်ရလေသည်။

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ဖုကျိရင်ထဲ အောင့်သက်သက်ဖြစ်သွား၏။

ကပျာကယာ နောက်ဆုတ်လိုက်ပြီး နတ်တောင်သခင်မ သင်ကြားပေးသည့် အသက်ခြွေအင်း အဆိပ်ဖြေသည့် ပညာဖြင့် ကုစားလိုက်ရ၏။

ထို့ကြောင့် တစ်ခဏအကြာတွင် အောင့်သက်သက် ဝေဒနာများ ပျောက်ကွယ်သွားလေသည်။

'မင်း ဘယ်သူလဲ၊ ပန်းချူးလက် သိုင်းကွက်ကို ဘယ်လို လုပ် တတ်နေတာလဲ'

လီချူးထိက တအံ့တဩ မေးလေသည်။

ဖုကျိ အဖြေမပေးမီ နတ်တောင်သခင်မက ကြားဖြတ်ပြော လိုက်၏။

'ငါသင်ပေးလိုက်တာပေါ့'

'ဟွန်း....မမက သူ့ကို အသုံးချမလို့ပေါ့လေ'

လီချူးထိသည် စကားဆုံးသည်နှင့် ဖုကျိအနီးမှ ဖြတ်ကျော်သွားပြီး နောက်ဘက်တွင် ရပ်နေသည့် နတ်တောင်သခင် မအား တိုက်ခိုက်လိုက်လေသည်။

နတ်တောင်သခင်မကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ သူတို့နှစ်ယောက် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသဖြင့် ဖုကျိ စိတ်ပျက်လာလေသည်။

'ခင်ဗျားတို့ ဘာကြောင့် ဒီလောက်တောင် တငြိုးတကြီး ဖြစ်နေရတာလဲဗျ'

'မင်း ဘာသိလို့လဲ၊ သူ့ကြောင့် ထင်းတိချူး သိုင်းလော ကက ဇာတ်မြှုပ်သွားတာ'



လီချူးထိက အော်ပြောလိုက်၏။

'ဘာပြောတယ်၊ ငါ့ကြောင့် မဟုတ်ဘူး၊ ညည်းကြောင့်ဆို တာ ဝန်ခံလိုက်စမ်းပါ'

'မမက ဇွတ်အတင်း လိုက်ကြိုက်ပေမယ့် သူက မမကိုမကြိုက် တာ'

'ညည်းစကား ကြည့်ပြော'

သူတို့နှစ်ယောက် အော်ပြောရင်း သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြပြန်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အမှောင်ထုလွင့်ပါးသွားပြီး အလင်းရောင် ထွက်ပေါ်လာ သည်။

နတ်တောင်သခင်မနှင့် လီချူးထိတို့မှာ သူတစ်ပြန် ကိုယ် တစ်ပြန် တိုက်ခိုက်နေကြဆဲပင်။

သူတို့သည် ရေခဲဆောင်အတွင်းမှ နေ၍ အပြင်ဘက်သို့ ရောက်ရှိသွားကြသည်။

ထိုမှတစ်ဖန် နန်းတော်အပြင်ဘက်သို့ လည်းကောင်း၊ မြို့ ပြင်ဘက်သို့လည်းကောင်း ရောက်ရှိသွားကြလေသည်။

ဖုကျိက နောက်မှ လိုက်သွား၏။

မြို့ပြင် တောအုပ်တစ်နေရာသို့ ရောက်ရှိသွားသောအခါ....

'ဝုန်း....'

ကျယ်လောင်သောအသံဆာစ်ချက် ထွက်ပေါ်လာလေသည်။ အသံနှင့်အတူ နတ်တောင်သခင်မနှင့် လင်္ချူးထိတို့ မြေပေါ်သို့ ပြိုင်တူလဲကျသွားလေတော့သည်။

....ဝ....

လှိုင်စာပေ
အမှတ် ၁၅/၁၃ဂ၊ ၆ လမ်း
တောင် ဥ ကြို
ဖုန်း ၂၁၇၄၄

**ကြားလူ**

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လေဝေ့ယမ်း တိုက်ခတ်လာသောအခါ ရော်ရွက်ကလေးများ ဝေ့ကာဝဲကာဖြင့်ကြွေကျလာ၏။

လင်္ချူးထိနှင့် နတ်တောင်သခင်မတို့ မြေပေါ်တွင်မလှုပ်မယှက် လဲကျနေလေသည်။

ဖုကျိုက သူတို့နှစ်ယောက်ကို မျက်လုံးပြူး၍ ငေးကြည့်နေမိလေသည်။

'ဒုက္ခပါပဲ....နှစ်ယောက်စလုံး သေသွားကြပြီ ထင်ပါရဲ့'

ထိုစဉ်....

'အင်း....အင်း '

ညည်းညူသံနှင့်အတူ လီချူးထိ ခုန်ထလာလေသည်။

ဖုကျိ ရင်ထိတ်သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်သည်။

သို့သော်....

'မင်း ဘယ်ပြေးမလဲ'

လီချူးထိက လက်ညှိုးဖြင့် ဆတ်ခနဲ လှမ်းထိုးလိုက်ရာ...

'အမယ်လေးဗျ'

ဖုကျိ မြေပေါ် ခွေခနဲ လဲကျသွားလေသည်။

ယခု မြေပေါ်တွင် မားမားမတ်မတ် ရပ်တည်နိုင်သူဟူ၍ လီချူးတစ်ယောက်သာ ရှိနေပေတော့သည်။

လီချူးထိက....

'မမ ခုတော့ ဘာတတ်နိုင်သေးသလဲ'

ပြောရင်း နတ်တောင်သခင်မအနီးသို့ ချဉ်းကပ်သွား၏။

ဖုကျိက....

'ခင်ဗျား မတရား မလုပ်နဲ့'



ဟူ၍ ဟန့်တားလိုက်လေသည်။

မည်သို့ဆိုစေ....လီချူးထိက အရေးမစိုက်ပါ။

နတ်တောင်သခင်မက ငုံ့ကြည့်လိုက်ပြီး....

'ဟင်...မမ သေသွားပြီကိုး'

နတ်တောင်သခင်မ မလှုပ်မယှက် ဖြစ်နေသည်။

လီချူးထိက....

'မမ တကယ်သေ မသေ ကျွန်မ စမ်းကြည့်ပါရစေနော်'

ပြောရင်း နတ်တောင်သခင်မ၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဖျောက်....'

အသံသဲ့သဲ့ ထွက်ပေါ်လာ၏။

နတ်တောင်သခင်မ၏ နံရိုးများ ကျိုးသွားကြောင်း ထင်ရှားပေသည်။

လီချူးထိ ခေါင်းညိတ်လိုက်သည်။

'အင်း....မမ တကယ် သေသွားပြီပဲ'

ဖုကျိ ဒေါသခြောင်းခြောင်း ထွက်လာသည်။

'ခင်ဗျား ယုတ်မာလှချည်လား'

ခံပြင်းမှုကြောင့် ဖြစ်ပေါ်လာသည့် အတွင်းအားလှိုင်းများသည် ပိတ်ဆို့နေသော သွေးကြောများကို တွန်းဖွင့် ပစ်လိုက်လေသည်။

ဖုကျိက ချက်ချင်းပင် ခုန်ထလာနိုင် လေတော့သည်။

ထိုအချိန်မှာပင် သေချပ်ဟန် ဆောင်နေသည့် နတ်တောင်သခင်မသည် လီချူးထိအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်ကို တွေ့မြင်ရ၏။

'ဝုန်း....'

'အား....'

လီချူးထိ မြေပေါ် လဲကျသွားလေသည်။

ဖုကျိက ဥာဏ်များပြီး ကြောက်စရာကောင်းသော သူတို့နှစ်ယောက်အား ငေးကြည့်နေမိတော့သည်။

....o....



နေမှန်းတည့်ပြီ ဖြစ်သည်။

နတ်တောင်သခင်မနှင့် လီချူးထိတို့ မလှုပ်မယှက် လဲနေကြသဲ....

ဖုကျိက သူတို့နှစ်ယောက်၏ ကြားၥ ရပ်နေ၏။

ရုတ်တရက် လီချူးထိကော နတ်တောင်သခင်မပါ မျက်လုံး ပွင့်လာကြလေသည်။

ဖုကျိ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကပျာကယာ လက်ကာပြလိုက်ပြီး....

'ခင်ဗျားတို့နှစ်ယောက် ဆက်ပြီး မတိုက်ခိုက်ကြပါနဲ့တော့ ခင်ဗျာ'

နှစ်ယောက်စလုံး သေလုမြောပါး ဒဏ်ရာ ရရှိသားကြသဖြင့် ကရုဏာ သက်နေမိခြင်း ဖြစ်လေသည်။

နတ်တောင်သခင်မက....

'ဖုကျိ သူ့ကို သတ်ပစ်လိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

လီချူးထိ မျက်နှာ ပျက်သွားလေသည်။

ဖုကျိအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

သူတို့၏ သိုင်းပညာ မည်မျှပင်အစွမ်းထက်မြက်နေစေကာမူ ဒဏ်ရာ ပြင်းထန်စွာ ရရှိထားသဖြင့် သာမန် လူတစ်ယောက်မျှပင် ခွန်အား မရှိကြတော့ချေ။

ဖုကျ်ိကြ တိုက်ခိုက်မည်ဆိုလျှင် သူတို့ ဒုက္ခရောက်ဖို့သာ ရှိလေသည်။

ဖုကျိုက နတ်တောင် သခင်မ၏ အမိန့်ကို နာခံခြင်း မရှိပါ။

'ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော် မလုပ်နိုင်ပါဘူး'

ထိုစကားကြားလျှင် လီချူးထိ ဝမ်းသာ သွားလေသည်။

'သူငယ် မင်း ငါ့ကို ကူညီမယ်ဆိုရင် မင်းကို ငါဆုချမယ်၊ သူ့ကို မင်းသတ်ပစ်လိုက်ပါ'

ဟူ၍ ဖုကျိအား လှမ်းပြောလေသည်။

ဖုကျိက....

'ကျွန်တော် မလုပ်နိုင်ပါဘူးဗျာ'

'မင်းကို ငါက သိုင်းပညာ သင်ပေးပါ့မယ်'

'ကျွန်တော် မလုပ်နိုင်ပါဘူးဗျာ'

ဖုကျိုက ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်လေသည်။

လီချူးထိ စိတ်ပျက်သွားသည်။

'ဘာဖြစ်လို့လဲကွယ့်'

'ဒေါ်ဒေါ်တို့နှစ်ယောက်ဟာ ဂိုဏ်းတူညီအစ်မတွေဆိုတာ ကျွန်တော် သိပါတယ်၊ ဆရာကြီး ထင်းတိချူးအတွက် စိတ်ဝမ်း ကွဲခဲ့ကြတယ်ဆိုတာလဲ ကျွန်တော် နားလည်ပါတယ်၊



ကိုယ့်အချင်းချင်းတွေပဲ၊ ဘာကြောင့် ရက်ရက်စက်စက် တိုက်ခိုက်ချင်ကြရတာလဲဗျာ'

လီချူးထိ ဒေါသထွက်သွားသည်။

'ဟေ့....လာပြီ၊ ဆုံးမမနေနဲ့၊ ဝေးဝေးသွားစမ်း'

ဟု အော်ငေါက်လိုက်သည်။

နတ်တောင်သခင်မက....

'ဖုကျိ....မင်းရူးနေသလား၊ သူ့ကို ရှင်းပစ်လိုက်မှ မင်း အသက်သာမယ်ဆိုတာ မင်း မသိဘူးလား'

ဖုကျိ မလှုပ်မယှက် ရပ်နေ၏။

နတ်တောင်သခင်မက....

'ငါက သူ့ကိုကြောက်လို့ မင်းကိုခိုင်းတာ မဟုတ်ဘူး'

ဤတွင် လီချူးထိက....

'မမပညာ ဘယ်လောက်များရှိလို့ ဒီလောက် ကြီးကျယ်နေရတာလဲ၊ တကယ်တမ်း ကျွန်မကို ယှဉ်နိုင်လို့လား'

နတ်တောင်သခင်မ ဒေါသထွက်သွား၏။

'ငါ့ရဲ့ ပန်းပွင့်လက်ညှိုးသိုင်းကွက်ကို ညည်း ခံနိုင်လို့လား'

'မမပညာက ဘယ်လောက်များ ထူးဆန်းလို့လဲ'

နတ်တောင်သခင်မက....

'ဖုကျိ၊ ငါ့ကိုယ်စား သူ့ကို ပညာပြလိုက်စမ်းပါ'

'ဟာ....ဘယ်ဖြစ်မလဲဗျ'

'ငါက မင်းကိုတိုက်ခိုက်ဖို့ ခိုင်းတာမဟုတ်ဘူး၊ ငါ့ရဲ့သိုင်းကွက်ကို သရုပ်ပြပေးဖို့ ပြောတာ'

'ဗျာ....လရုပ်ပြပေးရမယ် ဟုတ်လား'

'ဟုတ်တယ်၊ သူသိသွားအောင် ပြပေးရုံပဲ'

'ကျွန်တော်မှ မတတ်တာ'

'ငါသင်ပေးမှာပေါ့'

နတ်တောင်သခင်မနှင့် လီချူးထိတို့သည် မြေပေါ်၌ ထိုင်နေရန်ပင် မနည်းကြိုးစားနေရ၏။

ထို့ကြောင့် ခြေလက်များ စိတ်တိုင်းကျ လှုပ်ရှားနိုင်ခြင်း မရှိပါ။

သိုင်းကွက်အနေအထားကို နှုတ်မှပင် ပြောပြရလေသည်။

ဖုကျိက သေသေချာချာ နားထောင်လိုက်၏။

ထို့နောက် လီချူးထိ၏ရှေ့သို့ လျှောက်သွားပြီး....

'နတ်တောင်သခင်မရဲ့ပန်းပွင့်လက်ညှိုးသိုင်းကွက်ဟာ ဟောဒီလိုပါဗျာ'

ပြောရင်း လက်မနှင့်လက်ညှိုးကိုခွေကာ သေဆဲသို့ တောက်ထုတ်လိုက်၏။



သောက်ခနဲမြည်သံ ထွက်ပေါ်လာလေသည်။

လီချူးထိ မျက်မှောင်ကြုတ်သွား၏။

နတ်တောင်သခင်မက....

'ကဲ....ငါ့ရဲ့သိုင်းကွက်ကို တွေ့ပြီမဟုတ်လား၊ ညည်းဘာတတ်နိုင်သေးသလဲ'

ဟု ဝင့်ကြွားစွာ ပြောလိုက်၏။

လီချူးထိ အံကြိတ်လိုက်သည်။

'ကျွန်မ ဘာကြောင့် မခုခံနိုင်ရမှာလဲ၊ ပိတုန်းဝတ်ရည်စုပ်သိုင်းကွက်နဲ့ တန်ပြန်လိုက်မှာပေါ့'

နတ်တောင်သခင်မက....

'ညည်းရဲ့သိုင်းကွက်က ဘယ်လိုမျိုးလဲ'

လီချူးထိက....

'မင်း ငါ့အနားကိုလာစမ်းပါ'

ဟု ဖုကျိအား လှမ်းခေါ်လိုက်လေသည်။

ဖုကျိက နတ်တောင်သခင်မအား လှမ်းကြည့်လိုက်သည်။ နတ်တောင်သခင်မက ခေါင်းညိတ်ပြလိုက်၏။

ဖုကျိက လီချူးထိအနီးသို့ လှမ်းသွားလိုက်၏။

လီချူးထိက....

သူမသည် ပိတန်းဝတ်ရည်စုပ် သိုင်းကွက်အနေအထားကို သေသေချာချာ ရှင်းပြလိုက်လေသည်။

ဖုကျိက မှတ်သားထားလိုက်၏။

လ ီချူးထိက....

'မင်းရပြီ မဟုတ်လား'

'ဟုတ်ကဲ့ ...ရပါပြီ'

'ကဲ....ဒါဆို သူ့ကိုပညာပြလိုက်စမ်းပါ'

ဖုကျိက နတ်တောင်သခင်မထံသို့ လှမ်းသွားပြီး....

'သူ့ရဲ့ ပိတုန်းဝတ်ရည်စုပ် သိုင်းကွက်ဟာ ဟောဒီလိုပါ ခင်ဗျာ'

ပြောရင်း လ ီချူးထိ သင်ကြားပေးသည့်အတိုင်း ပြုလုပ်ပြလိုက်လေသည်။

နတ်တောင်သခင်မသည် ဖုကျိကိုကြည့်ကာ မျက်မှောင်ကြုတ်၍ လေးလေးနက်နက် စဉ်းစားနေလေသည်။

လ ီချူးထိက....

'ဘယ့်နှယ်လဲ၊ မမရဲ့ သိုင်းကွက်ကို ချေဖျက်ပစ်နိုင်တဲ့အပြင် ပြန်ပြီးတိုက်ခိုက်နိုင်တယ်ဆိုတာ မမယုံပြီလား'

ဟု လှမ်းပြောလေသည်။

နတ်တောင်သခင်မ မကျေမနပ် ဖြစ်သွားသည်။



'ညည်းသိုင်းကွက်က ဘာဟုတ်သေးလို့လဲ၊ ဖုကျိ ငါ့အနား ကိုလာခဲ့စမ်း'

ဖုကျိအား ခေါ်လိုက်ပြီး သိုင်းကွက်တစ်ကွက် သင်ကြား ပေးလိုက်သည်။

တစ်ဖန် လ ီချူးထိ၏ရှေ့တွင် ထိုသိုင်းကွက်ကို ထုတ်ဖော် ပြသစေလေသည်။

လ ီချူးထိက အားကျမခံ နတ်တောင်သခင်မ၏သိုင်းကွက် ကို ချေဖျက်ပြီး ပြန်လည်တိုက်စစ်ဆင်နိုင်မည့် သိုင်းကွက်ကို ဖုကျိအား သင်ကြားပေးလိုက်ပြီး နတ်တောင်သခင်မရှေ့တွင် ထုတ်ဖော်ပြသစေလေသည်။

နတ်တောင်သခင်မနှင့် လ ီချူးထိတို့သည် ထိပ်တန်းသိုင်း ပညာရှင်များပီပီ သူတို့၏ အကောင်းဆုံး သိုင်းကွက်များကို ထုတ်ဖော်ကာ ဖုကျိအား ကြားလူအဖြစ်ထားပြီး သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြလေသည်။

ဖုကျိမှာ နတ်တောင်သခင်မထံ၌ သိုင်းကွက်ကို လေ့ကျင့် ကျက်မှတ်ပြီး လ ီချူးထိထံသို့ပြေးလိုက်၊ လ ီချူးထိသင်ကြား ပေးသောသိုင်းကွက်ကို မှတ်သားထားကာ နတ်တောင်သခင်မ ထံပြေး၍ ထုတ်ဖော်ပြသလိုက်ဖြင့် ယက္ကန်းစင်မှ လွန်းကလေး သဖွယ် ခေါက်တုန့်ခေါက်ပြန် ဖြစ်နေရရှာလေသည်။

နတ်တောင်သခင်မနှင့် လ ီချူးထိတို့ သဲကြီးမဲကြီး ယှဉ်ပြိုင် လာကြရာ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

နေဝန်းနီမှာ အနောက်ဘက် တိမ်းစောင်းစပြုလာပြီ ဖြစ်လေသည်။

နတ်တောင်သခင်မနှင့် လမ်ချူးထိတို့၏ သိုင်းကွက်များသည် အချိန်ကြာလာသည်နှင့်အမျှ ရှုပ်ထွေးဆန်းပြားလာသည်။

ဖုကျိ မနည်းပင် လေ့ကျင့်ကျက်မှတ်ရလေသည်။

ဤသို့ဖြင့် နတ်တောင်သခင်မနှင့်လမ်ချူးထိတို့၏ အကောင်းဆုံးသိုင်းကွက်များကို ဖုကျိ တတ်မှန်းမသိ တတ်မြောက်သွားလေတော့သည်။

သိုင်းကွက်များကို လေ့ကျင့်ပြသရသောအခါ အတွင်းအားကို ထုတ်ဖော်၍လည်းကောင်း၊ ကိုယ်ဖော့ပညာကို အသုံးပြု၍လည်းကောင်း ပြသခဲ့ရသည်ဖြစ်၍ သူ၏အတွင်းအားနှင့် ကိုယ်ဖော့ပညာမှာလည်း ထပ်တလဲလဲ လေ့ကျင့်သလိုဖြစ်ကာ တိုးတက်ကောင်းမွန်လာလေတော့သည်။

အတွင်းအားနှင့် ကိုယ်ဖော့ပညာ တိုးတက်လာလေ ဖုကျိ၏ လှုပ်ရှားမှု လျင်မြန်သွက်လက်လာလေလေပင်....

တစ်ချိန်လုံး ဟိုပြေးသည်ပြေးလိုက်ဖြင့် မနားရသော်လည်း မောပန်း နွမ်းနယ်ခြင်း မရှိသကဲ့သို့ ချွေးတစ်စက်မျှ မထွက်ပါချေ။

ဖုကျိသည် သိုင်းပညာနှင့် အတွင်းအား ကြောက်ခမန်းလိလိ တိုးတက်လာသည်ကို လုံးဝမရိပ်မိခဲ့ပါ။



လမ်ချူးထိနှင့် နတ်တောင်သခင်မတို့ တစ်စထက်တစ်စ မောဟိုက် နွမ်းနယ် လာနေကြသည်ကိုသာ အံ့သြနေမိလေသည်။

လမ်ချူးထိကော နတ်တောင်သခင်မပါ ဝေဒနာကို ကုစားဖို့ စိတ်မကူးကြပါ။

တစ်ယောက်ကို တစ်ယောက် အနိုင်ယူနိုင်ဖို့ အရေးသာ သဲကြီးမဲကြီး အာရုံစိုက်နေကြ၏။

ထို့ကြောင့် နေဝင်မိုးချုပ်အချိန်တွင်....

'ဖုတ်....'

'ဖုတ်....'

လမ်ချူးထိကော နတ်တောင်သခင်မပါ မြေပေါ်သို့ လဲကျသွားကြလေတော့သည်။

....၀....

'အောက်....အီး....အီး....အွတ်'

အဝေးမှ တောကြက်တွန်သံများ ထွက်ပေါ်လာလေသည်။ အရှေ့ဘက်တွင် ရောင်နီများ ပျိုအန်လာ၏။

တစ်ညတာ အချိန်ကုန်ဆုံးသွားတော့မည် ဖြစ်လေသည်။ ဖုကျုံမှာ သစ်ပင်တစ်ပင်ကို ကျောမှီကာ အိပ်ပျော်နေရာမှ ဖျတ်ခနဲလန့်နိုးလာလေသည်။

'ဟင်....မိုးစင်စင်လင်းနေပါကောလား'

ကပျာကယာ ခုန်ထရင်း နတ်တောင်သခင်မနှင့် လင်ချူးထိတို့အား လှမ်းကြည့်လိုက်လေသည်။

ထိုအခါ သူတို့နှစ်ယောက်စလုံး တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေသည်ကို တွေ့မြင်ရ၏။

'ဒုက္ခပဲ၊ ညကတည်းက သူတို့သတိမေ့နေကြတာ၊ ခုထိသတိမရကြသေးပါလား'

ဖုကျုံ စိုးရိမ်ပူပန်သွားပြီး ကပျာကယာ လှမ်းသွားလိုက်လေသည်။

ညက....

နတ်တောင်သခင်မကော လင်ချူးထိပါ မြေပေါ်လဲကျသွားကြသဖြင့် ဖုကျုံက သွားရောက်ဖေးမသောအခါ နှစ်ယောက်စလုံး သတိလစ်မေ့မျောနေကြသည်ကို တွေ့ရလေသည်။



'ဒါပြောတာကို သေသေချာချာ နားထောင်'

ထို့ကြောင့် ဖုကျုံ မည်သို့လုပ်ရမှန်းမသိဘဲ လက်မှိုင်ချခဲ့ရလေသည်။

ဖုကျုံက နတ်တောင်သခင်မအနီးသို့ ဦးစွာရောက်ရှိသွားပြီး စမ်းသပ်ကြည့်လိုက်လေသည်။

'ဟိုက် သူသေသွားပါပကောလား'

မှန်ပေသည်။

နတ်တောင်သခင်မ သေဆုံးနေပြီဖြစ်လေသည်။

ဖုကျုံက လင်ချူးထိထံ ကပျာကယာ ပြေးသွားပြီး စမ်းသပ်ကြည့်လိုက်ပြန်သည်။

'ဟာ....သူလဲ သေနေပြီ'

ဖုကျုံ အထိတ်တလန့် အော်ဟစ်လိုက်မိလေသည်။

လင်ချူးထိရော နတ်တောင်သခင်မပါ သေဆုံးသွားကြပြီဖြစ်လေသည်။

ဖုကျုံသည် သူတို့နှစ်ယောက်ကိုကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်လာသည်။

ထို့ကြောင့်....

'အမယ်လေးဗျ....'

ဟု အော်ဟစ်ကာ ချာခနဲလှည့်ပြီး ထွက်ပြေးသွားလေတော့သည်။

....●....

ဆီဟာမြို့တော်သို့ သွားသည့်လမ်းမကြီးပေါ်၌ ရွာကလေးတစ်ရွာရှိနေ၏။

ဆီဟာမြို့တော်သို့သွားမည့် ခရီးသည်များသည် ထိုရွာကလေးအား ကြားစခန်းတစ်ခုပမာ သဘောထားကာ ခရီးတစ်ထောက် ဝင်နားကြလေ့ ရှိပေသည်။

လူတစ်ယောက်သည် လမ်းမကြီးအတိုင်း ခေါင်းငိုက်စိုက်ချကာ ခပ်သုတ်သုတ် လျှောက်လာလေသည်။

ထိုလူမှာ ဖုကျိ ဖြစ်လေသည်။

ဖုကျိသည် နတ်တောင်သခင်မနှင့် လဲချူးထိတို့ သေဆုံးသွားကြသဖြင့် ထိတ်လန့်ကာ ပြေးထွက်လာခဲ့ရာ ရွာကလေးအနီးသို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။



နေအတော်မြင့်ပြီဖြစ်သည်။

နံနက်စာစားချိန်သို့ ရောက်ရှိနေပြီဖြစ်ရာ ဖုကျိဗိုက်ထဲဆာလောင်လာလေသည်။

ထို့ကြောင့် ဟိုဟိုသည်သည် ကြည့်လိုက်ရာ ရွာကလေးကိုတွေ့မြင်ရလျှင် ဝမ်းသာသွားလေသည်။

'အတော်ပဲ ရွာထဲမှာတော့ စားစရာသောက်စရာ ရနိုင်ကောင်းပါရဲ့'

ဟု တွေးရင်း ရွာကလေးဆီသို့ လှမ်းသွားလိုက်လေသည်။ ရွာထိပ်တွင် စားသောက်ဆိုင်တစ်ဆိုင် ရှိနေပါ၏။

ဆိုင်ရှေ့တွင် မြင်းများမြင်းလှည်းများ ရှိနေသဖြင့် ခရီးသွားများ ခေတ္တအနားယူ စားသောက်နေကြကြောင်း သိနိုင်ပေသည်။

ဖုကျိ ဝမ်းသာသွားလေသည်။

စားသောက်ဆိုင်ကလေးအနီးသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ဆိုင်ထဲ၌ လူစည်ကားနေပါ၏။

ဖုကျိ ဆိုင်ထဲရောက်သွားသောအခါ ဆိုင်လုလင် တစ်ယောက်က ခရီးဦးကြိုပြုကာ နေရာထိုင်ခင်း ပေးလေသည်။

'အစ်ကိုလေး....ဘာများ သုံးဆောင်မလဲ၊ အမိန့်ရှိပါဗျာ'

ဟု မေးလာသောအခါ ဖုကျိက....

'အသားလွတ်ပေါက်စီနဲ့ အသားလွတ် ဆန်ပြုပ်တစ်ပွဲ ပေးပါ'

ဟု မှာကြားလိုက်လေသည်။

ဆိုင်လုလင်က....

'အစ်ကိုလေး မှာတာတွေ မရနိုင်ပါဘူးခင်ဗျာ၊ ဟင်းလျာတွေပဲ ရှိပါတယ်'

ဟု ပြောလေသည်။

ဖုကျိ ခေါင်းကုတ်လိုက်သည်။

'ဒုက္ခပါပဲ၊ ငါက သတ်သတ်လွတ်စားတာကွ'

ပြောရင်း နတ်တောင်သခင်မကြောင့် သူ၏အကျင့်သီလ ပျက်ခဲ့ရသည်ကို သတိရလာကာ စိတ်မကောင်း ဖြစ်မိလေသည်။

ထိုအချိန်မှာပင်....

'လက်စသပ်တော့ မင်းက ဒီမှာရောက်နေတာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျိ လှမ်းကြည့်လိုက်ရာ လူတစ်ယောက် သူ့ထံသို့ တည့်တည့်မတ်မတ် လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။



'ဟင်....လောက်တာ'

ဖုကျိ လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

မှန်ပေသည်။

လှမ်းလာသူမှာ လောက်တာ ဖြစ်ခဲ့လသည်။

လောက်တာသည် ဖုကျိရှေ့သို့ရောက်လာပြီး....

'မင်းတစ်ယောက်တည်းကိုး၊ နတ်တောင်သခင်မနဲ့ လင်ချူးထီတို့ကော ဘယ်မှာလဲ'

ဟု မေးလေသည်။

ဖုကျိ ခေါင်းခါယမ်းလိုက်သည်။

'သူတို့ မရှိတော့ဘူး'

'ဘယ်ရောက်သွားကြလို့လဲ'

'သေကုန်ကြပြီဗျ'

'ဘာကွ....'

လောက်တာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လက်တစ်ဘက်ဆန့်ထုတ်ကာ ဖုကျိ၏ အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်လိုက်ပြီး....

'ပြောစမ်း၊ သူတို့ ဘာကြောင့် သေသွားတာလဲ'

ဟု အော်ငေါက် မေးမြန်းလာလေသည်။

ဖုကျိ မကျေမနပ် ဖြစ်သွားလေသည်။

'လွှတ်ပါဗျ'

ပြောရင်း လောက်တာ့၏လက်ကို ဖယ်ရှားပစ်ရန် ကြိုးစားလိုက်၏။

'ငါမေးတာ ဖြေစမ်း

လောက်တာ့က အောင်ငေါက်ရင်း ဖုကျိအား ပါးရိုက်ချလိုက်လေသည်။

'ဖြန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

ဖုကျိ၏ပါးပြင် နီရဲသွားလေသည်။

'ဟင်....ခင်....ခင်ဗျား....'

'ပြောစမ်း၊ သူတို့ ဘယ်လိုဖြစ်ပြီး သေသွားတာလဲ'

ဖုကျိ ဒေါသဖြစ်နေခြင်းကြောင့် လောက်တာ့၏ အမေးကို မဖြေဘဲနေလိုက်၏။

လောက်တာ့လည်း မကျေမနပ် ဖြစ်သွားသည်။

'ဩော်....မင်း ခေါင်းမာနေတာကိုး၊ ငါ့လက်ထဲက နတ်တောင်သခင်မကို လုယူသွားလို့ ငါဒုက္ခရောက်ခဲ့ရတာ၊ မင်းကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမယ်'



ပြောပြောဆိုဆို လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ဖုကျိကလည်း ငြိမ်ခံမနေတော့ဘဲ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဥ်မှာပင်....

'ရပ်လိုက်စမ်း'

အောင်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျိရော လောက်တာ့ပါ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ အမျိုးသမီးတစ်ယောက် သူတို့ထံသို့ လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။

'ကျားသစ်မ'

လောက်တာ့က လွှတ်ခနဲ ခေါ်လိုက်၏။

သူ၏ လက်တစ်ဘက်သည် ဖုကျိ၏ လက်ကောက်ဝတ်ကို လျှပ်တစ်ပြက်ဆုပ်ကိုင်ကာ သွေးကြောပိတ်လိုက်သည်။

'အွန့်....'

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ဖုကျိ မလှုပ်မယှက်ဖြစ်သွားရလေသည်။

လောက်တာ့က ဖုကျိ၏လက်ကိုဆွဲကာ မြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

'မပြေးနဲ့'

အောင်ငေါက်သံနှင့်အတူ ကျားသစ်မက တစ်ဟုန်ထိုး ပြေးလိုက်လာလေတော့သည်။

....o....

လောက်တာ့သည် ဖကျိ၏လက်ကိုဆွဲကာ ဆိုင်အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

'မပြေးနဲ့'

အောင်ငေါက်သံနှင့်အတူ ကျားသစ်မက ပြေးလိုက်လာလေသည်။

လောက်တာ့က ထွက်ပြေးခြင်းမပြုချေ။

ဆိုင်ရှေ့ မြေကွက်လပ်သို့ ရောက်သည်နှင့် ဖကျိအား မြေပေါ် ပစ်ချလိုက်ပြီး လေချွန်သံတစ်ချက် ပေးလိုက်၏။



ထို့နောက်....

တစ်ဟုန်ထိုးလိုက်လာသည့် ကျားသစ်မနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ကျားသစ်မသည် တစ်မုဟုတ်ချင်းပင် မြေကွက်လပ်သို့ရောက်ရှိလာ၏။

လောက်တာ့နှင့် မျက်နှာချင်းဆိုင်မိသည်နှင့်....

'လောက်တာ့၊ ရှင့်မှာ အသက် ဆယ့်နှစ်ချောင်းရှိလဲ နတ်တောင်သခင်မရဲ့လက်က မလွတ်နိုင်တော့ဘူး'

ကျားသစ်မသည် နတ်တောင်သခင်မနှင့် ပတ်သက်နေသူဖြစ်ကြောင်း ဖကျိ ရိပ်မိလိုက်၏။

'ဟား....ဟား....ဟား'

လောက်တာ့က ဟားတိုက်ရယ်မောလိုက်သည်။

ကျားသစ်မ မကျေမနပ်ဖြစ်သွား၏။

'ရှင် သေချင်ပြီထင်တယ်'

အောင်ငေါက်ရင်း ရှေ့တိုးရန် ဟန်ပြင်လိုက်၏။

'နတ်တောင်သခင်မဟာ ငါ့လက်ချက်နဲ့ သေသွားပြီဆိုတာ မင်းမသိသေးဘဲကိုး'

လောက်တာ့က ပြန်ပြောလိုက်ရာ ကျားသစ်မ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဘာ....ဘာပြောတယ်'

'ငါက လီချူးထိကို အကူအညီတောင်းပြီး သူ့ကိုရှင်းပစ်လိုက်ပြီကွ'

ကျားသစ်မ မျက်နှာပျက်သွား၏။

'လီချူးထိ ဟုတ်လား'

'ဟုတ်တယ်၊ မင်းလဲ အသက်မသေချင်ရင် မြန်မြန်ဒူးထောက်လိုက်စမ်း၊ အသက်ခြေအင်း မိထားတဲ့လူကို ဘယ်လိုဖြေပေးရမယ်ဆိုတာ ပြော၊ မပြောရင် သေရလိမ့်မယ်'

'ရှုတ်တရက်ဆိုသလို ကျားသစ်မက ဟားတိုက်ရယ်မောလိုက်၏။

လောက်တာ့ပင် ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

'မင်း ဘာရယ်တာလဲ'

'ဘာရယ်တာလဲ ဟုတ်သား၊ ရှင်က အသက်ခြေအင်းအဆိပ်ဖြေတဲ့နည်းကို သိချင်လို့ လိမ်ပြောနေတာ၊ ကျွန်မက သူငယ်နှပ်စားလေးမှ မဟုတ်တာရှင့်'

သူမ၏စကားကြောင့် လောက်တာ့၏မျက်နှာကြီး နီမြန်းသွား၏။

'ငါက နတ်တောင်သခင်မကိုတောင် ဖမ်းခေါ်သွားနိုင်ခဲ့တယ်ဆိုတာ မှတ်ထား၊ မင်းလောက်တော့ မမှုသေးဘူး'

လောက်တာ့က ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။



ကျားသစ်မက ခေါင်းညိတ်လိုက်၏။

'ကျွန်မကလဲ ရှင့်ကိုဆုံးမဖို့ လိုက်ရှာနေတာပါရှင့်'

သူတို့နှစ်ယောက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြစဉ် အဝေးမှ လူရိပ်များ ပြေးလွှားလာကြသည်ကို တွေ့ရ၏။

ထိုလူရိပ်များသည် တစ်ခဏအတွင်းမှာပင် မြေကွက်လပ်ရှေ့သို့ ရောက်ရှိလာကြသည်။

လောက်တာ့က ဝမ်းသာသွား၏။

'မြန်မြန်လာကြ၊ ဟောဒီမှာ နတ်တောင်သခင်မရဲ့ ညာလက်ရုံးကို ဖမ်းမိထားပြီ'

ဟု အော်ပြောလိုက်၏။

ပြေးလွှားလာကြသူများသည် မြေကွက်လပ်သို့ ရောက်ရှိလာကြသည်နှင့် ကျားသစ်မအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

....o....

ကျားသစ်မ မျက်နှာပျက်သွား၏။

လောက်တာနှင့် သိုင်းအဖွဲ့ခေါင်းဆောင် အတော်များများသည် ထင်ရှားစိုးနေကြသဖြင့် နတ်တောင်သခင်မက အသက်ခြွေအင်းကို အသုံးပြုကာ ဆုံးမထားခြင်းဖြစ်သည်။

အသက်ခြွေအင်းကြောင့် လောက်တာတို့ ထင်တိုင်းမကျဲနိုင်ကြတော့ဘဲ နတ်တောင်သခင်မ၏အမိန့်ကို နာခံခဲ့ကြရခြင်း ဖြစ်ပေသည်။

လောက်တာတို့မှာ နဂိုကပင် စည်းလွတ်ဝါးလွတ် နေထိုင်ခဲ့ကြသူများဖြစ်၍ နတ်တောင်သခင်မ၏ စည်းကမ်းအောက်တွင် မနေနိုင်ကြချေ။

အချင်းချင်း စုရုံးတိုင်ပင်ကာ နတ်တောင်သခင်မအား အံတုရန် ကြံစည်ခဲ့ခြင်း ဖြစ်သည်။

နတ်တောင်ပေါ်၌ နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ်ကာ တပည့်များနှင့် ထည်ဝါစွာနေထိုင်ခဲ့သည့် နတ်တောင်သခင်မသည် သူမ၏ ထူးခြားသည့်သိုင်းပညာကြောင့် သူငယ်ပြန်ချိန် ရောက်လာရာတွင် အခွင့်အရေးစောင့်နေသည့် လီချူးထိက လာရောက်ရန်ရှာခဲ့သည်။

နတ်တောင်သခင်မ ဒုက္ခရောက်နေစဉ် လောက်တာက သူမအား အခိုင်းအစေထင်မှတ်ကာ ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။



ကျားသစ်မသည် နတ်တောင်သခင်မအား လိုက်လံရှာဖွေနေခြင်း ဖြစ်၏။

ယခု နတ်တောင်သခင်မအား အတုမည့် သိုင်းအဖွဲ့ခေါင်းဆောင်များသည် ကျားသစ်မအား ဝိုင်းရံထားကြပြီ ဖြစ်လေသည်။

သူမ ကြောက်ရွံ၍ မဟုတ်ပါ။

လောက်တာတို့ လူစုံက ပြောင်ပြောင်တင်းတင်းပင် အံတုနေသဖြင့် နတ်တောင်သခင်မအတွက် စိုးရိမ်ကာ မျက်နှာပျက်သွားရခြင်း ဖြစ်သည်။

'ကျားသစ်မကို မိထားပြီ၊ အသက်ခြွေအင်းအတွက် ဖြေဆေး သူထုတ်ပေးနိုင်တယ်'

လောက်တာက အော်ပြော လိုက်လေသည်။

ထိုအခါ ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ထိုအချိန်တွင်....

'နတ်တောင်သခင်မကို တွေ့ပြီဟေ့....'

အော်ပြောသံနှင့်အတူ လူတစ်စု ပြေးလွှား လာကြမြန်သည်ကို တွေ့မြင်ရလေသည်။

ထိုလူစုသည် မြေကွက်လပ်သို့ ရောက်လာကြသည်နှင့်....

'ဝုန်း....'

'ဝုန်း....'

ကျယ်လောင်သော အသံများနှင့်အတူ လူနှစ်ယောက်သည် မြေပေါ်သို့ ကျရောက်လာလေသည်။

'ဟင်....သခင်မ....'

ကျားသစ်မ လွှတ်ခနဲ အော်လိုက်၏။

နတ်တောင်သခင်မ၏အလောင်းနှင့် လီချူးထိ၏ အလောင်းတို့ မြေကွက်လပ်ပေါ်သို့ ကျရောက်လာခြင်း ဖြစ်သည်။

လောက်တာ၏ မိတ်ဆွေများသည် နတ်တောင်သခင်မ၏ အလောင်းကို ရှာဖွေတွေ့ရှိသွားပြီ ဖြစ်လေသည်။

ကျားသစ်မသည် နတ်တောင်သခင်မ၏ အလောင်းကို တွေ့သည်နှင့် ချက်ချင်းပြေး၍ ပွေ့ဖက် လိုက်လေသည်။

'သခင်မ'

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

လောက်တာကသူ၏လူများအား မျက်ရိပ်ပြလိုက်လေသည်။

ထိုအခါ....

'ယား....'



လောက်တာ၏ မိတ်ဆွေများသည် ကျားသစ်မထံ ခုန်ဝင်တိုက်ခိုက် လိုက်ကြလေသည်။

'လူယုတ်မာတွေ သတိသာ ထားပေတော့....'

ကျားသစ်မက အော်ဟောက်ရင်း ပြန်လည်တိုက်ခိုက် လိုက်လေသည်။

သို့သော် အများနှင့်တစ်ယောက် ဖြစ်သောကြောင့်....

'ဝုန်း....'

ကျားသစ်မ လဲကျသွားလေသည်။

သူမချက်ချင်း ခုန်ထလာပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

'ဝုန်း....'

'အား....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ကျားသစ်မ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက် ရသွားသကဲ့သို့ လောက်တာ၏ လူအချို့လည်း မြေပေါ်လဲကျ သွားကြလေသည်။

လောက်တာမှာ လက်ပိုက် ကြည့်မနေနိုင်တော့ပါ။

'သေပေတော့....'

အောင်ငေါက်ရင်း ကျားသစ်မထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ကျားသစ်မကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

လောက်တာ့တို့ လူစုသည် သိုင်းပညာ ထက်မြက်သူများ ဖြစ်ကြလေသည်။

ကျားသစ်မမှာလည်း နတ်တောင်သခင်မ၏ ညာလက်ရုံး ဖြစ်သည်နှင့်အညီ လောက်တာ့တို့လူစုအား ယှဉ်နိုင်သည့် အရည်အချင်း ရှိသည်။

သို့သော် နတ်တောင်သခင်မ သေဆုံးသွားသည်ကို တွေ့မြင်ရသဖြင့် ဝမ်းနည်း ပူဆွေးနေချိန်တွင် လောက်တာ့တို့ လူစု၏ အလစ်ဝင်ရောက် တိုက်ခိုက်ခြင်း ခံခဲ့ရသဖြင့် ကျားသစ်မအဖို့ တစ်ပန်းရှုံးနေရသည်။

အားကိုး အားထား ပြုနေသည့် နတ်တောင်သခင်မ မရှိတော့သဖြင့် စိတ်ဓာတ် ကျဆင်းသွားရာ သူမ၏ သိုင်းကွက်များမှာ ဖရိုဖရဲ ဖြစ်သွားလေသည်။

လောက်တာ့တို့ လူစုသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ တရကြမ်း ဝိုင်းရံ တိုက်ခိုက်ကြသဖြင့် အသာစီး ရသွားကြခြင်းလည်း ဖြစ်၏။

ကျားသစ်မ ခံနေရသည်ကို မြင်သည့်အခါ ဖုကျိ စိတ်မကောင်း ဖြစ်လာလေသည်။

သို့သော်... သွေးကြော ပိတ်ခံနေရသဖြင့် မည်သို့မျှ မကူညီနိုင်ဘဲ လက်ပိုက်ကြည့်နေ ရလေသည်။



ထိုအချိန်မှာပင် လောက်တာ့တို့က ဝိုင်းရံ တိုက်ခိုက် လိုက်ကြသောအခါ....

'ဝုန်း....'

'အား....'

ကျားသစ်မ မြေပေါ် လဲကျ သွားလေတော့သည်။

'မလှုပ်နဲ့....'

လောက်တာ့ကဓားတစ်လက်ကို ကောက်ယူကာ ကျားသစ်မ၏ ရင်ဝ၌ ထောက်ထားလိုက်၏။

ကျားသစ်မ အဖမ်းခံလိုက် ရလေတော့သည်။

လောက်တာ့က....

'ကဲ....အသက်ခြွေအင်း ဖြေဆေးပေးစမ်း....'

ဟု ငေါက်လိုက်၏။

ကျားသစ်မက....

'ကျွန်မကို သတ်ပစ်လိုက်၊ အဆိပ်ဖြေဆေး ဘယ်တော့မှ မရဘူး မှတ်ထား'

'ကောင်းပြီ မင်းသေဖို့သာ ပြင်ထားပေတော့....'

လောက်တာ့က ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်....'

ရုတ်တရက် ဟန့်တားသံ ထွက်ပေါ်လာ၏။

လူရိုင်တစ်ဒု ခုန်ဝင်လာပြီး လောက်တာ့အား တွန်းထုတ်ပစ်လိုက်လေသည်။

'ဝုန်း....'

လောက်တာ့ အဝေးသို့ လွင့်စဉ် သွားလေတော့သည်။

'ဟာ....'

ဝိုင်းရံ ထားကြသူများ တအံ့တသြ ဖြစ်သွားကြ၏။

လောက်တာ့အား တိုက်ခိုက်လိုက်သူအား လှမ်းကြည့် လိုက်ကြ၏။

ထိုလူမှာ ဖုံကျို ဖြစ်လေသည်။

ဖုကျိုသည် ကျားသစ်မ ဒုက္ခရောက်တော့မည့်အဖြစ်ကို တွေ့ရလျှင် ကျူညီလိုစိတ် ပျင်းပျလာပြီး ခုန်ထရန် ကြိုးစားလိုက်၏။

ထိုအခါ အတွင်းအားလှိုင်းများ ဖြစ်ပေါ်လာပြီး ပိတ်ဆို့ထားသော သွေးကြောများ ပွင့်သွားပြီးတကကယ်ပင် ခုန်ထလာနိုင်ခြင်း ဖြစ်လေသည်။

ဖုကျိုက ခုန်ထလာနိုင်သည်နှင့် လောက်တာ့အား တွန်းထုတ်လိုက်ခြင်း ဖြစ်လေသည်။

ကျားသစ်မမှာ အသက်ဘေးမှ လွတ်မြောက် သွားသဖြင့် ဝမ်းသာသွားလေသည်။



ထိုစဉ် လောက်တာ့၏ အဖော်များ သတိဝင်လာကြပြီး....

'တိုက်ကြဟေ့....'

တစ်ယောက်က အော်ပြောလိုက်လျှင် ကျန်လူများလည်း ဩသံပေးကာ ဖုကျိုထံ ပြေးဝင် တိုက်ခိုက် လိုက်ကြလေသည်။

'သတိထား....'

ကျားသစ်မက လှမ်းပြီး သတိပေးလိုက်သည်။

ဖုကျိုလည်း မတတ်သာတော့သဖြင့် နတ်တောင်သခင်မ သင်ကြားပေးသည့် သိုင်းကွက်များ အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်ရလေသည်။

ထိုအခါ....

'ဝုန်း....'

'အား....'

'အမယ်လေး....'

လောက်တာ့၏ အဖော်များ ဖရိုဖရဲဖြင့် နောက်ဆုတ် သွားကြရလေတော့သည်။

ဖုကျို အနိုင်ရလိုက်သည်ကိုမြင်လျှင် ကျားသစ်မ ဝမ်းသာသွားလေသည်။

'ဟင်....မင်းကို သခင်မက သိုင်းပညာ သင်ပေးလိုက်တယ် ဟုတ်လား'

ဟု မေးလေသည်။

ဖုကျို က အကျိုးအကြောင်း ရှင်းပြလိုက်သည်။

ကျားသစ်မ သက်ပြင်း ချလိုက်လေသည်။

'လက်စသတ်တော့ သခင်မက ဝိုးတဝါးနန်းတော်ကို အုပ်ချုပ်ဖို့တာဝန် မင်းကို လွှဲပေးခဲ့တာကိုး'

'ဗျာ....'

ဖုကျို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျားသစ်မက....

'ပန်းချူးလက်သိုင်းကွက်ဟာ နန်းတော်ပိုင်ရှင် တစ်ကောက်တည်းသင်ရတဲ့ သိုင်းပညာပဲ၊ သခင်မက မင်းကို သင်ပေးလိုက်တယ်ဆိုတော့ သူ့ရဲ့အရိုက်အရာကို ဆက်ခံခိုင်းတဲ့ သဘောပေါ့'

သူမသည် ချက်ချင်းပင် လက်နှစ်ဘက်ဆုံပ်ကာ ဦးညွှတ်လိုက်ပြီး....

'နန်းတော်သခင်ကို ဂါရဝပြုပါတယ်'

ဟု ပြောလေသည်။

ဖုကျို မျက်လုံးပြူးသွားလေသည်။



ကျားသစ်မ၏စကားကို လောက်တာ့တို့လူစုလည်း ကြားသွားကြပြီး ထိတ်လန့်သွားကြလေသည်။

ကျားသစ်မက....

'နတ်တောင်သခင်မ မရှိတော့ပေမယ့် ဝိုးတဝါးနန်းတော်သခင် ဒီမှာ ရှိနေပြီ၊ ရှင်တို့အားလုံး ဂါရဝ ပြုကြပါ'

ဟု အော်ပြောလိုက်လေသည်။

လောက်တာ့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

လောက်တာ့သည် ဖုကျိုအား သွေးကြောပိတ်ကာ ဖမ်းဆီးနိုင်ခဲ့သဖြင့် ကြောက်ရွံ့ခြင်း မဖြစ်မိချေ။

'သိကြသေးတာပေါ့'

ဟု ကြုံးဝါးရင်း လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

ဖုကျို ရင်ထိတ်သွားပြီး ကပျာကယာ ပြန်လည် ခုခံလိုက်သည်။

သူတို့နှစ်ယောက် လက်ဝါးချင်း ဆုံတွေ့မိသည်နှင့်....

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

လောက်တာ့မှာ စူးရှစွာ အော်ဟစ်ကာ လွင့်စဉ်သွားလေသည်။

လောက်တာ့၏ အဖော်များ ပို၍ ထိတ်လန့် သွားကြလေတော့သည်။

ကျားသစ်မက....

'ကဲ....ဝိုးတဝါး နန်းတော်သခင်ကို ဂါရဝ ပြုလိုက်စမ်း'

ဟု ငေါက်လိုက်၏။

ထိုအချိန်တွင် လောက်တာ့က လူးလိမ့် ထလာပါ၏။

ဖုကျံအား မယုံကြည်နိုင်စွာ ကြည့်ရင်း....

'မင်း....မင်း....'

သူက ဓားတစ်လက် ကောက်ယူကာ ဒေါသတကြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်....

'အား....'

လောက်တာ့ စူးရှစွာ အော်လိုက်သည်။

လက်ထဲမှဓားကို လွှတ်ချလိုက်ပြီး မြေပေါ်၌ လူးလိမ့်ကာ အော်ဟစ် ညည်းညူ နေလေတော့သည်။

တစ်ကိုယ်လုံး ယားယံနေပုံ ရလေသည်။



အတင်း ကုတ်ခြစ်နေလေရာ အဝတ်အစားများ စုတ်ပြဲကုန်ပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားလေတော့သည်။

ဖုကျံ ထိတ်လန့်သွားသည်။

'ဒါ....ဒါက ဘယ်လိုဖြစ်တာလဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ကျားသစ်မ ရယ်မောလိုက်သည်။

'ဟင်း....ဟင်း....သူဟာ သခင်လေးရဲ့ ပန်းခူးလက် သိုင်းကွက်နဲ့ ရင်ဆိုင်လိုက်ရတာကြောင့် အတွင်းအား ယုတ်လျော့သွားပြီး အသက်ခြေအင်း အဆိပ်တက်လာတာပါ'

ဟု ရှင်းပြလေသည်။

လောက်တာ့ကိုကြည့်ကာ ဖုကျံ စိတ်မကောင်း ဖြစ်သွားလေသည်။

ဆက်၍ မကြည့်လိုတော့သဖြင့်....

'သူ့ကို အဆိပ်ဖြေဆေး ပေးလိုက်ရင် ကောင်းမယ်'

ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။

ကျားသစ်မ ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ သခင်လေး'

သူမသည် အနီရောင် ဆေးလုံးကလေး တစ်လုံးထုတ်ကာ....

‘ရော့….ဖြေဆေး သောက်လိုက်ပါ’

လောက်တာ့အား ပစ်ပေးလိုက်လေသည်။

လောက်တာ့က ချက်ချင်းပင် ဖမ်းယူကာ သောက်ချလိုက်သည်။

တစ်ကောအတွင်းမှာပင် ယားယံသည့်ဝေဒနာများ သက်သာပျောက်ကင်းသွားလေသည်။

လောက်တာ့သည် ရန်လိုသည့် အမူအရာ မရှိတော့ပါ။

ဖုကျိကဲ ရှေ့တွင် ဒူးထောက်လိုက်ပြီး….

‘ကျုပ်ကို အသက်ချမ်းသာပေးတဲ့အတွက် သခင်မလေးကို ကျေးဇူးတင်တယ်ဗျာ’

ဟု ပြောလေသည်။

‘ဗျာ’

ဖုကျိ မျက်လုံးပြူးသွားလေသည်။

ကျားသစ်မက….

‘သခင်မလေးက ရှင့်ကိုသနားလို့ အဆိပ်ဖြေဆေး ပေးလိုက်တာ၊ ရှင်က သခင်မလေးကို အံတုချင်သေးသလား’

ဟု ဝင်မေးလေသည်။

လောက်တာ့ ခေါင်းခါယမ်းလိုက်သည်။



‘အံမတုဝံ့တော့ပါဘူးဗျာ၊ သခင်မလေးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး’

လောက်တာ့အဆိပ်ဖြေဆေးရသွားသဖြင့် ကျန်လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

‘သခင်လေး၊ ကျုပ်တို့ကိုလဲ အဆိပ်ဖြေဆေးပေးဖို့တောင်းပန်ပါတယ်ဗျာ’

ဟု အသီးသီး ဒူးထောက်ချလိုက်ကြပြီး တောင်းပန်ကြလေသည်။

ဖုကျိက….

‘ခင်ဗျားတို့လဲ အသက်ခြေအင်း မိထားကြတယ် မဟုတ်လား’

ဟု မေးလိုက်လေသည်။

‘ဟုတ်ပါတယ်ဗျာ’

‘ဖြေဆေးမရရင် ကျုပ်တို့ ဒုက္ခရောက်မှာပါ’

‘နတ်တောင်သခင်မ မရှိတော့ဘူးဆိုတော့ တစ်နှစ်တစ်ခါ ရနေကျ အဆိပ်ဖြေဆေးရမှာ မဟုတ်တော့ပါဘူး၊ ကျုပ်တို့ကို ကူညီပါဗျာ’

လောက်တာ့၏မိတ်ဆွေများတစ်ယောက်တစ်ပေါက်တောင်းပန်ကြလေသည်။

လောက်တာ့ ဝေဒနာ ခံစားနေရသည်ကို တွေ့မြင်ခဲ့ရသည့် ဖုကျိမှာ လျစ်လျူရှုမထားနိုင်တော့ပါ။

ကျားသစ်မဘက်လှည့်ကာ....

'အဆိပ်ဖြေဆေး ရှိသလား'

ဟု မေးလိုက်လေသည်။

ကျားသစ်မက....

'ငါးလုံးလောက်တော့ ကျွန်မမှာ ရှိပါသေးတယ်'

'သူတို့ကို ပေးလိုက်ပါ'

ကျားသစ်မ မကျေမနပ် ဖြစ်သွားလေသည်။

'သခင်မလေး၊ သူတို့ဟာ နတ်တောင်သခင်မကို ဒုက္ခပေးခဲ့ကြသူတွေပါ၊ အဆိပ်ဖြေဆေးရသွားရင် သခင်မလေးကိုပါ ဒုက္ခပေးကြပါလိမ့်မယ်'

ဟု ပြောလေသည်။

ဖုကျိက....

'ကိစ္စမရှိပါဘူး၊ ဖြေဆေးပေးလိုက်ပါ'

'သခင်လေး'

ဖုကျိက လက်ကာ ပြလိုက်သည်။

လောက်တာ့၏ မိတ်ဆွေများဘက်သို့ လှည့်ကာ....



'ခင်ဗျားတို့ဟာ မကောင်းမှုတွေကိုစွန့်ပြီး အများအကျိုးဆောင်ရွက်ကြမယ်ဆိုရင် အဆိပ်ဖြေဆေး ရပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ထိုအခါ လောက်တာ့၏ အဖော်များက....

'ကျုပ်တို့ နောင်တရပါပြီဗျာ'

'ကျုပ်တို့ မတရားတာ မလုပ်တော့ဘူးလို့ ကတိပေးပါတယ်'

ဟူ၍ တညီတညွတ်တည်း ကတိပေးကြလေသည်။

ဖုကျိက ကျားသစ်မအား ပြုံးပြလိုက်ပြီး....

'ကဲ....အဆိပ်ဖြေဆေး ပေးလိုက်ပါဗျာ'

ဟု ပြောလိုက်လေသည်။

ကျားသစ်မက....

'ရှင်တို့ ကတိတည်ပါစေ'

ပြောရင်း သူမကွင်ရှိနေသည့် အဆိပ်ဖြေဆေး ငါးလုံးကို ပေးလိုက်လေသည်။

ရှေ့ဆုံးမ သိုင်းသမားငါးယောက်သည် အဆိပ်ဖြေဆေးကို ယူကာ လျှင်မြန်စွာ သောက်ချလိုက်ကြလေသည်။

ကျန်လူများက....

'ကျုပ်တို့ကိုလဲ ပေးပါဦး'

ဟု ဝိုင်းတောင်းကြ၏။

ဖုကျိုက လှမ်းကြည့် လိုက်သောအခါ ကျားသစ်မက....

'ကျန်မမှာ မရှိတော့ဘူး'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'ဝိုးတဝါးနန်းတော်က သခင်မရဲ့သေတ္တာထဲမှာတော့ ရှိပါသေးတယ်'

'ကောင်းပြီ'

ဖုကျိုက လောက်တာ့၏ မိတ်ဆွေများဘက်သို့ လှည့်ကာ....

'ကဲ... ကြားကြတဲ့ အတိုင်းပါပဲ၊ အဆိပ်ဖြေဆေး လိုချင်သူတွေ ဝိုးတဝါးနန်းတော်ကို လိုက်သွားကြပါ'

ဟု ပြောလိုက်လေသည်။

ကျားသစ်မက....

'သူတို့ကို ခေါ်သွားလို့ ဖြစ်ပါ့မလား'

'ခေါ်သွားပါ၊ အသက်ခြွေအင်းထိထားတဲ့ လူတွေ အားလုံးကို ဝန်ခံကတိသောင်းပြီး အဆိပ်ဖြေဆေး ပေးလိုက်ပါ'



ကျားသစ်မသည် ဖုကျိုအား ဝိုးတဝါးနန်းတော်သခင်ဟု သတ်မှတ်ထားပြီးဖြစ်၍ ငြင်းဆန်ခြင်းမပြုတော့ဘဲ သဘောတူလိုက်လေသည်။

'အမိန့်အတိုင်းပါသခင်လေး'

သူမသည်လောက်တာ့မိတ်ဆွေများကိုဝေ့ကြည့်လိုက်ပြီး....
'ကဲ....ဝိုးတဝါး နန်းတော်ကို အားလုံးလိုက်ခဲ့ကြပါ'
ဟု ပြောလိုက်လေတော့သည်။

....●....

ရွှေရုပ်ပုံလွှာ

ဝိုးတဝါးနန်းတော်....

ဝိုးတဝါးနန်းတော်သည် အလွန်မြင့်မားသည့် တောင်တစ်လုံးပေါ်၌ တည်ရှိလေသည်။

ဖုကျိသည် ဝိုးတဝါးနန်းတော်သို့ လိုက်သွားခြင်း မပြုဘဲ ထွက်လာခဲ့လေသည်။

ကျားသစ်မက သူ့အား အကြိမ်ကြိမ် ဖိတ်ခေါ်ခဲ့သည်။ အမျိုးမျိုး ဖျောင့်ဖျပြောဆိုခဲ့လေသည်။



နတ်တောင်သခင်မ မရှိတော့သဖြင့် ဝိုးတဝါးနန်းတော်အား အုပ်ချုပ်ရန် တာဝန်ရှိကြောင်း ရှင်းပြသော်လည်း ဖုကျိက ကျားသစ်မအား တာဝန်လွှဲပေးလိုက်သည်။

ထို့ကြောင့် ဝိုးတဝါးနန်းတော်ပိုင်ရှင်မှာ ကျားသစ်မ ဖြစ်လာလေသည်။

ကျားသစ်မကြောင့် နတ်တောင်သခင်မနှင့် လီချူးထိတို့အကြောင်း ပို၍သိခဲ့ရလေသည်။

လီချူးထိနှင့် နတ်တောင်သခင်မတို့သည် မိုးမြေအတွင်းအားရှင် ထင်းတိချူးအား မေတ္တာသက်ဝင်ခဲ့လေသည်။

ထင်းတိချူးမှာ လီချူးထိကို ရွေးရမည်လော၊ နတ်တောင်သခင်မအား ရွေးရမည်လော ဝေခွဲမရ ဖြစ်ခဲ့လေသည်။

နတ်တောင်သခင်မနှင့် လီချူးထိတို့သည် အချစ်နတ် ဖမ်းစားခြင်းခံနေရသဖြင့် မှန်သည် မှားသည် မဝေခွဲနိုင်ဘဲ ထင်းတိချူးအား ပိုင်ဆိုင်နိုင်ရေးအတွက် တစ်ယောက်ကိုတစ်ယောက် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့ကြလေသည်။

သူတို့နှစ်ယောက်သည် ညီအစ်မ အရင်းပမာ ချစ်ခင်ခဲ့သည်။

ငယ်သူငယ်ချင်းများ မဟာရန်သူတော်ကြီးများ ဖြစ်ခဲ့ကြလေသည်။

လီချူးထိသည် နတ်တောင်သခင်မ၏ သိုင်းပညာမှ ချို့ယွင်းချက်ကို သိရှိထားသဖြင့် နတ်တောင်သခင်မ သူငယ်ပြန်ချိန်

တွင် ဝိုးတဝါးနန်းတော်သို့ လာရောက်၍ သွားလုပ်ကြံခဲ့လေသည်။

နတ်တောင်သခင်မ ဒုက္ခရောက်ခဲ့ရသလို လဝီချုံးထိကို တုန့်ပြန်ခဲ့သဖြင့် လဝီချုံးထိ၏ မျက်နှာရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရလေသည်။

ထိုအချိန်မှစ၍ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် သုတ်သင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြလေသည်။

ထင်းတိချုံးသည် သူ့အတွက် အလွန်ချစ်သည့် သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းကွဲသွားကြကြောင်းသိရလျှင် သူမတို့နှင့် မတွေ့အောင် ရှောင်နေလိုက်လေတော့သည်။

ယခုတော့ လဝီချုံးထိ၊ နတ်တောင်သခင်မနှင့် ထင်းတိချုံးတို့ သေဆုံးသွားကြပြီ ဖြစ်လေသည်။

သူတို့၏ ချစ်ခြင်း၊ မုန်းခြင်းတည်းဟူသော အတ္တစွဲများလည်း အဆုံးသတ်သွားပြီ ဖြစ်လေသည်။

နတ်တောင်သခင်မသည် ဝိုးတဝါးနန်းတော်ကို အုပ်ချုပ်ရင်း သိုင်းပညာအားကိုးဖြင့် ထင်တိုင်းကြဲနေသည့် သိုင်းသမားများအား အသက်ခြွေအင်းဖြင့် ဆုံးမထားခဲ့၏။

အသက်ခြွေအင်းထိထားသည့် လောက်တာ့တို့လူစုသည် နတ်တောင်သခင်မကို ကြောက်ရွံ့ကာ ထင်တိုင်း မလုပ်ဝံ့ကြတော့ပါ။

သို့သော်....



နတ်တောင်သခင်မကို မကျေနပ်သဖြင့် စုရုံးပြီး အာခံရန် ကြိုးစားခဲ့ကြသည်။

ဖုကျိက အဆိပ်ဖြေဆေးကို လွယ်လင့်တကူပေးလိုက်သောအခါ လောက်တာ့တို့ စိတ်ပြောင်းသွားကြသည်။

အဆိပ်အန္တရာယ်မှ လွတ်မြောက်သွားကြပြီ ဖြစ်သော်လည်း ထင်တိုင်းကျဲရန် စိတ်မကူးကြတော့ပါ။

ကျားသစ်မနှင့်လည်း သင့်မြတ်သွားကြ၏။

ထို့ကြောင့်....

အခက်အခဲပြဿနာအားလုံး ပြေလည်သွားသည်ဟု ဆိုရမည် ဖြစ်သည်။

ကျားသစ်မသည် ဖုကျိအား ဖျောင့်ဖျ၍မရတော့သည့် နောက်ဆုံး ဝိုးတဝါးနန်းတော်အား အုပ်ချုပ်ရန် လက်ခံလိုက်လေသည်။

ဖုကျိသည် စိတ်ချလက်ချ ထွက်လာခဲ့ခြင်းဖြစ်၏။

သူက ရသေ့ကြီးရှိရာ ဝါးတောရွာကလေးသို့ ပြန်ရန် ဆုံးဖြတ်ထားလေတော့သည်။

....o....

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်ကလေးများ တဖြုတ်ဖြုတ်ကြွေကျလာ၏။

လမ်းဘေးတစ်ဘက်တစ်ချက်တွင် ရောင်စုံပန်းကလေးများ ငွားငွားစွင့်စွင့်နှင့် ဖူးပွင့်နေသည်။

ဖုကျိုက တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာလေသည်။

ရှုတ်တရက်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျို လှည့်ကြည့်လိုက်သောအခါ မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်ရသည်။

ဖုကျို ကပျာကယာ လမ်းဘေးသို့ဆင်းကာ လမ်းဖယ်ပေးလိုက်၏။

မြင်းစီးသမားများသည် တစ်ခဏအတွင်းမှာပင် ဖုကျိုအနီးသို့ ရောက်ရှိလာကြသည်။

မြင်းစီးသမားများသည် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသဖြင့် သိုင်းသမားများဖြစ်ကြောင်း သိနိုင်ပေသည်။



အားလုံး အသက်နှစ်ဆယ်ကျော် လူငယ်လူရွယ်များချည်း ဖြစ်ကြသည်။

မြင်းစီးသမား လူငယ်တစ်ယောက်က....

'ဗျို့....မိတ်ဆွေ၊ ဒီလမ်းအတိုင်းသွားရင် ဆီးဟာမြို့တော်ကို ရောက်သလားဗျ'

ဟု လှမ်းမေးလိုက်၏။

ဖုကျိုက ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။

'ရောက်ပါတယ်ဗျာ'

ဟု ပြောလိုက်မိသည်။

'ကျေးဇူးပဲဗျို'

လူငယ်က ပြောရင်း သူ၏မိတ်ဆွေများကို လက်ဝေ့ယမ်းပြကာ....

'သွားကြစို့'

ဟု အော်ပြောပြီး မြင်းဒုန်းစိုင်း စီးနှင်သွားသည်။

နောက်ဆုံးမှ လူငယ်တစ်ယောက်က ဖုကျိုအနီးမှ ဖြတ်သွားရင်း....

'ခင်ဗျားကော ဆီးဟာမြို့တော်ကိုသွားပြီး ကြင်ယာရွေးပွဲ မဝင်ဘူးလား၊ ခင်ဗျားသွားရင် မြို့စားသမီးတော်လေးကိုရမှာ အသေအချာပဲ ဟား....ဟား...ဟား'

ဟူ၍ နောက်ပြောင်ကျိစယ်သွား၏။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မြင်းစီးသမား လူငယ်တစ်စုမှာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေသည်။

ဖုကျိသည် အတန်ကြာသည်အထိ ငေးကြည့်နေပြီးမှ သတိဝင်လာ၏။

'လက်စသပ်တော့ ကြင်ယာရွေးပွဲဝင်ကြမယ့်လူတွေကိုး'

ဟု ရေရွတ်မိ၏။

တစ်ဆက်သည်းပင် ကြောင်ငြာစရာရှက်ကို သတိရလာလေသည်။

သူသွားနေသည့်လမ်းသည် မည်သည့်နေရာသို့ ဦးတည်နေမှန်း မသိပါ။

အီးဟာမြို့တော်သို့ ဦးတည်သွားမည်ဆိုလျှင် လမ်းကြောင်းပြောင်းမှ ဖြစ်မည်ဟု တွေးမိလာသည်။

ထို့ကြောင့် နောက်လှည့်ပြန်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'အား....'



'အွန့်....'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျိ ရင်ထိတ်သွား၏။

ကပျာကယာ လှမ်းကြည့်လိုက်သောအခါ....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး မြင်းသုံးကောင် ဒုန်းစိုင်းပြေးလာသည်ကို တွေ့ရလေသည်။

မြင်းစီးသမားများ ပါမလာဘဲ မြင်းလွတ်များချည်း ပြေးလာခြင်း ဖြစ်သည်။

'ဟင်....ဘယ်လိုဖြစ်တာပါလိမ့်'

ဖုကျိ လွှတ်ခနဲ ရေရွတ်လိုက်၏။

ထိုအချိန်မှာပင်....

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြန်သည်။

'ရှေ့မှာ တစ်ခုခုတော့ ဖြစ်နေပြီ'

ဖုကျိ မနေနိုင်တော့ပါ။

အော်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးလွှားသွားလိုက်မိလေတော့သည်။

....o....

'စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ထို့နောက် ငြိမ်ကျသွားလေသည်။

ဖုကျိုသည် အော်ဟစ်သံထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးလွှားသွား၏။

ကွေ့ကွေ့ကောက်ကောက် တောလမ်းကလေးကို ဖြတ်ကျော်လိုက်သည်နှင့်....

'သတိထား'

'ဟိုဘက်က ကျောက်တုံးနောက်ကို ဝင်သွားတယ်'



ဆူဆူညံညံ အော်ပြောသံ၊ မြင်းဟီသံ၊ နွားမှုတ်သံများ ထွက်ပေါ်လာလေသည်ကို ကြားလိုက်ရလေသည်။

ဖုကျို တစ်ဟုန်ထိုးပြေးသွားရာ သစ်ပင်တစ်ပင်ကို ကွေ့ပတ် ဖြတ်ကျော်ပြီးသည်နှင့် တောလမ်းကလေးပေါ်မှ အရုပ်ဆိုး အကျည်းတန်သည့် မြင်ကွင်းကို တွေ့မြင်လိုက်ရလေသည်။

'ဟာ....'

ဖုကျို လွှတ်ခနဲအော်ကာ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

သူ မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ....

တောလမ်းပေါ်၌ လူငယ်လေးများ အတုံးအရုန်း လဲကျနေ၏။

သူတို့၏ရင်ဝ၌ အနက်ရောင် မြားတံများ စိုက်ဝင်နေပြီး သွေးချင်းချင်း နီရဲနေ၏။

အနက်ရောင် မြားတံများသည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် နုပျိုလန်းဆန်းသည့် လူငယ်ကလေးများအား ဇီဝိန်ခြွေပစ်လိုက်ပြီ ဖြစ်လေသည်။

ဖုကျို ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ်....

'မင်းဘယ်ပြေးမလဲ'

'သေဖို့သာပြင်ထား'

လူငယ်နှစ်ယောက်သည် ဖုကျိုထံ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ဖုကျို ထိတ်လန့်သွားလေသည်။

'ခင်ဗျားတို့ ဘာလုပ်တာလဲ'

ကပျာကယာ လက်ဝါးဖြင့် တွန်းထုတ်လိုက်လေသည်။

'ဝုန်း....'

'အား....'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

လူငယ်နှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြလေသည်။ ဖုကျို စိတ်မကောင်းဖြစ်သွား၏။

ထပ်မံတိုက်ခိုက်ခြင်း မပြုဘဲ....

'ခင်ဗျားတို့ ဘယ်လိုဖြစ်ကြတာလဲ'

ဟု မေးလိုက်လေသည်။

လူငယ်နှစ်ယောက် လူးလိမ့်ထလာကြသည်။

တစ်ယောက်က....

'လူယုတ်မာ၊ ငါတို့ကို တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံတယ် မဟုတ်လား'

'ငါတို့ မိတ်ဆွေတွေအတွက် မင်းကိုမကျေဘူး'



ကျန်တစ်ယောက်ကလည်း အော်ပြောလိုက်သည်။

ထို့နောက် ဓားကိုယ်စီဆွဲကိုင်ကာ ဖုကျိုထံ ပြေးဝင်လာကြလေသည်။

ဖုကျို တုန်လှုပ်သွားလေသည်။

'ခင်ဗျားတို့ မှားနေပြီ'

သူက အော်ပြောလိုက်သော်လည်း လူငယ်နှစ်ယောက်က ဂရုမစိုက်ဘဲ တစ်ဟုန်ထိုး ပြေးဝင်လာကြ၏။

ထိုစဉ်မှာပင်....

'ဝှစ်....ဝှစ်....'

လေတိုးသံများ ထွက်ပေါ်လာပြီး အနက်ရောင် မြားနှစ်ချောင်းသည် သစ်ပင်များကြားမှ ပစ်လွှင့်လာလေသည်။

ဖုကျိုက ရိပ်ခနဲ တွေ့မြင်လိုက်ရသဖြင့်....

'သတိထား....'

ဟု အော်ဟစ် သတိပေးလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

မြားနှစ်စင်းသည် လူငယ်နှစ်ယောက်၏ နောက်ကျောတွင် ထိုးဖောက်စူးနစ်သွားလေတော့သည်။

'အား....'

‘အမယ်လေး....’

လူငယ်နှစ်ယောက် စူးစူးဝါးဝါး အော်ဟစ်ကာ မြေပေါ် လဲကျသွားလေသည်။

ဖုကျိုမှာ အဖြစ်အပျက်ကို မယုံကြည်နိုင်စွာဖြင့် ငေးကြည့်နေစဉ်မှာပင်....

‘ဝှစ်....ဝှစ်....ဝှစ်....’

လေတိုးသံများနှင့်အတူ မြားသုံးစင်း ပစ်လွှင့်လာလေသည်။

ဖုကျို ဒေါသထွက်သွားသည်။

တစ်စုံတစ်ယောက်သည် သစ်ပင်များကြား၌ ပုန်းအောင်းကာ လူငယ်များအား လုပ်ကြံလိုက်ခြင်းဖြစ်ကြောင်း နားလည်သွားကြပြီး ဖြစ်သည်။

ထို့ကြောင့်....

‘လူယုတ်မာ....’

ဟု အော်ငေါက်ရင်း လက်ဝေ့ယမ်းပြကာ မြားတံကို ရိုက်ချပစ်လိုက်၏။

တစ်ဆက်တည်းပင် မြားတံများပစ်လွှင့်လာသည့် သစ်ပင် များကြားသို့ ပြေးသွားလေသည်။



သစ်ပင်များကြားသို့ ခုန်ဝင်လိုက်လျှင် တစ်ကိုယ်လုံးအနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာပေါ်၌ မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်သည် လေးမြားကိုင်လျက် ဆီးကြိုတိုက်ခိုက်လာလေသည်။

‘ယား....’

ဖုကျိုမှာ ဒေါသထွက်နေပြီဖြစ်ရာ လက်ဝါးဖြင့် ရိုက်ချပစ်လိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

‘ဝုန်း....’

‘အား....’

ထိုလူမှာ စူးရှစွာအော်ဟစ်ကာ အဝေးသို့လွင့်စဉ်သွားပြီး မြေပေါ် ခြေပစ်လက်ပစ် လဲ့ကျသွားလေသည်။

ဖုကျိုက....

‘မင်း ဘာတတ်နိုင်သေးသလဲ’

ဟု ငေါက်လိုက်၏။

ထိုလူမှာ မြေပေါ်မှ ထလာခြင်းမရှိ။ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်နေ၏။

‘ဟေ့....သေချင်ဟန် ဆောင်မနေနဲ့၊ ထစမ်း’

ဖုကျို အော်ဟောက်လိုက်သည်။

သို့သော် ထိုလူငြိမ်သက်နေဆဲ....

'သိကြသေးတာပေါ့ကွာ'

ဖုကျိုက ကြုံးဝါးရင်း ထိုလူအနီးသို့ ချမ်းကပ်သွား၏။ အနီးသို့ရောက်သောအခါမှ ထိုလူသည် အမှန်တကယ်ပင် သေဆုံးသွားပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရ၏။

ဖုကျို တောင့်တောင့်ကြီး ဖြစ်သွား၏။

ထိုလူအား မျက်လုံးပြူး၍ ကြည့်ရင်း မလှုပ်မယှက် ရပ်နေမိလေတော့သည်။

....၀....

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

အလင်းရောင် တစထက်တစ အားနည်းသွား၏။

ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ လွှမ်းလာသည်။



ဖုကျိုသည် ခေါင်းငိုက်စိုက်ချကာ တောလမ်းကလေးအတိုင်း လျှောက်လှမ်း သွားနေဆဲ ဖြစ်လေသည်။

ဘယ်ရပ် ဘယ်ဝယ် ရောက်ရှိနေမှန်း မသိပါ။

ခံစားချက် ကင်းမဲ့သူတစ်ယောက်ပမာ လှမ်းသွားနေခြင်း ဖြစ်၏။

လမ်းမဆုံးမခြင်း လျှောက်သွားနေမည့် အသွင်မျိုး ဆောင်လေသည်။

အမှန်တော့ ဖုကျို၏ စိတ်နှင့် ခန္ဓာကိုယ် ကင်းကွာနေခြင်းကြောင့် ဖြစ်၏။

သူ၏ စိတ်အစဉ်သည် ကျူးလွန်ခဲ့မိသည့် အပြစ်များကြောင့် ဆောက်တည်ရာမရ ဖြစ်နေ၏။

ပထမဦးစွာ နုတ်တောင်သခင်မကြောင့် သတ်သတ်လွတ်စားနေရာမှ အသားစွပ်ပြုတ် သောက်မိသည်။

ယခုတစ်ဖန် သူ၏လက်ချက်ကြောင့် လူတစ်ယောက် အသက်ဆုံးရှုံး သွားရပြီ မဟုတ်ပါလား။

အမှန်တော့ ထိုလူသည် ကြွင်ယာရွှေးပွဲသွားမည့် အပြစ်မဲ့သော လူငယ်များအား ချောင်းမြောင်းလုပ်ကြံခဲ့သူ ဖြစ်သည်။

ရက်စက် ကြမ်းကြုတ်သော လူဆိုးတစ်ယောက် ဖြစ်မည်မှာ သေချာပေ၏။

လူဆိုးတစ်ယောက် လောကပေါ်မှ လျှော့ပါးသွားခြင်းသည် လူကောင်းဆယ်ယောက် ချမ်းသာရ ရခြင်းဟု ဆိုနိုင်ပေသည်။

သို့သော် ဖုကျိုမှာ စိတ်ဖြေ၍မရဘဲ ဖြစ်နေလေတော့သည်။

'သိုင်းပညာဆိုတာ ဘာလဲ၊ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက် သတ်ဖြတ်ဖို့ တီထွင်တဲ့ ပညာပဲလား'

မမျှော်လင့်ဘဲ ထိပ်တန်း သိုင်းပညာများ သင်ယူမိခဲ့သည့် အဖြစ်ကို နောင်တရနေ မိလေသည်။

'ရသေ့ကြီးဆီကို ပြန်သွားတာပဲ ကောင်းပါတယ်'

ထိုသို့ အတွေးဝင်လာလျှင် သတိလည်း ပြန်ဝင် လာလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့် လိုက်သောအခါ အမှောင်ထု ဖုံးလွှမ်းနေပြီဖြစ်ကြောင်း တွေ့မြင်ရသဖြင့်....

'ဟိုက်....ငါတော့ တောထဲတောင်ထဲမှာ တစ်ညအိပ်ရတော့မယ် ထင်ပါရဲ့'

ဟု လွတ်ခနဲ ညည်းညူလိုက်လေသည်။

ထိုအချိန်မှာပင် အရှေ့ဘက် မလှမ်းမကမ်း တစ်နေရာမှ မီးရောင်အချို့ လင်းလက် ထွက်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။

'ဟာ....မီးရောင်ပါလား....'

ဖုကျိုဝမ်းသာသွား၏။

မီးရောင်ရှိလျှင် လူရှိမည် မဟုတ်ပါလား။



ဖုကျိုလည်း မီးရောင် ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ခပ်သွက်သွက် သွားလိုက်သည်။

မကြာပါချေ တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခု ရှိနေပြီး မြေကွက်လပ်ပေါ်တွင် သစ်လုံးအိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရ၏။

မီးရောင်သည် ထိုသစ်လုံးအိမ်ကလေးမှ ထွက်ပေါ်နေခြင်း ဖြစ်၏။

ဖုကျိုက ခပ်သွက်သွက် ချဉ်းကပ် သွားလိုက်လေသည်။

သစ်လုံး အိမ်ကလေးအနီးသို့ ရောက်ရှိသွားသောအခါ မွှေးကြိုင် သင်းပြန့်သော ဟင်းနံ့များ လွင့်ပြန့်လာသည်ကို ရှူရှိုက်မိလေသည်။

ဖုကျိုဝမ်းဗိုက် ထဲ တကြုတ်ကြုတ်မြည်ကာ ဆာလောင်လာ၏။

ဟင်းနံ့ကြောင့် သွားရည် ကျလာလေသည်။

မြေကွက်လပ်ကို ဖြတ်ကာ အိမ်ရှေ့သို့ ရောက်သွားလျှင် အိမ်တံခါး ဟာလာဟင်းလင်း ဖွင့်ထားပြီး အတွင်းဘက်၌ လူရိပ်လူရောင် မတွေ့ရချေ။

'အိမ်ရှင်တို့....အိမ်ရှင်တို့....'

ဖုကျိုက ခေါ်လိုက်လေသည်။

သူ၏ခေါ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သို့သော် တုန့်ပြန်သံ မကြားရပါ။

'အိမ်ရှင်တို့...အိမ်ရှင်တို့....'

ဖုကျိုက ထပ်ခေါ်လိုက်၏။

အိမ်ထဲမှ ထူးသံမကြားရသလို လှုပ်ရှားသူများလည်း မတွေ့ရချေ။

'ဘယ်သူမှ မရှိကြဘူး ထင်ပါတယ်'

တွေးရင်း အိမ်ရှေ့သို့ လှမ်းသွားလိုက်၏။

တံခါးပေါက်မှနေပြီး အကဲခတ်ကြည့်လိုက်ရာ အိမ်ထဲ၌ လူသူ တစ်စုံတစ်ယောက်မျှ မရှိဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

'ဟင်...ဘယ်သူမှလဲ မရှိပါလား'

ဖုကျိုက ရေရွတ်ရင်း အိမ်ထဲ လှမ်းဝင်လိုက်၏။

အိမ်ထဲ၌ စားပွဲတစ်လုံး ရှိနေပြီး။ စားပွဲပေါ်၌ ယုန်ကင် တစ်ကောင် ချထားသည်ကို တွေ့ရ၏။

ယုန်ကင်မှ မွှေးကြိုင်သင်းပျံ့သော အနံ့အသက်များ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ဖုကျို သွားရည် ကျလာသည်။



သို့သော်....

'ငါ မစားဘူး'

ချက်ချင်းပင် မျက်နှာလွှဲလိုက်သည်။

သို့သော် မကြာပါချေ ယုန်ကင်ကို ပြန်လှည့်ကြည့်မိ လေသည်။

'ငါ မစားဘူး'

ဖုကျို အံတင်းတင်းကြိတ်ကာ အိမ်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

မည်သို့ဆိုစေ ယုန်ကင်ကို ကျောခိုင်း၍ မရတော့ချေ။

ဖုကျို စိတ်လှုပ်ရှား လာလေသည်။

'ခုမှတော့ မထူးတော့ပါဘူး၊ ရသေ့ကြီးဆူတာ ခံရမယ့် အတူတူ စားပစ်လိုက်တာပဲ ကောင်းပါတယ်'

ကိုယ့်စိတ်ကိုယ် မနိုင်တော့ဘဲ စားပွဲအနီးသို့ လှမ်းသွားပြီး ယုန်ကင်ကို တဖွဲ့ဖွဲ့ စားလိုက်လေသည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

'ဟင်...လူလာနေပြီ'.

ဖုကျို ထိတ်လန့်သွားသည်။

ကပျာကယာ စားပွဲအောက်သို့ ဝင်ပုန်း နေလိုက်လေသည်။

ဖုကျို ပုန်းအောင်းနေပြီး မရှေးမနှောင်းမှာပင် အိမ်ထဲသို့ လူနှစ်ယောက် ဝင်လာကြသည်ကို တွေ့မြင်ရလေတော့သည်။

…o…

ဖုကျိုက စားပွဲအောက်၌ ပုန်းနေ၏။

ကြီးမားသော စားပွဲတစ်လုံးဖြစ်ရာ ဖုကျိုမှာ စားပွဲအောက် အမှောင်ရိပ်ထဲ၌ ပျောက်နေ၏။

သို့တိုင် ဖုကျိုစိတ်ထဲ မလုံမလဲ ဖြစ်နေ၏။

'ဒုက္ခပဲ၊ ငါ့ကိုတွေ့သွားကြတော့မှာပဲ'

ဟုလည်း ရင်ထဲမှ ရေရွတ်နေမိလေသည်။

စားပွဲအောက်မှနေ၍ ချောင်းကြည့်လိုက်သောအခါ အိမ်ထဲ ဝင်လာသူနှစ်ယောက်မှာ အမျိုးသမီးတစ်ယောက်၊ အမျိုးသားတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။



ထိုလူနှစ်ယောက်သည် အိမ်ထဲရောက်လာသည်နှင့် စားပွဲဆီသို့ တန်းဟန်းမတ်မတ် လျှောက်လာကြလေသည်။

'ဟွန်း….လုရှောင်အကြောင်းတွေးရင်း စားချင် သောက်ချင်စိတ်တောင် မရှိတော့ဘူး'

အမျိုးသမီး၏အသံ ထွက်ပေါ်လာလေသည်။

'ဟုတ်တယ်၊ လုရှောင်က သိပ်ပါးတဲ့လူပဲ၊ ခုတော့ ဘယ်လို လုပ် ခံလိုက်ရသလဲ မသိဘူး'

'သူက ရန်သူကို အထင်သေးလို့ ဖြစ်မှာပေါ့၊ ကြင်ယာရွေးပွဲကိုလာကြတဲ့ သိုင်းလောကသားတွေဟာ သေကြတာ မဟုတ်ဘဲ၊ ခုကြည့်လေ လုရှောင်လက်ချက်နဲ့ ရှစ်ယောက်တောင် သေသွားပြီ'

'ဘာထူးမှာလဲ လုရှောင်လဲ သေသွားတာပဲ မဟုတ်လား၊ သူက မြားနဲ့ချောင်းပစ်တဲ့ နေရာမှာ ကျွမ်းကျင်တာပဲ၊ ရှစ်ယောက်မပြောနဲ့ ဆယ်ယောက်တောင် မှုတာ မဟုတ်ဘူး'

သူတို့နှစ်ယောက် အပြန်အလှန် ပြောဆိုနေသည့် စကားများ ကြားလျှင် ဖုကျို ရင်ထိတ်သွားလေသည်။

ထိုလူနှစ်ယောက်မှာ သူ၏လက်ချက်ဖြင့် သေဆုံးသွားသည့် မြားသမားနှင့် ပတ်သက်နေရမည်ဟုလည်း ရိပ်မိလာလေသည်။

'ဒုက္ခပဲ၊ ငါတော့ ကျားရဲတွင်းထဲကိုမှ ဝင်လာမိခဲ့တာပဲ'

ဖုကျိုမှာ ချက်ချင်းပင် ထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့သော် စားပွဲအောက်မှ မထွက်ရဲပါ။

အမျိုးသမီးက....

'အစ်ကို ...ကျင်းထုံ၊ လူရွှောင်သေသွားပြီဆိုတော့ မင်းသားလေးက ကြင်ယာရွေးပွဲလာမယ့်သူတွေကို ဟန့်တားဖို့ အစ်ကို့ကိုပဲ တာဝန်ပေးတော့မယ်ထင်တယ်'

ဟု ပြောလေသည်။

အမျိုးသား(ဝါ)ကျင်းထုံဆိုသူက....

'ကျုပ်ကို တာဝန်ပေးတော့ကော ဘာဖြစ်သေးသလဲ၊ မင်းသားလေးက ခိုင်းဘာကို ဖြစ်အောင်လုပ်နိုင်ရင် ဆုလာဘ် ဘယ်လိုချီးမြှင့်သလဲဆိုတာ ညီမလဲသိသားပဲ'

အမျိုးသမီးက....

'သိပါတယ်ရှင်၊ ဒါပေမယ့် လူရွှောင်တောင် သေသွားပြီဆိုတာ သတိလဲထားပါဦး၊ တော်ကြာ ဒီက ဟန်အင်း မုဆိုးမ ဖြစ်နေပါဦးမယ်'

'ဟာ... ညီမကလဲ မဦး မချွတ်'

သူတို့၏စကားကို နားထောင်ရခြင်းဖြင့် ဇနီးမောင်နှံနှစ် ယောက်ဖြစ်ကြောင်း ဖုကျိ နားလည်သွားလေသည်။

သူတို့ပြောဆိုနေကြသည့် မင်းသားလေးဆိုသူကိုလည်း စိတ်ဝင်စားလာလေသည်။

'မင်းသားလေးဆိုတာ ဘယ်သူလဲ၊ ဘာကြောင့် ကြင်ယာရွေးပွဲလာတဲ့လူတွေကို တိတ်တဆိတ် လုပ်ကြံနေရတာလဲ'

ဖုကျိမှာ ဆီဟာမြို့စား သမီးတော်၏ ကြင်ယာရွေးပွဲကို စိတ်ဝင်စားလာလေတော့သည်။



သူတေွးတောနေစဉ်မှာပင် ကျင်းထုံ၏စကားသံ ထွက်ပေါ်လာသည်။

'ညီမ ဘာမှ မပူစမ်းပါနဲ့၊ မင်းသားလေးဆီကို တောင်ပင်လယ်က မိတ်ဆွေတွေ ရောက်လာကြတော့မှာပါ၊ သူတို့ ရောက်လာတာနဲ့ ဆီဟာမြို့စား ဘာမှ တတ်နိုင်တော့မှာ မဟုတ်ပါဘူး'

ဟန်အင်းဆိုသည့် အမျိုးသမီးက....

'တောင်ပင်လယ်က လူဆိုးလူမိုက်လေးဖော်ဟာ အတော့်ကို နာမည်ကြီးနေကြတာပဲရှင့်၊ သူတို့ကို စိတ်ချရပါ့မလား'

'မပူနဲ့၊ မင်းသားလေး ကြည့်ပြီးစီစဉ်လိမ့်မယ်'

'ဒါဆိုလဲ ပြီးတာပဲ၊ အစ်ကို့ကို လိုက်ခေါ်နေရတာနဲ့ စားစရာ သောက်စရာတွေတောင် အေးကုန်ပြီ၊ ကဲ....စားကြရအောင်'

'ကောင်းတာပေါ့၊ ကျုပ်ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ဘာရှိသလဲ'

'အစ်ကို့ အကြိုက် ယုန်ကင်ထားတယ်လေ၊ ဟင်....'

ဟန်အင်း၏ စကားအဆုံးတွင် တအံ့တဩ ရေရွတ်သံ ထွက်ပေါ်လာလေသည်။

ကျင်းထုံက....

'ဘာဖြစ်တာလဲ ညီမ'

'ဒီမှာ ကြည့်စမ်းပါဦး၊ ယုန်ကင်ကို ဖဲ့စားထားပါလား'

'ဟာ....ညီမကလဲ ကျုပ်မှမစားတာ'

'အစ်ကို စားတယ်လို့ ပြောတာမဟုတ်ဘူး၊ အစ်ကို့ကို ကျွန်မ လာခေါ်တုန်း တစ်ယောက်ယောက် အိမ်ထဲဝင်လာပြီး စားသွားတာရှင့်'

'ဟော....'

ဖုကျိ ခေါင်းနပန်းကြီးသွား၏။

မနေနိုင် မထိုင်နိုင် ယုန်ကင်တဖဲ့ စားလိုက်မိခြင်းကြောင့် ဒုက္ခရောက်ရတော့မည်ဟု တွေးကာ ကိုယ့်ကိုယ်ကို အပြစ်တင်နေမိလေတော့သည်။

ကျင်းထုံ က....

'လူဝင်လာတယ်ဆိုရင် လိုက်ရှာရမှာပဲ၊ ကျုပ်တို့အကြောင်း သိသွားလို့ မဖြစ်ဘူး'

'ဟုတ်တယ်....ဟုတ်တယ်'

ဟန်အင်းက ထောက်ခံလိုက်သည်။

သူတို့နှစ်ယောက် အိမ်ထဲ၌ လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်ကြလေသည်။

ဖုကျိမှာ သူ့အား တွေ့သွားမည်ကို စိုးရိမ်ကာ နဖူးပေါ်မှ ချွေးများပင် ကျဆင်းလာလေတော့သည်။

ထိုအချိန်တွင်....

'ကျင်းထုံ....ကျင်းထုံ'

အပြင်ဘက်မှ ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်....အစ်ကိုကြီး တန့်ကွမ်းရဲ့အသံပါလား'

ဟန်အင်းက ရေရွတ်လိုက်ရာ ကျင်းထုံက....



'ဟုတ်တယ်.. အကြောင်းကိစ္စတစ်ခု ပေါ်နေပြီ ထင်တယ်'

နှစ်ယောက်သား ဆက်၍ရှာဖွေခြင်း မပြုကြတော့ဘဲ အမြင်ဘက်သို့ ပြေးထွက်သွားလေသည်။

နောက်ဆုံး အသံဗလံဟူ၍ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားမှ ဖုကျိက မဝံ့မရဲဖြင့် စားပွဲအောက်မှ ထွက်လာသည်။

ထို့နောက် အိမ်အပြင်ဘက် ပြေးထွက်လာခဲ့လေသည်။

အပြင်ဘက်ရောက်လျှင်အိမ်ကလေးနှင့် ဝေးရာသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

....o....

ည....

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာ လှပနေပေ၏။

ဖုကျိုသည် အိမ်ကလေးနှင့် ဝေးရာသို့ ရောက်လာတော့မှ စိတ်သက်သာရာ ရသွားလေသည်။

'ဟူး....တော်ပါသေးရဲ့'

သက်ပြင်းချရင်း နဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်သည်။ ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ဆက်၍ လျှောက်သွားလေသည်။

ယနေ့ညအဖို့ အိပ်စက်ရန် စိတ်မကူးတော့ပါ။

အခြေအနေ ရှုပ်ထွေးနေသည့် ဆီးဟာမြို့တော်နှင့် ဝေးရာသို့ သွားနေမိလေသည်။

သို့သော်....

တိုက်တိုက်ဆိုင်ဆိုင်ပင် သူက ဆီးဟာမြို့တော်သို့ ဦးတည်သွားသည့် လမ်းပေါ်၌ ရောက်ရှိနေခဲ့လေသည်။

ဖုကျိုက မသိဘဲ ဆက်၍ လျှောက်သွား နေလေတော့သည်။

သစ်လုံးအိမ်ကလေးနှင့် တစ်စထက်တစ်စ ဝေးလာပြီး ကျောက်တုံး ကျောက်ခဲများ ပေါများသည့် တောင်ကြားလမ်းတစ်နေရာသို့ရောက်လျှင် ရုတ်တရက်အရှေ့ဘက်၌ လူရိပ်များ လှုပ်ရှားသွားသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေသည်။

'ဟင်....ဘယ်သူတွေပါလိမ့်'

ဖုကျို ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

မျက်လုံးပြူး၍ သေသေချာချာ ကြည့်လိုက်၏။

လူရိပ်သုံးခုသည် တောင်ကြားထဲသို့ လှစ်ခနဲ လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။



ဖုကျို ရင်ထိတ်သွား၏။ နောက်ကြောင်းလှည့်ပြန်ရန် စိတ်ကူးမိလေသည်။

ထိုအခါ၌လည်း ဟန်အင်းတို့ အိမ်ကလေးဆီသို့ ပြန်လည် ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်မိသဖြင့် လှည့်မကြည့်ဝံ့ပါ။

'ဒါ... ဘာလုပ်ရမလဲ'

ဖုကျို ချေချေငြိုးရပ်ကာ တွေဝေ ငေးငိုင် နေမိလေသည်။

သူ တွေ့မြင်လိုက်ရသည့် လူရိပ်များမှာ ထပ်မံ ပေါ်ထွက်လာခြင်းမရှိဘဲ ကွယ်ပျောက်သွားပြီဖြစ်လေသည်။

ဖုကျို သက်ပြင်းချလိုက်သည်။

သူတို့ [illegible] ဝေးကို ရောက်သွားလောက်ပါပြီလေ'

ဟု စိတ်ကို ဖြေသိမ့်ကာ ရှေ့ဆက်လျှောက်သွားလိုက်လေသည်။

တောင်ကြားလမ်းအတွင်းသို့ တရွေ့ရွေ့ဝင်သွားရာအတန်ကြာလျှင် အရှေ့ဘက်၌ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်...တောင်ကြားလမ်းမှာ စခန်းချသူတွေ ရှိနေပါလား'

ဖုကျို တအံ့တဩ ရေရွတ်လိုက်မိ၏။

မှန်ပေသည်။ တောင်ကြားလမ်းထဲ၌မီးပုံကြီးသုံးခု ရှိနေပြီး မီးပုံ ပတ်ပတ်လည်တွင် လူတစ်စုရှိနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူစုအနက် အချို့သည် အိပ်စက် အနားယူနေကြပြီး အချို့က ဝိုင်းဖွဲ့ထိုင်ကာ စကား ပြောဆို နေကြလေသည်။

တိုလူစုနှင့်မလှမ်းမကမ်းတွင် မြင်းတစ်အုပ် စုရုံးချည်နှောင်ထားသည်ကိုလည်း တွေ့ရလေသည်။

'ခရီးသွားတွေ ထင်ပါရဲ့'

ဖုကျိ တွေးတောနေစဉ်မှာပင်....

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံနှင့်အတူ စကားပြောနေကြသူအချို့အတုန်းအရုန်း လဲကျသွားကြသည်ကို တွေ့ရ၏။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

အိပ်စက်နေသူများ လန့်နိုးလာပြီး ခုန်ထလာကြ၏။

အော်ဟစ်မေးမြန်းသံ၊ လက်နက်စွဲကိုင်သူ ညည်းညူနေသူများဖြင့် အခြေအနေ ရှုပ်ထွေးသွားလေသည်။

ဖုကျိမှာ ရှေ့မတိုးဝံ့တော့ပါ။ ကြင်ယာရွေးပွဲ သွားမည့်လူငယ်များ၏ အဖြစ်အပျက်ကို ပြန်လည် မြင်ယောင်လာ၏။

ယခုလည်း အလားတူအဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း နားလည်မိလေသည်။

သူ ငေးမောကြည့်နေစဉ်မှာပင်လူရိပ်သုံးခုသည် သုံးနေရာခွဲကာ ထွက်ပေါ်လာပြီး မီးပုံအနီး ရှိနေသူများထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

'ဝုန်း....'

'အား'

'အမယ်လေး'



စူးရှသော အော်သံများ ထွက်ပေါ်လာပြန်သည်။

မီးပုံအနီးမှလူစုမှာ ချက်ချင်း ဖရိုဖရဲ ဖြစ်သွားလေသည်။

ပြန်လည်ခုခံ တိုက်ခိုက်ရန် ကြိုးစားလိုက်သောအခါ လူရိပ်သုံးခုမှာ အမှောင်ရိပ်ထဲ ခုန်ဝင် ကွယ်ပျောက် သွားကြလေသည်။

'ဟန်အင်းတို့ပဲ ဖြစ်ရမယ်'

ဖုကျိက ရန်သူကို အတတ် သိလိုက်လေသည်။

ထိုစဉ် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ကြင်ယာရွေးပွဲ သွားမယ့်လူတွေကို လမ်းမှာ ကြားဖြတ်တိုက်ခိုက်နေတဲ့လူတစ်စုရှိတယ်ဆိုတာ မှန်နေပြီကွ'

'ဟုတ်တယ်၊ ငါတို့မသွားနိုင်အောင် တားဆီးတာပဲ'

'တို့က ကြောက်ရမှာလား'

'ခုချက်ချင်းပဲ သွားကြမယ်'

'ဟုတ်တယ်၊ ဟုတ်တယ်'

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာသည်။

မဝေးမနီးမှာပင် စူးရှသော လေတိုးသံများ ထွက်ပေါ်လာကာ....

'အား'

'အွန့်'

'အမယ်လေး'

မီးပုံအနီးမှလူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြပြန်လေသည်။

လူနှစ်ဆယ်ခန့်ရှိသည့်အနက် ငါးယောက်ခန့်သာအကောင်းပကတိ မြေပေါ်၌ ရပ်နေနိုင်ကြပေတော့သည်။

ထိုလူငါးယောက်မှာ ကြောက်ရွံ့နေပြီဖြစ်သည်။

တစ်ယောက်က....

'ကျုပ်တို့ကို မတိုက်ခိုက်ပါနဲ့တော့ဗျာ'

'ကျုပ်တို့ အရှုံးပေးပါပြီ'

ဟု တစ်ယောက်တစ်ပေါက် အော်ပြောကြလေသည်။

သူတို့၏တောင်းပန်သံနှင့် မဝေးမနှောင်းတွင်....

'ဟား... ဟား.... ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး အမှောင်ထဲမှ လူရိပ်သုံးခု ခုန်ထွက်လာလေသည်။

ဖုံကျို ထင်မှတ်ထားသည့်အတိုင်း ဟန်အင်း၊ ကျင်းထုံနှင့် ထန်ကွမ်းဆိုသည့် လူသန်ကြီးတစ်ယောက်တို့ ဖြစ်ကြလေ၏။

သူတို့သုံးယောက်သည် အနက်ရောင် အဝတ်အစား များဝတ်ဆင်ထားကြပြီး သွေးစွမ်းနေသည့် လက်နက်များ ကိုင်ဆောင်ထားကြလေသည်။

ဟန်အင်းက....

'ရှင်တို့အညံ့ခံမယ်ဆိုရင် ဒူးထောက်လိုက်ကြစမ်း'

ဟု ငေါက်လိုက်၏။

မီးပုံအနီးမှ လူငါးယောက် ချက်ချင်းပင် ဒူးထောက်ချလိုက်ကြလေသည်။



ဟန်အင်း သဘောကျသွား၏။

'အင်း....ဒီလိုဆိုတော့လဲ ရှင်တို့ကို အသက်ချမ်းသာပေးရမှာပေါ့လေ၊ ကဲ...ကျွန်မမေးတာ သေသေချာချာ နားထောင်'

သူမသည် ကျင်းထုံအား မျက်ရိပ်ပြလိုက်ပြီးမှ...

'ရှင်တို့ဟာ ကြင်ယာရွေးပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ လာခဲ့ကြတယ်မဟုတ်လား၊ ဆီးဟာမြို့စားသမီးတော်နဲ့ ရှင်တို့တန်တယ်ထင်သလား၊ သမီးတော်လေးဟာ ကျွန်မတို့ မင်းသားလေးအတွက်ဆိုတာ မှတ်ထား၊ ရှင်တို့ ဆီးဟာမြို့တော်ကို သွားကြဦးမလား'

အညံ့ခံသူ ငါးယောက်က....

'ဟာ....မသွားတော့ပါဘူး၊ မသွားတော့ပါဘူး'

ဟု ကပျာကယာ ပြောလိုက်ကြလေသည်။

ဟန်အင်းက....

'ကောင်းပြီ၊ ရှင်တို့ကို အသက် ချမ်းသာပေးမယ်၊ ဒါပေမယ့်ရုပ်ရည်ချောမောတာကို ဗန်းပြပြီး သမီးတော်လေးကိုအရချိုင်ဖို့လာတဲ့အတွက် နည်းနည်းတော့ ဆုံးမလိုက်ရမယ်၊ ကဲ.... အစ်ကိုကြီး'

သူမ၏စကားအဆုံးတွင် ကျင်းထုံက ဓားကိုင်ထားသော လက်ကို လှုပ်ရှားလိုက်လေသည်။

ဓားရောင် ဝင်းခနဲ လက်သွား၏။

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ် လာပြန်ပါသည်။

အသံ့ခံလိုက်သူ ငါးယောက်၏ မျက်နှာတွင် ကန့်လန့်ဖြတ်ခါးဒဏ်ရာများ ရရှိသွားကြလေသည်။

ဟန်အင်းက....

'ခုဆိုရင် မင်းသမီးလေးမပြောနဲ့ကျောက်ပေါက်မာရုပ်ဆိုးမကတောင် ရှင်တို့ကို ကြိုက်နှစ်သက်တော့မှာမဟုတ်ဘူး၊ ဟင်း.... ဟင်း၊ သွားကြပေတော့'

ထိုလူငါးယောက်သည် သူရဲဘောကြောင်သူများပီပီ ပြန်လည်ခုခံတိုက်ခိုက်ဖို့ မစဉ်းစားဘဲ ထွက်ပြေး သွားကြလေတော့သည်။

ဖုကျိုမှာ ထိုမြင်ကွင်းကိုကြည့်ကာ မခံမရပ်နိုင်ဖြစ်သွား၍-

'တောက်....ရက်စက်လိုက်တာ'

ဟု တောက်ခေါက်ပြီး ရေရွတ်လိုက်လေသည်။

အမှတ်တမဲ့ မို့ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ဘယ်သူလဲ'

ဟန်အင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ချက်ချင်းပင် ဖုကျိုထံသို့ ခုန်ဝင် လာကြလေတော့သည်။

....၀....



ဖုကျို ခေါင်းနပန်းကြီးသွား၏။

ဟန်အင်း၊ ကျင်းထု နှင့် ထန်ကွမ်းတို့သည် သူ၏အနီးသို့ ရှတ်ခြည်း ရောက်ရှိလာကြပြီး ဝိုင်းရံ ထားလိုက်ကြလေသည်။

ဟန်အင်းက....

'မင်းက....ဒီမှာကိုး'

ဟု ပြောရင်း ရယ်မောလိုက်လေသည်။

သူတို့၏လက်ချက်မိသွားကြသည့် လူစုမှ ကျန်ရစ်နေခဲ့သူဟု ထင်မှတ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ထန်ကွမ်းက....

'ကျုပ် ဆုံးမလိုက်ပါ့မယ်'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက်တိုးကာဖုကျို၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဖုကျို ထိတ်လန့်သွား၏။

'ခင်ဗျား ဘာလုပ်တာလဲ'

ချက်ချင်းပင် လက်ဆန့်ထုတ်ကာ ပြန်လည် ခုခံလိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'ဝုန်း....'

'အား....'

ထန်ကွမ်းမှာ စူးရှစွာအော်ကာ လွင့်စဉ် သွားလေတော့၏။

'ဟင် ...'

'ဟာ....'

ဟန်အင်းနှင့် ကျင်းထု တို့ ထိတ်လန့် သွားကြလေသည်။

ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ဟန်အင်းက....

'လှေရှောင်ကို သတ်ပစ်လိုက်တာ သူပဲဖြစ်မယ်'

ဟု အောင် ပြောလိုက်လေသည်။

ဖုကျိုက....

'ကျုပ်က တမင်လုပ်ခဲ့တာ မဟုတ်ပါဘူးဗျာ၊ သူက မြားနဲ့ ချောင်းပစ်လို့ပါ'

ဟု လှတ်ခနဲ ပြောလိုက်မိပြန်သည်။

သူ၏ အဖြစ်ကို ဝန်ခံလိုက်သလို ဖြစ်သွားလေတော့သည်။

ဟန်အင်းနှင့် ကျင်းထုံတို့သည် ထန်ကွမ်ကို ဖေးမခြင်း မပြုကြပါချေ။

အကြောင်းမှာ ထန်ကွမ်း သေဆုံးသွားပြီဖြစ်ကြောင်းသတိပြုမိ လိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ဟန်အင်းက....

'အစ်ကို... ကျွန်မတို့ ဘာယ်လို လုပ်မလဲ'

ကျင်းထုံအား တင်းတိုး မေးလိုက်လေသည်။

ကျင်းထုံက....

'တို့ ယှဉ်နိုင်ဖို့ မလွယ်ဘူး၊ မင်းသားလေးကို သွားပြောပြတာ ကောင်းမယ်'.

'ဟုတ်တယ်....'

သူတို့နှစ်ယောက်သည် မသိမသာ နောက်ဆုတ် လိုက်ကြလေသည်။



ဖုကျိုက....

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကြင်ယာရွေးပွဲလာတဲ့ လူတွေကို ဒုက္ခပေးရတာလဲ'

ဟု မေးလိုက်သည်။

ကျင်းထုံနှင့် ဟန်အင်းတို့ ဘာမှ မပြောဘဲ နောက်ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းသို့ရောက်လျှင် ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြလေသည်။

'ဟေ့....ဟေ့ လူတွေ ခင်ဗျားတို့ ဘယ်ပြေးမလို့လဲ'

ဟု လှမ်းအော် ပြောလိုက်သည်။

ဟန်အင်းနှင့် ကျင်းထုံတို့ကား လှည့်မကြည့်တော့ပါ။

တစ်ဟုန်ထိုး ပြေးသွားကြရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက် သွားကြလေတော့သည်။

.... ....

ဆီဟာမြို့တော်....

ဆီဟာမြို့တော်သည် စည်ကား သိုက်မြိုက်လှသည့် မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

နံနက် မိုးစင်စင် လင်းလာသည်နှင့် ဆီဟာမြို့တော်မှာ စည်ကား သက်ဝင်လာလေသည်။

ဖုကျံ သည် မင်းလမ်းမကြီးအတိုင်း မြို့ထဲသို့ ဝင်လာခဲ့လေသည်။

အမှန်တော့ ဝါးတောရွာကလေးသို့ ပြန်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့သော် ကြင်ယာရွေးပွဲသို့ လာကြသည့် လူငယ် လူရွယ်များအား တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်သည့် လူတစ်စု ရှိနေသည်ကို သိရလျှင် လက်ပိုက်ကြည့် မနေနိုင်ပါတော့ချေ။

'ဆီဟာမြို့စားကြီးကို အကျိုးအကြောင်း ပြောပြပြီး တားဆီး ခိုင်းရမယ်'

ဟူသော ဆုံးဖြတ်ချက်ဖြင့် ဆီဟာမြို့တော်သို့ လာခဲ့ခြင်း ဖြစ်လေသည်။

မြို့ထဲသို့ ရောက်သည်နှင့် မြို့စားကြီး ဂေဟာဆီသို့ ဦးတည် လျှောက်သွားလေသည်။

မြို့စားဂေဟာရှေ့တွင် လှံရှည်ကိုင် အစောင့်အကြပ် ရှိနေကြလေသည်။

ဖုကျံ ရောက်ရှိလာသည်ကို မြင်လျှင်....

'ရပ်လိုက်....'

ဟု ဟန့်တား လိုက်ကြလေသည်။



ဖုကျံ က....

'ကျုပ်က မြို့စားကြီးကို အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိလို့ လာခဲ့တာပါဗျာ'

ဟု ပြောလိုက်လေသည်။

အစောင့်တစ်ယောက်က ရှေ့သို့ လှမ်းသွားပြီး....

'ဘာကိစ္စလဲ....ပြောပါ

ဟု မေးလေသည်။

ဖုကျံ ခေါင်းခါယမ်းလိုက်သည်။

'မြို့စားကြီးနဲ့တွေ့မှ ပြောလို့ ဖြစ်ပါမယ်ဗျာ'

အစောင့်က....

'ဒါဖြင့် ဒီမှာ ခဏစောင့်ပါ၊ မြို့စားကြီးဆီကို သွားပြောပေးပါမယ်'

'ကောင်းပါပြီဗျာ'

အစောင့်တစ်ယောက်သည် ဂေဟာထဲသို့ ဝင်သွားလေသည်။

ဖုကျံ ရပ်စောင့် နေလိုက်သည်။

မကြာပါချေ....

ဝင်သွားသူ ပြန်ထွက်လာပြီး....

'မြို့စားကြီးမှာ အရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့ ဧည့်သည် လက်မခံနိုင်ဘူးလို့ ပြောပါတယ်'

ဟု ပြောလေသည်။

ဖုံကျို စိတ်ပျက်သွားသည်။

'ကျုပ်က အရေးကြီးတဲ့ကိစ္စ ပြောမလို့ဗျ'

'မိတ်ဆွေ…တစ်နေ့ဟစ်နေ့ အရေးကြီးတဲ့ကိစ္စ ပြောဖို့ဆိုပြီး ရောက်လာတဲ့လူတွေ နည်းပါဘူး၊ မိတ်ဆွေ တကယ် အရေးကြီးတယ်ဆိုရင် မနက်ဖြန်မှ လာပြောပါဗျာ'

ဖုကျို သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ…'

စကားဆုံးလျှင် မြို့စားကြီးဂေဟာအား ကျောခိုင်းထွက်လာခဲ့လေသည်။

မည်သို့ဆိုစေ မြို့စားကြီးနှင့်တွေ့ဖို့ စောင့်ဆိုင်း နေနိုင်မည်ဟုတ်ပါ။

'တစ်ရက် နောက်ကျသွားရင် တစ်ရက်ဆိုသလောက် ဒုက္ခရောက်တဲ့လူ ပိုများလိမ့်မယ်'

ဖုကျိုက ဖြစ်သည့်နည်းနှင့် ဝင်တွေ့ရန် ဆုံးဖြတ်လိုက်သည်။

မြို့စားဂေဟာနှင့် ခပ်လှမ်းလှမ်းသို့ ရောက်လျှင် ကွေ့ပတ်ကာ ဂေဟာအနောက်ဘက်သို့ လျှောက်သွားလိုက်သည်။

ဂေဟာအနောက်ဘက်တွင် အစောင့်အကြပ်များ ရှင်းနေသည်။

ရေခဲ လှောင်အိမ်အနီးသို့ ရောက်လာသောအခါ နတ်တောင်သခင်မအား သတိရလာလေသည်။



'ဘွားဘွား သခင်မပေးတဲ့ သိုင်းပညာနဲ့ ဒုက္ခရောက်နေသူတွေကို ကူညီမယ်လို့ ကတိပြုပါတယ်'

ဟု တ်းတိုး ရေရွတ်လိုက်လေသည်။

ထို့နောက် ဂေဟာ အနောက်ဘက်ပေါက်မှ တစ်ဆင့် အတွင်းဘက်သို့ လှမ်းဝင်လိုက်လေသည်။

ဂေဟာအတွင်း၌ လူရှင်းနေပါ၏။

ဖုကျိုက ဟိုဟိုသည်သည် အကဲခတ်ကြည့်ကာ အရှေ့ဘက်သို့ လျှောက်သွားလိုက်လေသည်။

ဂေဟာအရှေ့ဘက်တွင် ဧည့်ခန်းကျယ်ကြီး ရှိနေပါ၏။ ဧည့်ခန်းတွင်း၌ လူအချို့ရှိနေသည်ကို တွေ့မြင်ရ၏။ ဖုံကျိုက အခန်းဝ၌ရပ်ကာ အကဲခတ်ကြည့်လိုက်လေသည်။ ထိုလူများသည် ဖုကျိုကို သတိထားမိဟန် မတူပါချေ။

အချင်းချင်း တိုင်ပင်ပြောဆို နေကြလေသည်။

ထိုလူများမှာ လေးယောက်တိတိ ဖြစ်လေသည်။

သုံးယောက်သည် ပခုံးချင်းယှဉ်ကာ ကျန်တစ်ယောက်၏ ရှေ့၌ ရိုကျိုးစွာ ရပ်နေခြင်းဖြစ်သည်။

ကျန်တစ်ယောက်မှာ ရွှေရောင်အနားကွပ် ခရမ်းရောင် အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။

ဥပဓိရုပ် တည်ကြည်ခန့်ညားပြီး ဩဇာပြည့်ဝသူ တစ်ယောက်အသွင်မျိုး ရှိလေသည်။

'ဒီလူဟာ မြို့စားကြီးပဲဖြစ်ရမယ်'

ဖုကျိုက အတွင်းဘက်သို့ဝင်သွားရန် ဟန်ပြင်လိုက်စဉ် ကြားလိုက်ရသည့် စကားသံများကြောင့် ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

'ဘာပြောတယ်၊ ခုထိတောင် ကြင်ယာရွေးပွဲမှာ ဝင်ပြိုင်မယ့် လူငယ်လူရွယ်တွေ တစ်ယောက်မှ ရောက်မလာကြသေးဘူး မဟုတ်လား'

'ဟုတ်ပါတယ် မြို့စားကြီး'

'နေပါဦး၊ ကြေညာစာတွေကို နေရာအနှံ့ ကပ်ခဲ့တယ် မဟုတ်လား'

'ကြေညာထားပါတယ်၊ လူငယ်တွေက စိတ်ဝင်စားလို့ ဆီးဟာမြို့တော်ကို ဦးတည်သွားနေကြတယ်လို့လဲ ဆိုပါတယ်'

'ဒါဖြင့် ခုထိရောက်မလာကြသေးတာ ဘာကြောင့်လဲ၊ ဒီကနေ့ ကြင်ယာရွေးမယ့်နေ့ မဟုတ်လား'

'ဒီကိုလာတဲ့ လူငယ်လူရွယ်တွေကို လမ်းမှာတိတ်တဆိတ် လုပ်ကြံနေတဲ့ လူတစ်စုထွက်ပေါ်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်'

ဖုကျို မနေနိုင်တော့ပါ။

'ဒါအမှန်ပါပဲဗျာ'

ဟု ပြောလိုက်လေသည်။

ထိုအခါ မြို့စားကြီးကို လှည့်ကြည့်လာလေသည်။



ဖုကျိုကိုမြင်လျှင်....

'မင်းဘယ်သူလဲ'

မြို့စားကြီး မျက်မှောင်ကြုတ်ကာ မေးလိုက်လေသည်။

ဖုကျိုက....

'ကျွန်တော်ဟာ ကဲပွိုယလေး ဖုကျိုပါ၊ မြို့စားကြီးကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိလို့ လာခဲ့တာပါ'

မြို့စားကြီးက....

'ဘာကိစ္စလဲ၊ ဝင်ခဲ့ပါဦး'

ဖုကျိုက လှမ်းဝင်သွားလေသည်။ ကျန်သုံးယောက်က မကျေမနပ်ကြည့်လိုက်ကြသည်။

မြို့စားကြီးက....

'ကဲ....ဘာကိစ္စလဲ၊ ပြောပါဦး'

ဟု မေးလိုက်၏။

ဖုကျိုက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြုလိုက်ပြီး....

'မြို့စားကြီး ခင်ဗျား၊ လူတစ်စုဟာ ကြင်ယာရွေးပွဲ လာတဲ့ လူတွေကို တိတ်တဆိတ် လုပ်ကြံပစ်နေကြတယ်ဆိုတာ အမှန်ပါပဲ'

ဟု ပြောလိုက်လေသည်။

မြို့စားကြီးက....

'မင်းက ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်တာလဲ'

ဖုကျုံက ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ ရှင်းပြလိုက်လေသည်။

မြို့စားကြီးက သူ၏လူသုံးယောက်ကို ဝေ့ကြည့်လိုက်ပြီး....

'ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်လေသည်။

ထိုလူသုံးယောက်အနက် အရပ်ရှည်သူက....

'မင်းသားလေးကို လိုက်ရှာရမှာပါ မြို့စားကြီး'

ဟု ပြောလေသည်။

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ စုတ....မင်းပဲတာဝန်ယူပါ'

'အမိန့်အတိုင်းပါ မြို့စားကြီး'

'ယုလိန့်နဲ့ ချီတုတို့က သမီးတော်လေးရဲ့ လုံခြုံရေးကို တာဝန်ယူကြပါ'

'အမိန့်အတိုင်းပါ မြို့စားကြီး'

ကျန်နှစ်ယောက် ဦးညွှတ်လိုက်ကြလေသည်။

မြို့စားကြီးက ဖုကျုံဘက်သို့ ပြန်လှည့်ကြည့်လိုက်ပြီး....



'မင်းကတော့ စုတနဲ့လိုက်သွားပြီး မင်းသားလေးကို ရှာဖွေကူညီပါလား'

ဟု ပြောလေသည်။

ဖုကျုံ ဝမ်းသာသွားလေသည်။

'ကျွန်တော် ကူညီပါ့မယ် မြို့စားကြီး'

ဟု၍ ချက်ချင်း သဘောတူလိုက်လေတော့သည်။

....o....

မုင်းသားလေး

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ မှန်မှန်ထွက်ပေါ်လာ၏။

တူညီဝတ်စုံ ဝတ်ဆင်ထားကြသည့် မြို့စားကြီးဂေဟာမှ အစောင့်အကြပ်များသည် မြင်းကိုယ်စီ စီးနင်းကာ တောအုပ်ထဲ ဝင်ရောက်လာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာကြသူများမှာ ဖုကျိုနှင့် စုတတို့ဖြစ်လေသည်။

စုတက ဟန်အင်းတို့၏ အိမ်လလေးသို့ လိုက်ပို့ခိုင်းသဖြင့် ဖုကျိုက လမ်းပြခေါင်ဆောင် လာခဲ့ခြင်း ဖြစ်လေသည်။



လေပြေလေညင်း ဝေ့ယမ်း တိုက်ခတ်လာသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာ၏။

ဖုကျို၏ လမ်းပြမှုကြောင့် စုတတို့လူစုသည် ဟန်အင်း၏ သစ်လုံးအိမ်ကလေးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြလေသည်။

မြေကွက်လပ်ပေါ်၌ သစ်လုံးအိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

စုတက လက်ဝေ့ယမ်းပြလိုက်၏။

သူ၏လူများသည် ချက်ချင်းပင် မြင်းပေါ်မှဆင်းကာ သစ်လုံးအိမ်ကလေးအား အလျင်အမြန် ဝိုင်းရံထားလိုက်ကြလေသည်။

စုတက အိမ်ရှေ့သို့လှမ်းသွားပြီး....

'ကဲ....မင်းတို့ထွက်မလား၊ ကျုပ်တို့ ဝင်လာခဲ့ရမလား'

ဟု အော်ပြောလိုက်၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် အိမ်ထဲမှ တစ်စုံတစ်ယောက်မျှ ထွက်ပေါ်လာခြင်းမရှိချေ။

စုတ ပြုံးလိုက်သည်။

'ကဲ....အထဲ ဝင်သွားကြစမ်းဟေ့'

ဟု အမိန့်ပေးလိုက်၏။

သူ၏နောက်လိုက် ငါးယောက်သည် လက်နက်ကိုယ်စီဖြင့် အိမ်ထဲ ခုန်ဝင်သွားကြလေသည်။

ထိုလူ ငါးယောက် အိမ်ထဲ ရောက်ရှိသွားပြီး မြစ်ကွင်းမှ ကွယ်ပျောက်သွား၏။

ဆူဆူညံညံ အသံဗလံများ ထွက်ပေါ် လာလိမ့်မည်ဟု ယူဆထားကြပါသော်လည်း မည်သည့်အသံဗလံမျှ ထွက်ပေါ် လာခြင်း မရှိပါချေ။

ဖုကျိုက....

'ပြန်ထွက်မလာကြပါလား'

ဟု ရေရွတ်မိလိုက်လေသည်။

စုတက....

'ဟုတ်တယ်၊ တစ်ခုခုတော့ ဖြစ်နေပြီ၊ ကဲ....မြန်မြန် ဝင်သွားကြစမ်း'

ဟု ထပ်မံအမိန့်ပေးလိုက်ရာ သူ၏လူအချို့သည် အိမ်ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြပြန်လေသည်။

သို့သော် ရှေးနည်းအတိုင်း အသံဗလံများ မကြားရ၊ ဝင်သွားသူများ ထွက်လာကြသည်ကိုလည်း မတွေ့မမြင်ရပါချေ။

'ဘယ်လိုဖြစ်တာပါလိမ့်'

ဖုကျို တွေးတောနေစဉ်မှာပင် စုတက....

'မိတ်ဆွေလေး၊ ကျုပ်တို့ ဝင်သွားကြရင်တော့ ကောင်းမယ်'



ဟု လှမ်းပြောလိုက်သည်။

ဖုကျို သဘော တူလိုက်သည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

စုတက ကျန်ရှိနေကြသေးသော သူ့လူ ငါး ယောက်အား-

'မင်းတို့ အပြင်မှာ စောင့်နေခဲ့ကြ'

ဟု အမိန့်ပေးလိုက်ပြီး ဖုကျိုနှင့်အတူ သစ်လုံးအိမ်ထဲ ဝင်သွားလေသည်။

အိမ်ထဲ ရောက်သွားသည်နှင့် လူတစ်စုသည် မတုန်မလှုပ် ကျောက်ရုပ်ကြီးပမာ ရပ်နေကြသည်ကို တွေ့ရ၏။

ထိုလူများမှာ စုတ၏လူများ ဖြစ်လေသည်။

သူတို့သည် သွေးကြောပိတ် ခံထားရခြင်း ဖြစ်ကြောင်း သိနိုင်သည်။

'ဟောဗျာ'

ဖုကျို လွတ်ခနဲ အော်လိုက်လေသည်။

စုတကို ကြည့်ကာ....

'မြန်မြန်ထွက်ရင် ကောင်းလိမ့်မယ်'

ဟု ပြောလိုက်သည်။

စုတ ခေါင်းယမ်းလိုက်သည်။

'ခုမှတော့ မထူးတော့ပါဘူး'

'ဘာပြောတယ်ဗျ'

'မထူးတော့ဘူးလို့ ပြောတာလေ'

'ခင်ဗျားက ဘာသဘောလဲဗျ'

စုတ ပြုံးလိုက်သည်။

'မင်း....အခု သိရမှာပါ'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'အား'

'အွန့်'

'အမယ်လေး'

အပြင်ဘက်မှ စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားတိုက်ရလေသည်။

'ဟာ....'

ဖုကျိ အထိတ်တလန့်ရေရွတ်ကာ အပြင်ဘက် ပြေးထွက်လိုက်သည်။

အိမ်အပြင်ဘက် ရောက်သွားသည်နှင့် စောင့်ဆိုင်းကျန်ရစ်ခဲ့သူများ မြေပေါ်၌ အတုန်းအရုန်း လဲကျနေသည်ကို တွေ့မြင်ရလေသည်။

ဖုကျိက....

'မြန်မြန် လာကြည့်စမ်းပါ'

စုတအား လှမ်းခေါ်လိုက်လေသည်။ စုတက အိမ်ထဲမှ ထွက်လာ၏။



သူတစ်ယောက်တည်းကား မဟုတ်ပါ။

သူနှင့်အတူ ဟန်ဆင်းနှင့် ကျင်းထုတို့ လိုက်ပါလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....●....

'ဟင်....ခင်....ခင်ဗျား....'

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်နေ၏။

စုတက....

'မင်း....အံ့သြနေသလား၊ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တာ မင်းရဲ့အမှားပဲ'

ဟု ပြောလေသည်။

ဖုကျိက....

'ခင်ဗျားက မင်းသားလေးရဲ့လူ ဟုတ်လား'

'မှန်ပါတယ်ဗျာ၊ ကျုပ်က မြို့စားဂေဟာထဲကနေပြီး မင်းသားလေးကို တစ်ဘက်တစ်လမ်းက အကူအညီပေးနေတာပေါ့'

'ခင်....ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဟန်းအင်းက ရယ်မောရင်း....

'ဟင်း....ဟင်း....သူက မင်းသားလေးကို ကြောက်နေလို့ ပေါ့ရှင်'

ဟု ဝင်ပြောလိုက်၏။

ဖုကျိုက....

'မင်းသားလေးဆိုတာ ဘယ်သူလဲ'

'ကျုပ်ပါ'

ရုတ်တရက် အေးစက်စက်အသံ ထွက်ပေါ်လာ၏။

ဖုကျို ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ လူတစ်ယောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....o....



လူတစ်ယောက် လှမ်းလာနေ၏။

ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် ချောမောခန့်ညားသည့် လုလင်တစ်ယောက်ဖြစ်သည်။

ဖုကျိုက ထိုလုလင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ခင်ဗျားက မင်းသားလေး ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက ခေါင်းညိတ်လိုက်သည်။

'သေချာတာပေါ့ကွာ'

'ခင်ဗျားက ကြွင်ယာရွေးပွဲလာတဲ့လူတွေကို ဘာကြောင့် လုပ်ကြံပစ်ရတာလဲဗျ'

'ဟဲ....ဟဲ....သမီးတော်လေးကို ကျုပ်လိုချင်လို့ ပေါ့'

ဖုကျိုက မကျေမနပ်ဖြင့်....

'ခင်ဗျား တော်တော် ရက်စက်တဲ့လူပဲ၊ သမီးတော်လေးကို လိုချင်တာများ သူများနည်းတူ ဝင်ပြိုင်ယှဉ်ပြိုင်ပေါ့ဗျ'

လုလင်(ဝါ) မင်းသားလေးက....

'ကျုပ်က ဝင်ပြိုင်ယှဉ်ပြိုင်ရရင် ခုလိုလုပ်နေစရာ မလိုပါဘူး၊ ဘယ်သူ့ကိုမှလဲ ဂရုမစိုက်ဘူး၊ အားလုံးကို အနိုင်ယူပြီး သမီးတော်လေးကို အရယူပြမယ်ဆိုတာ မှတ်ထားစမ်းပါ'

ဖုကျို မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားက ဝင်ပြိုင်ယှဉ်ပြိုင်မှာကို မြို့စားကြီးက လက်မခံဘူး မဟုတ်လား'

'ဟုတ်တယ်'

'မဖြစ်နိုင်တာဗျာ၊ မြို့စားကြီးကိုကြည့်ရတာ ခင်ဗျားကိုသိပုံမရပါဘူး'

မင်းသားလေးက ဟားတိုက်ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....မင်းဘာမှမသိသေးပဲကိုး၊ စုတ မင်းရှင်းပြလိုက်စမ်း'

'ကောင်းပါပြီ မင်းသားလေး'

စုတက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်၏။

ဖုကျိုကို စိုက်ကြည့်ရင်း .

'မင်းသားလေးဟာ မြို့စားကြီးဆီကိုသွားပြီး သမီးတော်လေးနဲ့ လက်ဆက်ပေးဖို့ တောင်းဆိုခဲ့ပါတယ်၊ ဒါပေမယ့် မြို့စားကြီးက သဘောမတူခဲ့ပါဘူး'

'ဘာဖြစ်လို့ သဘောမတူတာလဲ'

ဖုကျိုက မေးလိုက်ပြန်သည်။

စုတက မပြောဘဲ...,

'မြို့စားကြီးဟာ မင်းသားလေးနောင့်ယှက်မှာကို စိုးရိမ်ပြီး သမီးတော်လေးအတွက် ကြင်ယာရှာပွဲခဲ့တာပါပဲ၊ ဒါကြောင့် ကြင်ယာရွေးပွဲကို လာတဲ့လူတွေဟာ မင်းသားလေးကို စော်ကားတာနဲ့ အတူတူပဲမို့ သုတ်သင်ရှင်းလင်းပစ်ရတာပါ'

ဟု ပြောလိုက်၏။

ဖုကျိုမဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားတို့ မင်းသားလေးက လူဆိုးကြီး တစ်ယောက်ဒို့ သဘောမတူတာနေမှာပေါ့'

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'



ဖုကျိုအား အောက်ပေါက်ရင်း လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဖုကျို ရင်ထိတ်သွားပြီး ကပျာကယာ ခုခံပေးလိုက်၏။

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

စုတမှာ မသဲမကွဲညည်းညူကာ အဝေးသို့ လွင့်စဉ်သွားပြီး မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွား၏။

ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့ချေ။

'ဟာ....'

ဟန်အင်းနှင့် ကျင်းထုံတို့ လွှတ်ခနဲအော်ကာ နောက်ဆုတ်သွားကြသည်။

မင်းသားလေး မျက်နှာပျက်သွား၏။

'လက်စသပ်တော့ မြို့စားကြီးက ငါ့ကိုရင်ဆိုင်ဖို့ မင်းကို လွှတ်လိုက်တာကိုး'

ဖုကျိုက ငြင်းဆန်ခြင်းမပြုတော့ပါ။

'ခင်ဗျားရဲ့လုပ်ရပ်တွေ မှားယွင်းနေပြီဗျ'

'ဒါတွေ ငါနားမလည်ဘူး၊ မင်းဝင်ရှုပ်ရင် သေဖို့သာ ပြင်ထားပေတော့'

စကားဆုံးလျှင် ဖုကျိုထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ဖုကျိုကလည်း သတိထားပြီး ပြန်လည်ခုခံလိုက်သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး နှစ်ဦးစလုံး နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြရသည်။

မင်းသားလေး အံ့သြသွား၏။

'မင်းပညာ မဆိုးပါလား၊ ဒီတစ်ခါ ကျုပ်ရဲ့သိုင်းကွက်ကို ခံနိုင်ရင် ခံပေတော့'

ဟု ကြုံးဝါးကာ ချက်ချင်းပင် ငှက်ကြီးဝ ဖို တစ်ကောင်ပမာ ခုန်အုပ်တိုက်ခိုက်လာသည်။

ဖုကျိကလည်း အတွင်းအားကို စားညီမသာ ပြန်လည် တိုက်ခိုက် လိုက်၏။

နတ်တောင်သခင်မ သင်ကြားပေးခဲ့သည့် ပန်းခူးလက်သိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်မိလိုက်ကြပြန်လျှင်....

'ဖောက်....'

အသံတစ်ချက် ထွက်ပေါ်လာ၏။

မင်းသားလေး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသေသည်။

သူ၏ အင်္ကျီရင်ဘတ်ရှေ့၌ မီးလောင်ကျွမ်းထားသကဲ့သို့ အပေါက်ကလေးတစ်ပေါက် ဖြစ်ပေါ်နေလေသည်။

မင်းသားလေးသည် အပေါက်ကလေးကို ငုံ့ကြည့်ရင်း မျက်နှာပျက်သွား၏။

ထို့နောက် မြေပေါ်ခြေဆောင့်ကာ နောက်ကျွမ်းပစ်၍ ခုန်ထွက်သွား၏။



တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

မင်းသားလေး အရေးနိမ့်သွားသည်ကိုမြင်လျှင် ဟန်အင်းနှင့် ကျင်းထုံတို့လည်း 'မနေဝံ့ကြတော့ဘဲ ထွက်ပြေးသွားရှာလေတော့သည်။

....o....

ဖုကျိသည် ဆီးဟာမြို့တော်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

မင်းသားလေးနှင့် မြို့စားကြီးတို့ မည်သို့မည်ပုံ ပတ်သက်နေကြသည်ကို သိလိုစိတ် ဖြစ်ပေါ်နေ၏။

မင်းသားလေး အသက်ရှင်နေသမျှ ကာလပတ်လုံး မြို့စားကြီးအား နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးနေလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ဆီးဟာမြို့ထဲရောက်သောအခါ လူအများဟိုမှသည် ရှုတ်ရှုတ်သဲသဲ ဝေးလွှားနေကြသည်ကို တွေ့ရလေသည်။

'ဘာဖြစ်ဘာပါလိမ့်'

ဖုကျိ ရင်ထိတ်သွားသည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ မြို့အရှေ့ဆီမှ မီးခိုးလုံးများ ထွက်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။

'ဟင်.... မြို့စားဂေဟာဘက်က မီးခိုးတွေပါလား'

ဖုကျိ မနေနိုင်တော့ဘဲ လျှင်မြန်စွာ ပြေးလွှားသွားသည်။

မကြာပါချေ၊ မြို့စားဂေဟာအနီးသို့ ရောက်သွားသော အခါ ဂေဟာတစ်ခုလုံး မီးစွဲလောင်နေသည်ကို တွေ့မြင်ရလေ သည်။

ဂေဟာတွင် အစောင့်အကြပ်တို့၏ အလောင်းများ ပြန့်ကျဲ နေ၏။

ဖုကျိမှာ မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်း ကြောင့် အံ့သြတုန်လှုပ်သွားလေသည်။

'ဘယ်သူကများ မြို့စားဂေဟာကို တိုက်ခိုက်ဝံ့တာလဲ'

သူ၏အတွေးမဆုံးမီ အစောင့်အချို့သည် ဂေဟာထဲမှ လူ တစ်ယောက်အား ထမ်းထုတ်လာကြသည်ကို တွေ့မြင်ရလေ သည်။

'မြို့စားကြီး'

ဖုကျိ လွှတ်ခနဲ ခေါ်လိုက်မိ၏။

ချက်ချင်း ပြေးလွှားသွားလေသည်။

အစောင့်အကြပ်များသည် ဖုကျိအား ရန်သူထင်မှတ်ကာ ဆီးကြိုတိုက်ခိုက်ကြလေသည်။

'ခင်ဗျားတို့ မှားမယ်'

ဖုကျိက လက်ဝေ့ယမ်းပြီး တားဆီးလိုက်ရာ....

'ဝုန်း.... ဝုန်း.... ဝုန်း....'



အစောင့်အကြပ်များ အဝေးသို့ လွင့်စဉ်သွားကြလေတော့ သည်။

ဖုကျိသည် မြေပေါ်လဲကျသွားသည့် မြို့စားကြီးအား ပြေး ၍ ပွေ့ထူလိုက်လေသည်။

အစောင့်များအား ဂရုမစိုက်ထားနိုင်တော့ပါ။

'မြို့စားကြီး.... မြို့စားကြီး ဘယ်လိုဖြစ်ရတာလဲဗျာ'

စိတ်မကောင်းကြီးစွာဖြင့် မေးလိုက်လေသည်။

မြို့စားကြီးမှာ ဒဏ်ရာပြင်းစွာ ရရှိနေပါသော်လည်း သတိ ကောင်းစွာ ရနေပါသေး၏။

'မင်း.... မင်းသားလေး'

'မင်းသားလေးရဲ့လက်ချက် ဟုတ်လား'

'သူက ကိန္နရီတောင်ပေါ်ကိုသွားပြီ၊ သူ့ရဲ့လူတွေ ကြောက် စရာကောင်းတယ်၊ သ.... သမီးတော်လေးကို အမြန်ဆုံး ကယ် တင်ပါ'

မြို့စားကြီးက ကြိုးစား၍ ပြောလေသည်။

မင်းသားလေးသည် သူနှင့်ရင်ဆိုင်ပြီးသည့် နောက်ပိုင်းတွင် မိတ်ဆွေများခေါ်ကာ မြို့စားဂေဟာအား စီးနင်းတိုက်ခိုက် ခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားပေသည်။

'ကိန္နရီတောင် ဘယ်မှာလဲ'

ဖုကျိ မေးလိုက်ရာ မြို့စားကြီးက....

'မြို့တောင်ဘက် ငါးမိုင်အကွာမှာရှိ....'

စကားဆုံးအောင် မပြောနိုင်တော့ပါ။

ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

ဖုကျို အချိန်ဆွဲမနေနိုင်တော့ပါ။

မြို့စားကြီး၏အလောင်းကို မြေပေါ်ချလိုက်ပြီး မြို့တောင်ဘက်ဆီသို့ လျှင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

....င....

ဖူးစာရှင်

ကိန္နရီတောင်....

ဆီးဟာမြို့တောင်ဘက် ငါးမိုင်အကွာတွင် ကိန္နရီတောင် တည်ရှိလေသည်။

ကိန္နရီတောင်သည် အလွန်မြင့်မားသည့် တောင်တစ်လုံး ဖြစ်လေသည်။

ဖုကျိုသည် ကိန္နရီတောင်ပေါ်သို့ ရောက်လာပြီ ဖြစ်လေသည်။

ရည်ရွယ်ချက်မရှိပါဘဲ ဆီးဟာမြို့စားနှင့် ပတ်သက်မိခဲ့ခြင်း ဖြစ်ပေသည်။

မင်းသားလေးတို့လူစု၏ ရက်စက်ကြမ်းကြုတ်မှုကို သဘော မကျနိုင်ပါ။

ထို့ကြောင့် ကိုယ်နှင့်မဆိုင်ဟု သဘောမထားဘဲ သမီးတော်လေးအား ကူညီရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကိန္နရီတောင်ပေါ်သို့ ရောက်လာသည်နှင့် ဆူဆူညံညံ အသံဗလံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျို လှမ်းကြည့်လိုက်သောအခါ တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'မင်းသားလေးတို့လူစုက သမီးတော်လေးကို ဒုက္ခပေးနေကြပြီ ထင်ပါရဲ့'

ဖုကျိုက ပြေးလွှားသွားလေသည်။

တောင်ပေါ်၌ အဆောက်အအုံကြီးတစ်ခု ရှိသည်။

တိုက်ပွဲသည် ထိုအဆောက်အအုံကြီးရှေ့၌ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးများနှင့် လူတစ်စု တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ဖုကျို အကဲခတ် ကြည့်နေစဉ်မှာပင်....

'အား....'

'အွန်း....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများနှင့်အတူ မိန်းကလေးများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်ကို တွေ့မြင်ရလေသည်။



ဖုကျို မနေနိုင်တော့ပါ။

တိုက်ပွဲအတွင်းသို့ ခုန်ဝင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ရပ်လိုက်....'

ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျို လှမ်းကြည့်လိုက်လေသည်။

ထိုအခါ အဆောက်အအုံအတွင်းမှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမိန်းကလေးမှာ ပန်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လွန်စွာမှပင် ချောမောလှပသူကလေး ဖြစ်လေသည်။

ဖုကျိုသည် ထိုမိန်းကလေးအား တွေ့မြင်ရလျှင် မျက်မှောင်ကြုတ်သွားသည်။

ထိုမိန်းကလေးအား ရင်းရင်း နှီးနှီး တွေ့မြင်ခဲ့ဖူးသည်ဟု ထင်မှတ်မိပြီး ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်နေမိလေတော့သည်။

မိန်းကလေးကို တွေ့မြင်ရလျှင်....

'အားလုံး နောက်ဆုတ်လိုက်ကြစမ်း'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

မင်းသားလေး၏ အသံဖြစ်ကြောင်း ဖုကျို ချက်ချင်း မှတ်မိလိုက်လေသည်။

လှမ်းကြည့်လိုက်သောအခါ မင်းသားလေးက ရှေ့သို့လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အစိမ်းရောင် မိန်းကလေးများနောက်ဆုတ်သွားကြသည်။

မင်းသားလေး၏ လူများလည်း နောက်ဆုတ်သွားကြသည်။

အဆောက်အအုံရှေ့တွင် မင်းသားလေးနှင့် ပန်းရောင်မိန်းကလေးတို့ ရင်ဆိုင်မိလိုက်ကြလေသည်။

'ဟား….ဟား….ဟား'

မင်းသားလေး ဟားတိုက်ရယ်မောလိုက်လေသည်။

မိန်းကလေးက….

'လူယုတ်မာ….ရှင်က ဒီနေရာကိုတောင် ရောက်အောင်လာခဲ့တယ်ပေါ့လေ'

ဟု ငေါက်လိုက်လေသည်။

မင်းသားလေးက….

'ဟဲ….ဟဲ….ဟဲ….ကျုပ်က ညီမလေးကိုတွေ့ချင်လို့ စွန့်စွန့်စားစား လာခဲ့ရတာပါ'

'ရှင်….ခုချက်ချင်း တောင်ပေါ်က ဆင်းသွားစမ်း'

'ကျုပ်က ညီမလေးဆီကို အပင်ပန်းခံပြီး လာခဲ့ရတာပဲ၊ ညီမလေးအတွက် ကြင်ယာရွေးပွဲ ကျင်းပမယ် မဟုတ်လား၊ ဟဲ….ဟဲ….ကျုပ်က ဝင်ပြီး ယှဉ်ပြိုင်မလို့ပါပဲ၊ ဒါပေမယ့်ညီမလေးဖေဖေက ကျုပ်ကို သဘောမကျလို့ပါဗျာ'

မိန်းကလေး အံကြိတ်လိုက်လေသည်။

'ဟွန့်….ရှင်က ကိုယ့်အသက်အရွယ်ကိုလဲ အားနာပါဦး၊ ရှင်ဟာ ကျွန်မအဖေအရွယ်လောက် ရှိနေပြီဆိုတာ မမေ့စမ်းပါနဲ့'

'ဟား….ဟား….ဟား'



မင်းသားလေး ဟားတိုက် ရယ်မောလိုက်လေသည်။

မိန်းကလေးက….

'ရှင်….ခုချက်ချင်း ထွက်သွားပါ'

'ကျုပ်က မင်းကို အရယူဖို့ ဆုံးဖြတ်ပြီးပြီ'

မိန်းကလေးက….

'ရှင်ဟာ မိုးမတောင်သခင် ထင်းတိချူးရဲ့ လျှို့ဝှက်သိုင်းကျမ်းကို လိုချင်လို့ မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် မုကျီရင်ထိတ်သွားသည်။

'ဟင်….မိုးမတောင်သခင် ထင်းတိချူးရဲ့ လျှို့ဝှက်သိုင်းကျမ်းဆိုပါလား'

စိတ်ဝင်စားသွားသဖြင့် အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

မင်းသားလေးမျက်နှာ ညှိုးသွားသည်။

'ဟုတ်တယ်၊ ထင်းတိချူးရဲ့သိုင်းကျမ်းကို မင်းတို့သားအဖအပိုင်စီးထားကြတယ် မဟုတ်လား၊ ငါက လိုချင်တာ ငါ့အပြစ်လား'

မိန်းကလေးက….

'ကျွန်မတို့ဆီမှာ မရှိဘူး၊ ဘာမှ မသိဘူးဆိုတာ ရှင့်ကို ဘယ်နှစ်ခါပြောရမလဲ'

'မင်းတို့သားအဖ လိမ်ပြောနေတာပဲ'

မိန်းကလေးက….

'ရှင်မယုံလဲ မတတ်နိုင်ဘူး'

မင်းသားလေးက....

'ငါ့ညီမလီချူးထိဆီက ငါကြားခဲ့ရပြီးပြီ၊ ထင်းတီချူးဟာ မင်းတို့ဆီမှာ လာနေသွားတဲ့ အချိန်မှာ လျှို့ဝှက်သိုင်းကျမ်း တစ်ခု ထားပစ်ခဲ့တယ်ဆိုတာ ငြင်းမနေနဲ့တော့'

မိန်းကလေးက....

'ရှင် မတရားမပြောနဲ့၊ ဘာသိုင်းကျမ်းမှ မထားခဲ့ဘူး ရှင့်'

မင်းသားလေး အံကြိတ်လိုက်လေသည်။

'ကောင်းပြီ၊ မင်းဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် မိန်းကလေးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း....'

'အမယ်လေး'

မိန်းကလေးတစ်ချက် အော်ဟစ်ကာ အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

ထိုအချိန်တွင်....

'သခင်မလေး'

အထိတ်တလန့် ခေါ်သံများ ထွက်ပေါ်လာ၏။

လူရိပ်နှစ်ခု ခုန်ဝင်လာပြီး မင်းသားလေးနှင့် ရင်ဆိုင်လိုက်လေသည်။



ယုလီနှင့်ချိုတုတို့ ဖြစ်ကြလေသည်။

သူတို့သည် သမီးတော်လေး ဒုက္ခရောက်နေသည်ကိုမြင်လျှင် အသက်အန္တရာယ်ကိုပင် အမှုမထားနိုင်တော့ဘဲ ခုန်ဝင်တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

သို့သော်....မင်းသားလေးနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်ရသောအခါ....

'အား....'

'အမယ်လေး'

စူးရှစွာ အော်ဟစ်လိုက်ကြပြီး မြေပေါ် လဲကျသွားကြလေတော့သည်။

'ဟား....ဟား ...ဟား'

မင်းသားလေး ရယ်မောလိုက်လေသည်။

'မင်းဘာတတ်နိုင်ဦးမှာလဲ'

ဟု ရေရွတ်ကာ သမီးတော်လေးထံသို့ လှမ်းသွားလေသည်။

ဖုကျို မနေနိုင်တော့ပါ။

'ရပ်လိုက်'

အော်ဟောက်ရင်း သမီးတော်လေးရှေ့သို့ ခုန်ဝင်သွားပြီး အကာအကွယ်ပြုထားလိုက်လေတော့သည်။

....●....

မင်းသားလေး မျက်မှောင်ကြုတ်သွားလေသည်။

ဖုကျိအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်းက သေချင်လို့ ဒီထိအောင် လိုက်လာတာကိုး'

ဟု ငေါက်လိုက်လေသည်။

ဖုကျိက....

'ခင်ဗျားရဲ့ အင်္ကျီရင်ဘတ်ကို ငုံ့ကြည့်ပြီးမှ ဒီစကားမျိုး ပြောချင် ပိုကောင်းမယ်ဗျ'

'ဘာ....'

မင်းသားလေး မျက်နှာကြီး နီမြန်း သွားလေတော့သည်။

ဖုကျိသည် ကပ္ပိယလေးဘဝမှ ထိပ်တန်း သိုင်းသမား တစ်ယောက် ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

ဘဝလမ်းခရီး တစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက် များကြောင့် သူငယ်နှပ်စားဘဝမှ အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်လာသည်။

မတရားမှုကို ခေါင်းငုံ့မခံသည့် တိတ်ထိတ်ကြဲ သိုင်းသမား တစ်ယောက် ဖြစ်လာလေတော့သည်။

မင်းသားလေးက....

'မင်း ဘယ်သူလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ ဝင်ရှုပ်ချင် ရတာလဲ'

ဟု ငေါက်လိုက်လေသည်။

ဖုကျိက....

'ကျုပ်နာမည် ဖုကျိလို့ ခေါ်တယ်၊ ကျုပ်နဲ့ မဆိုင်ဘူးလို့ မပြောနဲ့၊ မိုးတောင်သခင် ထင်းတိချုံးဟာ ကျုပ်ရဲ့ ဆရာပဲ



စာမှတ် ၁၅/၁၃၈၊ မြို့ ...
ရှိုး ၂၁၇၄၄

'ဘာ....'

မင်းသားလေး မျက်လုံး ပြူးသွားလေသည်။

'ဟင်....သူက ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေတာလဲ'

စကားသံနှင့်အတူ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရ၏။

ထိုလူမှာ ကြယ်တံခွန်ဆရာ ဖြစ်လေသည်။

ကြယ်တံခွန်ဆရာသည် ဖုကျိအား မကျေမနပ်ကြည့်လိုက် ပြီး....

'ငါတစ်ယောက်လုံး ဒီနေရာမှာ ရောက်နေတာဘောင် မင်း ကိုယ်မင်း ထင်းတိချုံးရဲ့ တပည့်လို့ ပြောဝံ့သေးသလား'

ဖုကျိက....

ဆရာက ကျုပ်ကိုပညာအမွေ ပေးခဲ့တယ်ဆိုတာ ခင်ဗျား မှ မသိသေးဘဲကိုး၊ ဆရာဟာ တပည့်အဖြစ် အသိအမှတ် မပြု ဘူးဆိုတာ ခင်ဗျား သိပါတယ်'

ကြယ်တံခွန်အဘိုးအိုက....

'မင်းကို ပညာအမွေ ပေးခဲ့တယ် ဟုတ်လား၊ စမ်းကြည့်ရ သေးတာပေါ့ကွာ'

စကားဆုံးလျှင် လက်ကို မသိမသာ လှုပ်ရှားလိုက်၏။

အသိပ်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း မင်းသားလေး နားလည် မိလေသည်။

သို့သော် ဖုကျိမှသိပါ၏။

'ခင်ဗျား ဘာလုပ်နေတာလဲဗျ'

ဟု မေးလိုက်လေသည်။

ကြယ်တံခွန်အတိုးအို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဟင် ...မင်း....မင်း ဘာမှ မဖြစ်ဘူး ဟုတ်လား'

'ဘာဖြစ်ရမှာလဲဗျ'

အမှန်တော့ ဖုကျို သည် ထင်းတီချူးထံမှ အတွင်းအား ရရှိခဲ့သည့်အပြင် နတ်တောင်သခင်မနှင့် လီချူးထိတို့၏ ထိပ်တန်း သိုင်းပညာများ ရရှိခဲ့ခြင်းကြောင့် အဆိပ်ဒဏ်ကို မမှုသူ ဖြစ်နေချေပြီ။

နတ်တောင်သခင်မ၏ အသက်ခြေအင်းထိပြီးနောက် ဖြေနည်း ရရှိခဲ့လေရာ ကြယ်တံခွန်ဆရာ၏အဆိပ်ပညာသည်အသေးအဖွဲ ဖြစ်သွားရလေတော့သည်။

ကြယ်တံခွန်ဆရာ ခံပြင်းသွားသည်။

'သိကြသေးကာပေါ့ကွာ'

အော်ငေါက်ရင်း ဖုကျိုထံ ခုန်ဝင် တိုက်ခိုက် လိုက်လေသည်။

ဖုကျို မဲ့ပြုံး ပြုံးကာ....

'ခင်ဗျား ဘာတတ်နိုင်မှာမို့လဲ'

ဟု ကြုံးဝါးရင်း ပြန်လည်း တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ထိပ်တိုက် ရင်ဆိုင်မိလျှင်....

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကြယ်တံခွန်ဆရာကော ဖုကျိုပါ မြေပေါ် လဲကျ သွားကြလေတော့သည်။

.... င....



ဖုကျိုသည် ကြယ်တံခွန်ဆရာနှင့် ရင်ဆိုင် လိုက်ရသောအခါ အတွင်းအားကို ထုတ်ဖော်ကာ အားကုန် တိုက်ခိုက် လိုက်ခြင်း ဖြစ်သည်။

ကြယ်တံခွန်ဆရာကြောင့် စောစင်းဟို သေဆုံးသွားခဲ့ရသည်ကို သူ မမေ့နိုင်ပါ။

ကြယ်တံခွန်ဆရာအား သုတ်သင် ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားလေသည်။

ကြယ်တံခွန်ဆရာသည် ဖုကျို၏ သိုင်းကွက်ကို မြင်လျှင် ရင်ထိတ်သွားလေသည်။

အခြေအနေ မဟန်မှန်း ရိပ်မိသဖြင့် အင်္ကျီ လက်အိုးထဲ၌ ဝှက်ထားသည့် အဆိပ်အပ်ကလေးများဖြင့် ပစ်လွှင့် တိုက်ခိုက် လိုက်သည်။

ထိုအချိန်မှာပင် အခွင့်အရေး စောင့်နေသည့် မင်းသားလေးက ဖုကျို၏ နောက်ကျောဘက်သို့ ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကြယ်တံခွန်ဆရာ၏ အဆိပ်အပ်ကလေးသည် ဖုကျို၏သွေးကြော နေရာသုံးခု၌ စိုက်ဝင်သွားသဖြင့် သူ၏ အတွင်းအားလှိုင်းများ အဆိပ်ပြယ်သွားရခြင်းကြောင့် ဖုကျို ထိတ်လန့်သွားသည်။

ကြယ်တံခွန်ဆရာ၏အဆိပ်သည် အန္တရာယ် မပြုနိုင်သော်လည်း အတွင်းအား ဖော်ထုတ်မှုကို အနှောင့်အယှက် ပြုနိုင်ခဲ့ပြီး လက်ဝါးရိုက်ချက်မှာ အားပါလှပေသည်။

မင်းသားလေးကလည်း အလစ် တိုက်ခိုက်လိုက်သဖြင့် မည်သို့မျှ မဟန်နိုင်တော့ဘဲ ဖုကျိ လဲကျ သွားရခြင်း ဖြစ်လေသည်။

ကြယ်တံခွန်ဆရာလည်း ဖုကျိ၏ လက်ဝါး ရိုက်ချက်ဒဏ်ကြောင့် လဲကျသွားရခြင်း ဖြစ်လေသည်။

....o....

'ဟား....ဟား....ဟား....'

မင်းသားလေး သဘောကျစွာ ရယ်မောလိုက်လေသည်။

ဖုကျိ လဲကျသွားခြင်းကြောင့် ဝမ်းသာနေခြင်း ဖြစ်လေသည်။

သမီးတော်လေးသည် အခြေအနေ မဟန်မှန်း တွေ့လျှင် ချာခနဲလှည့်ကာ အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားလေသည်။

မင်းသားလေးက....

'မင်းပြေးလို့ လွတ်မလား'



'ယား....'

ဟု အော်ငေါက်ကာ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏

အစိမ်းရောင် မိန်းကလေးများက သူ့အား ဟန့်တားတိုက်ခိုက်လိုက်ကြလေသည်။

မင်းသားလေး ဒေါသထွက်သွား၏။

'သေချင်ပြီဆင့်တယ်'

ကြုံးဝါးရင်း လက်နှစ်ဘက်ဝေ့ယမ်းကာ တိုက်ထုတ်ပစ်လိုက်၏။

သူ၏လူများကလည်း ကူညီတိုက်ခိုက်ကြလေသည်။

အစိမ်းရောင် မိန်းကလေးများသည် အပြင်းအထန် ခုခံတိုက်ခိုက်ကြပါသော်လည်း....

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

မည်သို့မျှ မယှဉ်နိုင်ကြဘဲ သမီးတော်လေးအတွက် အသက်ပေးသွားကြရလေတော့သည်။

ထိုအချိန်မှာပင် တောင်ပေါ်သို့ လူရိပ်လေးခု ပြေးတက်လာကြလေသည်။

ထိုလူရိပ်များသည် တောင်ပေါ်သို့ရောက်လာသည်နှင့် မင်းသားလေးဘက်မှ ကူညီတိုက်ခိုက်ပေးလိုက်ကြပြန်ရာ သမီးတော်

လေးအား ကာကွယ်စောင့်ရှောက်နေသူများ မရှိမလှဲ့ အရေးနိမ့်သွားကြလေတော့သည်။

တစ်ခဏအတွင်းမှာပင် တိုက်ပွဲအခြေအနေ ထင်ထင်ရှားရှား ထွက်ပေါ်လာသည်။

သမီးတော်လေး ဘက်မှ ရပ်တည်နေသူများသည် တစ်စုံတစ်ယောက်မျှ မြေပေါ်၌ ရပ်တည်နေနိုင်ခြင်း မရှိတော့ပါ။

အားလုံးလိုလို မြေပေါ်လဲကျနေကြပြီဖြစ်သည်။

မင်းသားလေးအား ဟန့်တားမည့်သူ မရှိတော့ပါ။

'ဟား....ဟား....ဟား'

မင်းသားလေးက သဘောကျစွာ ရယ်မောလိုက်၏။

သမီးတော်လေးအား ဖမ်းဆီးရန် အဆောက်အအုံအတွင်းသို့ ဝင်သွား၏။

မင်းသားလေး၏ လူများလည်း ပြေးလွှားလိုက်ပါသွားကြလေသည်။

သူတို့သည် အဆောက်အအုံအတွင်း၌နေရာလပ်မကျန်အောင် ရှာဖွေလိုက်ကြသည်။

သို့သော်....

သမီးတော်လေးအား မတွေ့ရပါ။

သမီးတော်လေး မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

မင်းသားလေး ဒေါပွသွားပြီး အဆောက်အအုံအပြင်ဘက်သို့ ပြေးထွက်လာသောအခါ....



'ဟာ....'

အထိတ်တလန့် အော်လိုက်မိပြန်သည်။

အကြောင်းမှာ မြေပေါ်၌လဲကျနေသည့် ဖုကျို ပျောက်ချင်းမလှ ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်သည်။

သမီးတော်လေးနှင့် ဖုကျိုတို့ မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

....o....

**နိမိတ်စကား**

ကိန္နရီတောင်....

ကိန္နရီတောင်တွင် လျှိုမြောင် ချောက်ကမ်းပါးများ၊ ရေတံခွန်စိမ့်စမ်းအင်းအိုင် ပေါများလှပေသည်။

တောင်ထိပ်၏ အရှေ့ဘက်တစ်နေရာမှ တဝေါဝေါစီးကျနေသည့် ရေတံခွန်ကြီးသည် အကြီးမားဆုံး ဖြစ်လေသည်။

ထိုရေတံခွန်ကြီး၏ အောက်ဘက်၌ ကျောက်လိုဏ်ဂူ တစ်ခုရှိ၏။

ယခု....

ထိုကျောက်လိုဏ်ဂူအတွင်း၌ လူနှစ်ယောက် ရောက်ရှိနေပြီ ဖြစ်လေသည်။



'အင်း....အင်း....'

ညည်းသံသဲ့သဲ့ ထွက်ပေါ်လာ၏။

'ရှင်...ရှင် သတိရလာပြီလား'

ချိုလွင်သာယာသောအသံ နားထဲသို့တိုးဝင်လာသဖြင့် ဖုကျို မျက်လုံးဖွင့်ကြည့်မိလိုက်သည်။

'ဟင်....'

သူ့အား အပေါ်မှ မိုး၍ ကြည့်နေသည့် လှပချောမောသော မိန်းကလေးတစ်ယောက်၏ မျက်နှာကို တွေ့မြင်လိုက်ရသဖြင့် ဖုကျို လူးလိမ့်ထလိုက်မိလေသည်။

'အို...မထနဲ့ဦးလေ၊ ရှင့်မှာ ဒဏ်ရာတွေရထားတယ်၊ ရှင် သက်တောင့်သက်သာ လှဲနေလိုက်ပါရှင်'

မိန်းကလေးက စိုးရိမ်ပူပန်စွာ ပြောလေသည်။

ဖုကျိုက နားမထောင်ဘဲ လူးလိမ့်ထလိုက်၏။

ထို့ကြောင့် ဦးခေါင်းထဲ မိုက်ခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး ယိမ်းယိုင်သွား၏။

'အို....'

မိန်းကလေးက သူ့အား ဖေးမလိုက်လေသည်။

ဖုကျိုမှာ မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်နေရသဖြင့် ရင်ထဲက တလှုပ်လှုပ်ဖြစ်လာ၏။

သူမ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည့် ကိုယ်သင်းနံ့ကလေးက ဦးခေါင်းထဲ ပုံပြီးမူးနောက်ရီဝေလာစေသည်။

'ရှင်....ရှင် သက်သာရဲ့လားဟင်'

ဖုကျို မျက်လုံးဖွင့်လိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ'

သူ၏အသံ ခြောက်သွေ့အက်ကွဲနေ၏။

ထိုမိန်းကလေးမှာ သမီးတော်လေးဖြစ်သည်။

ဖုကျုိမှာ သမီးတော်လေးအား ရင်းရင်းနှီးနှီး တွေ့ခဲ့ဖူးသည်ဟု ခံစားနေရ၏။

ထို့ကြောင့် မျက်တောင်မခတ် ငေးကြည့်နေမိလေသည်။

သူ၏အကြည့်ကြောင့် မိန်းကလေး ရှက်သွေးဖြာသွားလေသည်။

'ရှင်ကံကောင်းတယ်၊ ကြယ်တံခွန်ဆရာရဲ့ အဆိပ်အပ်ထိတာတောင် ဘာမှမဖြစ်ဘူးနော်'

သမီးတော်လေး၏ စကားကြားမှ ဖုကျုိ သတိဝင်လာလေသည်။

သမီးတော်လေးက....

'ကျွန်မ တံခါးကြားမှာ ပုန်းနေတာကို သူတို့ မသိဘူး၊ အဆောက်အအုံထဲကို အတင်းပြေးဝင်သွားကြတာ၊ သူတို့ အထဲရောက်သွားတော့ ကျွန်မ အပြင်ကို ထွက်ပြေးလာခဲ့တာပေါ့၊ ကျွန်မလူတွေအားလုံး သေကုန်ကြပြီ၊ ရှင်ကတော့ မသေသေးဘဲ ညည်းညူနေတာကိုတွေ့လို့ ခေါ်လာခဲ့တာ'

ဟု ရှင်းပြလေသည်။

ဖုကျုိက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျုပ်ရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ....'

သမီးတော်လေး ခေါင်းခါ ယမ်းလိုက်၏။



'ကျွန်မကို ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ ရှင်က ကျွန်မအသက် ကယ်တင်ခဲ့တာပဲ'

မှန်ပေသည်။ ဖုကျိုသာ ကြားဝင် တိုက်ခိုက်ခြင်း မပြုလျှင် သမီးတော်လေးမှာ မင်းသားလေး၏ လက်ချက်ဖြင့် သေဆုံးသွားရမည်သာ ဖြစ်လေသည်။

သမီးတော်လေးက....

'ရှင်ခုလို အသက်ရှင်နေတာပဲ၊ ကျွန်မအတွက် ကံကောင်းတယ်လို့ ဆိုရမှာပေါ့ရှင်'

သူမသည် တစ်စုံတစ်ခုသော အကူအညီ လိုအပ်နေကြောင်း ဖုကျို ရိပ်မိလိုက်လေသည်။

မြို့စားကြီး သေဆုံးသွားပြီဖြစ်သလို သမီးတော်လေးအား ကူညီမည့်သူများလည်း မရှိတော့ပါ။

ထို့ကြောင့် ကူညီရမည့်ဝတ္တရား သူ့တွင် ရှိနေပြီ ဖြစ်ကြောင်း နားလည်မိလေသည်။

'သခင်မလေးကို ကျုပ်ကူညီပါ့မယ်ဗျာ'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

သမီးတော်လေး ဝမ်းသာသွားလေသည်။

'ကျေးဇူး တင်လိုက်တာရှင်၊ ခုချိန်မှာ ကျွန်မဟာ ကူညီမယ့်လူ မရှိဘဲ ဒုက္ခဖြစ်နေပါတယ်'

'သခင်မလေး ဘာမှ မပူပါနဲ့ဗျာ၊ ကျုပ်အသက် သေချင်သေသွားပါစေ ကူညီပါ့မယ်ဗျာ'

သမီးတော်လေးက....

'ရှင် သက်သာသွားပြီဆိုရင် ကျွန်မကို ဖေဖေ့ဆီ လိုက်ပို့ ပေးပါလား'

'ဗျာ....'

ဖုကျို ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

သမီးတော်လေးက....

'ရှင် သတိလစ်နေတုန်း ကျွန်မ အပြင်ဘက်ကို ထွက်ကြည့်သေးတယ်။ တောင်ပေါ်မှာ ရန်သူတွေ ပြည့်နေတာပဲ၊ ကျွန်မ တောင်အောက်ကို ဆင်းဖို့ မလွယ်တော့ဘူးရှင့်'

တောင်အောက်သို့ ဆင်းနိုင်မှသာလျှင် ဆီးဟာမြို့တော်သို့ ပြန်သွားနိုင်မည် ဖြစ်လေသည်။

ဆီးဟာမြို့တော်တွင် သူမ၏ဖခင် ရှိနေသည်ဟု ယူဆထားခြင်း ဖြစ်ပေတော့သည်။

ဖုကျို စိတ်မကောင်း ဖြစ်သွားလေသည်။

သမီးတော်လေးအား ငေးကြည့် နေမိလေတော့သည်။

သမီးတော်လေးက....

'ကျွန်မတို့ တောင်အောက်ကို ဆင်းပြီး ဖေဖေ့ဆီကို အမြန်ဆုံး သွားနိုင်မှ ဖြစ်မယ်ရှင့်၊ ရှင်ကျွန်မကို လိုက်ပို့ပေးမယ် မဟုတ်လား'

ဟု မေးလာလေသည်။

သူမသည် မြို့စားသမီး ဖြစ်သော်လည်း သိုင်းပညာ အသင့်အတင့် တတ်မြောက် ထားလေသည်။

သို့သော် မင်းသားလေးတို့အား မယှဉ်နိုင်မှန်းသိ၍ စိတ်ဓာတ် ကျဆင်းနေပုံရ၏။



မြို့စားကြီးသည် ရန်သူများအား မောင်းထုတ် နိုင်မည်ဟုလည်း ယုံကြည်ထားပုံရ၏။

ယခုဆိုလျှင် မင်းသားလေးတို့ လူစုသည် ဆီးဟာမြို့တော်၌ ထင်တိုင်းကဲနေလောက်ပြီဟု ဖုကျို နားလည် ထားပေတော့သည်။

ထို့ကြောင့် သမီးတော်လေး စိတ်ပြောင်းသွားစေရန်....

'မင်းသားလေးဟာ သခင်မလေးနဲ့ ဘယ်လိုများ ပတ်သက်နေသလဲဆိုတာ ပြောပြပါလားဗျာ'

ဟု မေးလိုက်လေသည်။

သမီးတော်လေးက....

'မင်းသားလေးဟာ ကျွန်မဖေဖေရဲ့မိတ်ဆွေ လီချူးထိရဲ့ အစ်ကိုပါရှင့်....'

'ဗျာ....'

ဖုကျို ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သမီးတော်လေးအား မယုံကြည်နိုင်စွာဖြင့် ကြည့်နေမိလေသည်။

သမီးတော်လေး ပြုံးလိုက်လေသည်။

'ဘာလဲ ရှင်မယုံဘူး မဟုတ်လား'

'သခင်မလေးသူဟာ အသက်နှစ်ဆယ်ကျော်လောက် အရွယ်ပဲ ရှိပါသေးတယ်ဗျာ၊ လီချူးထိရဲ့ အစ်ကိုဆိုတာ ဖြစ်နိုင်ပါ့မလား'

သမီးတော်လေးက....

'မင်းသားလေး နာမည်ဟာ လီထင်းလို့ ခေါ်ပါတယ်၊ လီထင်းဟာ အသက်ခြောက်ဆယ်လောက်ရှိပါပြီ၊ သူလေ့ကျင့်ထားတဲ့ ထူးဆန်းတဲ့ သိုင်းပညာကြောင့် သူ့ရဲ့ ရုပ်ရည်ဟာ အိုမင်းရင့်ရော် မသွားဘဲ 'လူငယ်လေးတစ်ယောက်လို နုပျို လန်းဆန်းနေတာပါရှင်....'

'ဟင်....ဒီလို သိုင်းပညာမျိုး လောကပေါ်မှာ ရှိတယ် ဟုတ်လား'

သမီးတော်လေး ခေါင်းညိတ်လိုက်သည်။

'ရှိတယ်၊ သူဟာ လောကသဘာဝကို ဆန့်ကျင်တဲ့ အမျိုးသမီးတွေရဲ့ ကိုယ်တွင်းစွမ်းအားကို ရယူပြီး လေ့ကျင့်ခဲ့တာပဲ၊ သူက ကျွန်မကို လိုချင်နေတယ်ဆိုတာ သူ့ရဲ့ပညာ လေ့ကျင့်တဲ့အခါမှာ အထောက်အကူ ပြုနိုင်အောင်ပါရှင်'

ပြောရင်း သူမ၏ မျက်နှာလေး နီမြန်းလာလေသည်။

ဖုကျိုသည် ထူးဆန်းလျှို့ဝှက်သည့် သိုင်းပညာရပ်များ အကြောင်း မသိပါ။

ထို့ကြောင့် သမီးတော်လေးကရှင်းပြသော်လည်း အဓိပ္ပာယ် မပေါက်ပါချေ။

သို့သော် မေးမြန်းခြင်း မပြုတော့ပါ။

'သူဟာ အသက်ခြောက်ဆယ်အရွယ် အဘိုးအိုတစ်ယောက် ဆိုတော့ နတ်တောင်သခင်မနဲ့ နင်လားငါလားပဲ'

ဟု ပြောလိုက်မိလေသည်။

သမီးတော်လေးက....



'ဟင်....နတ်တောင်သခင်မကို ရှင်သိတယ် ဟုတ်လား'

'သိပါတယ်ဗျာ သူဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပါ'

'ဒါဆို ရှင့်ကိုလီချူးထိက သဘောကျမှာ မဟုတ်ဘူးရှင့်၊ သူက နတ်တောင်သခင်မကို မုန်းနေတာ'

ဖုကျိုက လီချူးထိနှင့် နတ်တောင်သခင်မတို့ သေဆုံး သွားကြပြီဖြစ်ကြောင်း ပြောမပြတော့ဘဲ....

'လီချူးထိဟာ မြို့စားကြီးနဲ့ ခင်မင်ရင်းနှီးကြတယ် မဟုတ်လား၊ သူ့အစ်ကိုက ဘာကြောင့် သခင်မလေးကို ဒုက္ခပေးချင် ရတာလဲဗျာ'

ဟု မေးလိုက်လေသည်။

သမီးတော်လေး သက်ပြင်းချလိုက်သည်။

'အမှန်ဆိုရင် လီချူးထိတို့ မောင်နှမ ကျေးဇူးကန်းတယ်လို့ ပြောရမှာပါရှင်၊ မိုးတောင်သိုင်းသမား ထင်းတိချူးက ဖေဖေနဲ့ ခင်မင်ရင်းနှီးပါတယ်၊ ဘာဘာထင်းတိချူး ဆီဟာနယ်ကို ရောက်လာတော့ လီချူးထိနဲ့ နတ်တောင်သခင်မတို့ လိုက်လာ ခဲ့ကြပါတယ်၊ ဘာဘာထင်းတိချူးဟာ ကြာကြာမနေတော့ဘဲ ဆီဟာက မြန်ထွက်သွားပါတယ်၊ နတ်တောင်သခင်မက သူ့နောက်လိုက်သွားပေမယ့် လီချူးထိကလိုက်မသွားဘဲ နေရစ်ခဲ့ ပါတယ်ရှင်'

ဖုကျိုက ...

'မြို့စားကြီးက လက်ခံထားတာပဲလား'

'သူဟာ ဘာဘာထင်းတိချူးရဲ့ မိတ်ဆွေဆိုတော့ ဖေဖေက လိုလေသေးမရှိ ဧည့်ခံကျွေးမွေးထားခဲ့ပါတယ်၊ ဒါပေမယ့်

နောက်ပိုင်းကြတော့မှ လီထင်းရောက်လာတဲ့အခါ ဖေဖေက သဘောမကျအောင် ဖြစ်လာရတယ်'

'လီထင်းက နောက်မှ လိုက်လာတာကိုး'

သမီးတော်လေး ခေါင်းညိတ်လိုက် ည်။

'ဟုတ်ပါတယ်ရှင်၊ လီထင်းဟာ ဆီဟာမြို့တော်ကို ရောက်လာပြီး မကြာပါဘူး၊ မိန်းကလေးတွေဖမ်းပြီး သိုင်းလေ့ကျင့်တယ်လို့ သတင်းတွေထွက်ပေါ်လာတယ်၊ ဒါကြောင့် ဖေဖေက လီချူးထိကို ပြောခဲ့သေးတယ်၊ လီချူးထိက မဟုတ်ပါဘူးလို့ ငြင်းခဲ့တယ်၊ ဒါကြောင့် ဖေဖေလဲ ဘာမှမပြောသာတော့ဘူးရှင့်'

ဖုကျိုက....

'သခ့်ချူးထိဟာ ဆီးဟာမြို့တော်မှာနေခဲ့တာ အကြောင်းရှိလိမ့်မယ်၊ သခင်မ မရိပ်မိခဲ့ဘူးလား'

ဟု မေးလိုက်လေသည်။

သမီးတော်လေးက ...

'ကျွန်မ ခုတော့သိပါပြီ၊ လီချူးထိတို့ မောင်နှမဟာ ဘာဘာထင်းတိချူးက သိုင်းကျမ်းတစ်ခု ဝှက်ထားခဲ့တယ်အထင်နဲ့ ဒီမှာနေခဲ့ပြီး ရှာဖွေနေခဲ့တယ်ရှင့်'

'သိုင်းကျမ်း ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

ဖုကျိုက....

'ဘာဘာ ထင်းတိချူးက သိုင်းကျမ်း ထားပစ်ခဲ့တယ် ဆိုတာ ကော တကယ်ပဲလား'



သမီးတော်လေး တွေဝေသွားလေသည်။

ဘာမှပြန်မပြောဘဲ အတန်ကြာသည်အထိ တွေဝေငေးငိုင်နေ၏။

ဖုကျိုက....

'ဘာဘာ ထင်းတိချူးက မိုးမြေအတွင်းအားကျမ်းကို စီရင်ခဲ့တယ်လို့ ကျုပ်ကြားဖူးတယ်'

ဟု ပြောလိုက်လေသည်။

သမီးတော်လေး သက်ပြင်းချလိုက်ပြန်သည်။

'ဖြစ်နိုင်ပါတယ်ရှင်၊ ဘာဘာဟာ ဒီကျောက်ဂူထဲမှာ နေထိုင်ခွင့် ဖေဖေ့ဆီက တောင်းခဲ့တယ်၊ ဖေဖေက ခွင့်ပြုပါတယ်၊ ဒါပေမယ့် သူ ကြာကြာမနေနိုင်ခဲ့ဘူးရှင့်'

ဖုကျို စဉ်းစားသွားလေသည်။

'ဟင်....ဘာဘာထင်းတိချူးဟာ ဒီကျောက်ဂူထဲမှာ နေခဲ့သေးတယ် ဟုတ်လား'

'ဟုတ်တယ်၊ ခြောက်လလောက် နေခဲ့ပါတယ်'

'ဘာဘာက ဒီမှာ သိုင်းပညာ လေ့ကျင့်ခဲ့တာပဲ ဖြစ်မယ်'

သမီးတော်လေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ဒီနေရာကို ကျွန်မ မကြာခဏ ရောက်ပါတယ်၊ ဘာဘာက ဘယ်သူ့ကိုမှ လာခွင့်မပြုပေမယ့် ကျွန်မကိုတော့ ခွင့်ပြုခဲ့ပါတယ်၊ ကျွန်မတတ်မြောက်ထားတဲ့ သိုင်းပညာဟာ ဘာဘာသင်ပေးခဲ့တာပါရှင်'

'ခြှော်....ဒီနေရာကို လီချူးထိ မသိဘူးပေါ့'

သမီးတော်လေး ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူးရှင်'

'တော်ပါသေးရဲ့ဗျာ၊ လ ချုးထိသာသိရင် လ ထင်းလဲ သိမှာပဲ'

သမီးတော်လေးသည် ဖခင်ထံသွားလိုစိတ်များ ဖြစ်ပေါ်လာပြန်လေသည်။

'ကျွန်မ ဖေဖေ့ဆီကို သွားချင်တယ်၊ ကျွန်မကို လိုက်ပို့ပေးပါလားရှင်'

ဟုံ ပြောလေသည်။

ဖုကျံ ခေါင်းကုတ်လိုက်သည်။

အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'အပြင်ဘက်မှာ ရန်သူတွေရှိနေတယ် မဟုတ်လား၊ ညဘက်ကြမှထွက်ကြရင် မကောင်းဘူးလား'

ဟု ပြောလိုက်ရာ သမီးတော်လေး ချက်ချင်း သဘောတူလေသည်။

'ကောင်းပါပြီရှင်'

သူတို့သည် ညအချိန်ရောက်သည်အထိ စောင့်ဆိုင်းနေလိုက်ကြလေတော့သည်။

....ဝ....



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ဖုကျံနှင့် သမီးတော်လေးတို့ မျက်နှာချင်းဆိုင်ထိုင်ကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြလေသည်။

သမီးတော်လေးက ဖခင် မြို့စားကြီးနှင့် ရန်သူများအကြောင်း စဉ်းစားနေခြင်း ဖြစ်လေသည်။

ဖုကျံမှာ သမီးတော်လေးအား မည်သည့်နေရာ၌ တွေ့ခဲ့ဖူးသနည်း။

ဟု တွေးတောစဉ်းစားနေခြင်း ဖြစ်ပေတော့သည်။ ရေတံခွန်ကြီးသည် တဝေါဝေါမြည်ကာ ကျဆင်းနေ၏။

ကျောက်ဂူထဲ၌ အေးစိမ့်မှု လွှမ်းမိုးနေ၏။ အလင်းရောင်အားပျော့စပြုလာပြီဖြစ်သည်။

သမီးတော်လေး လှုပ်လှုပ်ရှားရှားဖြစ်လာ၏။

ကျောက်ဂူအပြင်ဘက်သို့ ထွက်သွားလိုစိတ်များ ပြင်းပြလာပုံရ၏။

ထိုအချိန်မှာပင်....

'ဟာ....သူပဲကိုး'

ဖုကျံ၏ ရေရွတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သမီးတော်လေး လန့်ဖြန့်သွား၏။

'ဟင်....ရှင်....ရှင် ဘာဖြစ်တာလဲဟင်'

ဟု အထိတ်တလန့် မေးလိုက်လေသည်။

ဖုကျံ၏ မျက်နှာ ပြုံးရွှင်နေ၏။ သမီးတော်လေးကို ရှန်းရှန်း စားစား ကြည့်ရင်း....

'ကျုပ်က သခင်မလေးကို စတွေ့ကတည်းက မြင်ဖူးတယ်လို့ ထင်နေတာ၊ ခုတော့ ဘာကြောင့် ဒီလိုထင်ရသလဲဆိုတာ အဖြေရပြီဗျ'

ဟု ပြောလေသည်။

သမီးတော်လေးက....

'ရှင်ဘာပြောတာလဲ၊ ကျွန်မ နားမလည်ပါလား'

'ဟောဒီမှာ ကြည့်ပါဦး၊ သခင်မလေး'

ဖုကျိက အင်္ကျီအိတ်ထဲ၌ သိမ်းဆည်းထားသည့် ပန်းချီကားချပ်ကို ထုတ်ပြလိုက်လေသည်။

ပန်းချီကားချပ်မှာ နတ်တောင်သခင်မနှင့် လီချူးထိတို့ကြောင့် ညစ်ပတ် ပေကျံနေသည်။

သို့သော် လှပသော အမျိုးသမီးရုပ်ပုံကို ထင်ရှားစွာ တွေ့မြင်နေရဆဲ ဖြစ်လေသည်။

သမီးတော်လေးသည် ပန်းချီကားကို တွေ့မြင်ရလျှင်....

'ဟင်...ကျွန်မရဲ့ ပုံတူ ပန်းချီကားပါလား'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ဖုကျိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် သခင်မလေးကို တွေ့ဖူးတယ်လို့ ထင်မိတာပါ'

'နေပါဦး....ဒီ ပန်းချီကားကို ရှင် ဘယ်လိုလုပ်ပြီး ရလာတာလဲ'

သမီးတော်လေးက မေးလေသည်။

ဖုကျိက...



'ဘဘ သင်းတီချူး ပေးခဲ့တာပါ'

'ဪ....ဘဘ ပေးခဲ့တာကိုး'

'ဟုတ်ပါတယ်...ဘဘက ဒီပန်းချီကားကို လေ့လာရင်းနဲ့ လျှို့ဝှက်သိုင်းပညာတစ်ခု တွေ့ရလိမ့်မယ်လို့ မှာခဲ့ပါတယ်'

သမီးတော်လေး ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်နိုင်ဘူးရှင်...'

'ဟင်....ဘာကြောင့်လဲ သခင်မလေး'

'ဒီပန်းချီကားကို ကျွန်မဆီက ဘဘ တောင်းသွားခဲ့တာမို့ပါရှင်'

ဖုကျိ ငိုင်သွားလေသည်။

သမီးတော်လေးက....

'ဘဘဟာ ကျွန်မရဲ့ ပုံတူပန်းချီကားကို အမှတ်တရ သိမ်းထားချင်တယ်ဆိုပြီး တောင်းသွားခဲ့တာပါရှင်၊ ဟောဟိုနံရံမှာ ချိတ်ထားတဲ့ ပန်းချီကား ဘောင်ထဲက ဖြုတ်ယူသွားခဲ့တာပါရှင်'

ကျောက်ဂူနံရံ တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလေသည်။

ထိုအခါ ကျောက်ဂူနံရံတွင် ပန်းချီကား ဘောင်တစ်ခု ချိတ်ထားသည်ကို တွေ့ရသည်။

သစ်သားဘောင်သာ ကျန်ရစ်ခဲ့ပြီး ပန်းချီကား မရှိချေ။

သမီးတော်လေးက....

'ကျွန်မကို ပေးပါရှင်...'

ပန်းချီကားကို တောင်းယူပြီး သစ်သားဘောင်တွင် သွား၍ ကပ်ပြလိုက်သည်။

ထိုအခါ နံရံပေါ်ရှိ သစ်သားပေါင်ပေါ်မှ ဖြုတ်ယူထားခြင်း ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်လာလေသည်။

ဖုကျိုက....

'ဘာဘာက ဘာကြောင့် ပန်းချီကားကို ဖြုတ်ယူသွားရတာလဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

သမီးတော်လေးက....

'ဘာဘာဟာ ကျွန်မကို သမီးတစ်ယောက်လို ချစ်တယ်လေ၊ ဒါကြောင့် အမှတ်တရ သိမ်းထားချင်တယ်ဆိုပြီး ယူသွားတာပါရှင်'

ဖုကျို ခေါင်းကုတ် နေမိလေတော့သည်။

သမီးတော်လေးက....

'ပန်းချီကားကို ကျွန်မသိမ်းထားလို့ မရဘူးလားရှင်'

ဟု မေးလေသည်။

ဖုကျို သက်ပြင်းချကာ....

'ယူထားနိုင်ပါတယ်ဗျာ'

'ကျေးဇူးပါပဲရှင်'

သမီးတော်လေးက ပန်းချီကားကို သိမ်းဆည်းထားလိုက်လေသည်။

ဖုကျိုက သစ်သားပေါင်အနီးသို့ ချဉ်းကပ်သွားပြီး အကဲခတ် ကြည့်လိုက်သည်။

ကျောက်ဂူနံရံမှာ ချောမွေ့နေပါ၏။



သို့သော် ပေါင်ချည်းသာ ရှိတော့သည့် ပန်းချီကားချပ်အတွင်းဘက်မှ ကျောက်သားပြင်မှာမူ ဖုထစ် ကြမ်းတမ်းနေသည်ကို တွေ့ရလေသည်။

ဖုကျိုက ကျောက်နံရံကို လက်ဖြင့် သုံးလေးချက် ပုတ်လိုက်ပြီး ...

'ပန်းချီကား မရှိမှတော့ ပေါင်ချည်းပဲထားလို့ ဘယ်ကောင်းပါ့မလဲ'

ဟု ပြောလိုက်ရာ သမီးတော်လေးက....

'ကျွန်မက ပန်းချီကားကို ပြန်ချိတ်လိုက်ပါ့မယ်ရှင်'

ဟု ပြောလေသည်။

တစ်ဆက်တည်းပင်....

'အပြင်ဘက်ထွက်ရင် ကောင်းမယ်'

ဖုကျိုလည်း ကျောက်ဂူထဲ၌ ဆက်မနေလိုတော့သဖြင့်....

'ကောင်းပြီလေ....သွားကြတာပေါ့'

သူတို့နှစ်ယောက်က အပြင်ဘက်သို့ ထွက်လာခဲ့ကြလေသည်။

သို့သော် ရေတံခွန်ကြီးအား ကျော်ဖြတ်ရန် ဟန်ပြင်လိုက်သည်နှင့်..

'ဟိုမှာကြည့်စမ်း....'

သမီးတော်လေးက တစ်နေရာဆီသို့ ညွှန်ပြလိုက်ရာ ဖုကျို လှမ်းကြည့်လိုက်လေသည်။

ထိုအခါ တဝေါဝေါစီးကျနေသည့် ရေတံခွန်ကြီး အပြင်ဘက်၌ လူရိပ်များ လှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။

ဖုကျို ရင်ထိတ်သွားပြီး....

'သူတို့ လိုက်ရှာနေကြပြီ'

ဟု ပြောလိုက်သည်။

သမီးတော်လေး မျက်နှာပျက်သွားသည်။

'ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

'ကျောက်ဂူထဲမှာပဲ နေကြမှထင်တယ်၊ နောက်မှ အခြေအနေကြည့်ပြီး ထွက်ကြတာပေါ့'

သမီးတော်လေး စိတ်ဓာတ်ကျသွားသော်လည်း မတတ်နိုင်တော့သဖြင့် သဘောတူလိုက်ရလေသည်။

'ကောင်းပါပြီရှင်'

သူသို့နှစ်ယောက် ကျောက်ဂူထဲသို့ ပြန်ဝင် လာခဲ့ကြလေတော့သည်။

....o....

'ဝေါ....ဝေါ....ဝေါ'

ရေတံခွန်ကြီးမှ ရေကျသံ ကျယ်လောင်စွာ မြည်ဟည်းနေလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။ လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။



ရေတံခွန်အောက်ဘက်ရှိ ကျောက်ဂူကြီးအတွင်း၌ အမှောင်ရိပ် လွှမ်းနေသည်။

ဖုကျိုသည် ကျောက်ဂူနံရံကိုမှီကာ တခေါခေါဟောက်လျက် အိပ်ပျော်နေ၏။

သမီးတော်လေးမှာမူ....

ဖုကျိုသည် ပင်ပန်းနွမ်းနယ်နေပြီဖြစ်ရာ ညဘက်ရောက်မှ ကျောက်ဂူအပြင်ဘက်ထွက်ဖို့ သတိမရတော့ပါ။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသဖြင့် မိုးစင်စင်လင်းမှ နိုးလာလေတော့သည်။

ဖုကျိုမှာ နိုးလာသောအခါ သမီးတော်လေးအား မတွေ့ရပါ။

ဖုကျို ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်၏။ အမှန်ပင် သမီးတော်လေး ရှိမနေတော့ချေ။

'ဒုက္ခပဲ၊ သူ အပြင်ကိုထွက်သွားပြီထင်ပါရဲ့'

တွေးရင်း အပြင်ဘက်ထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူ၏ကိုယ်ပေါ်၌ ကျောက်မှုန်များ ထင်နေသည်ကို တွေ့ရသဖြင့် အဘယ့်ကြောင့် ဖြစ်ရသနည်းဟု ကျောက်နံရံကို ကြည့်လိုက်ရာ....

'ဟင်....'

ဖုကျို လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေသည်။

အကြောင်းမှာ ပန်းချီကားဘောင် ချိတ်ထားသည့် ဖုထစ်ကြမ်းတမ်းသောကျောက်သားပြင်၌ ကျောက်မှုန့်များပွယောင်းယောင်း ဖြစ်နေသည်ကို တွေ့ရ၏။

ဖုကျို အမှတ်မထင် လက်ဝါးဖြင့် သုံးလေးချက် ရိုက်မိခဲ့သော နေရာဖြစ်လေသည်။

ဖုကျို စိတ်ဝင်စားသွားပြီး ထိုကျောက်မှုန့်ကလေးများကို လက်ဝါးဖြင့် ပွတ်သပ်လိုက်ရာ ကျောက်မှုန့်များသည် သူ၏ ကိုယ်ပေါ် ဝေါခနဲကျလာပြီး ကျောက်နံရံ၌ ချိုင့်ခွက်ငယ် တစ်ခု ဖြစ်ပေါ်လာ၏။

ထိုချိုင့်ခွက်ငယ်အတွင်း၌ သေတ္တာကလေးတစ်လုံး၏ ထောင့်စွန်း ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

'ဟာ....'

ဖုကျို လွှတ်ခနဲ အော်လိုက်မိပြန်သည်။

ချက်ချင်းပင် ကျောက်မှုန့်များကို ယက်ထုတ်ကာ သေတ္တာလေးကို ဆွဲထုတ်ယူလိုက်၏။

သေတ္တာလေးမှာ ခြောက်လက်မအလျားရှိပြီး ထုလက်နှစ်လုံးခန့်သာရှိသော ပါးပါးလွှာလွှာ သေတ္တာလေး ဖြစ်လေသည်။

ဖုကျိုက သေတ္တာလေးကို ဖွင့်လိုက်ရာ စာအုပ်ကလေး တစ်အုပ်ကို တွေ့ရလေသည်။

ယခု ထင်းတိချူး၏ လျှို့ဝှက်သိုင်းကျမ်းအား မမျှော်လင့်ဘဲ တွေ့ရပြီဖြစ်ကြောင်း ဖုကျို ရိပ်မိလိုက်၏။

ကပျာကယာ စာအုပ်ကလေးကို လှန်လှောကြည့်လိုက်ရာ သိုင်းဟန်ဖော်ပြထားသည့် လူရုပ်ပုံများနှင့် ရှင်းလင်းချက် စာသားများအား တွေ့မြင်ရလေသည်။



ဖုကျိုသည် သမီးတော်လေးကိုပင် သတိမရတော့ပါ။ သိုင်းကျမ်းထဲမှ ရုပ်ပုံများနှင့် ရှင်းလင်းချက်စာသားများကို စိတ်ဝင်စားစွာ ဖတ်ရှုနေလိုက်မိသည်။

ထို့နောက် သိုင်းဟန်အတိုင်း ပြုလုပ်လေ့ကျင့်နေလိုက်မိ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဖုကျိုမှာ သမီးတော်လေးကို မဆိုထားနှင့် စားသောက်ရန် အနားယူရန်ပင် မသိတော့ဘဲ အာရုံစူးနစ်စွာ လေ့လာနေမိလေသည်။

ဤသို့ဖြင့် တစ်နေ့တာ အချိန်ကုန်ဆုံးသွားပြီး တစ်ညတာ အချိန်ပြောင်းသွား၏။

တစ်ဖန် ညအချိန်ကုန်ဆုံးသွားပြီး နေခြည်ထွက်ပေါ်လာပြန်သည်။

ဖုကျိုမှာ အာရုံဝင်စားလျက် လေ့လာနေဆဲ....

သုံးရက်....

သုံးရက်ဟူသော အချိန်ကုန်ဆုံးသွားတော့မှ ဖုကျို သတိရလာလေတော့သည်။

....●....

'ဝေါ...ဝေါ...ဝေါ'

ရေတံခွန်ကြီးမှရေများ အဆက်မပြတ် ကျဆင်းနေ၏။

ဖုကျိုသည် ကျောက်ဂူထဲမှ ထွက်လာခဲ့ပြီဖြစ်သည်။ ထိုအခါမှ သမီးတော်လေးအား သတိရလာပြီ လိုက်လာရှာဖွေရန် ပြင်ဆင်မိတော့သည်။

သူသည် ရေတံခွန်ကို ဖြတ်ကျော်ကာ အပြင်ဘက်သို့ ရောက်ရှိလာ၏။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသဖြင့် ဖုကျို၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွားလေသည်။

လှမ်းကြည့်လိုက်သောအခါ လူနှစ်ယောက် ဓားကိုယ်စီဖြင့် ပြေးလာနေကြသည်ကို တွေ့မြင်ရလေသည်။

'ဟိုက်....ငါ့ကိုတွေ့သွားကြပြီ'

ဖုကျိုမှာ ထိတ်ခနဲ ဖြစ်သွားသော်လည်း ထွက်ပြေးရန် မကြိုးစားပါ။

ခပ်တည်တည်ပင် ရပ်ကြည့်နေလိုက်လေသည်။

ထိုလူနှစ်ယောက်က ဖုကျိုအား ရှေ့နောက်ညှပ်၍ လမ်းပိတ်ဆို့ကာ....

'မင်း....ဘယ်ပြေးမလဲ၊ မသေချင်ရင် အေးအေးဆေးဆေး လိုက်ခဲ့'

ထိုလူနှစ်ယောက်သည် မင်းသားလေး၏လူများဖြစ်ကြောင်း ဖုကျိုရိပ်မိလိုက်သည်။



ထို့ကြောင့် မဲ့ပြုံးပြုံးကာ....

'သခင်မလေးရော'

ထိုလူနှစ်ယောက်က ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....သခင်မလေးဟာ မကြာခင် မင်းသားလေးရဲ့ ကြင်ယာတော် ဖြစ်တော့မှာလေကွာ'

တစ်ယောက်က ပြောလိုက်ရာ အခြားတစ်ယောက်ကလည်း....

'ဘာလဲ... မင်းက သခင်မလေးကို ကြိုက်နေလို့လား'

လှောင်ပြောင်ပြောဆိုခံလိုက်ရသဖြင့် ဖုကျို ဒေါသထွက်သွားသည်။

'တောက်....လူယုတ်မာတွေ၊ သိကြရောပေါ့ကွာ'

ဖုကျိုက ကြုံးဝါးရင်း လက်ကိုဝေ့ယမ်းလိုက်ရာ သူ၏လက်ဝါးသည် ထိုလူနှစ်ယောက်အား မထိမိ ထွက်ပေါ်လာသည့် အရှိန်ကြောင့်....

'ဝုန်း....'

'အား....'

ထိုလူနှစ်ယောက် လွင့်စဉ်သွားပြီး ရေတံခွန်ထဲသို့ ထိုးကျသွားကြလေတော့သည်။

ဖုကျို မျက်လုံးပြူးသွား၏။

သူ၏လက်ဝါးကို ပြန်လည် ငုံ့ကြည့်မိလိုက်လေသည်။ ထိုအချိန်တွင်....

'ဒီမှာတွေ့ပြီ၊ မြန်မြန်လာကြဟေ့'

ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာ၏။

မရွေးမနှောင်းမှာပင် လက်နက်ကိုယ်စီ ဆွဲကိုင်ထားကြသူ တစ်စုသည် ဖုကျုံထံသို့ ဦးတည်ပြေးလွှား လာကြလေသည်။

ဖုကျုံ ကြောက်ရွံ့ခြင်း မရှိတော့ပါ။ သမီးတော်လေး အား ကယ်တင်လိုစိတ် ပြင်းပြနေသည်ဖြစ်၍....

'သိကြသေးတာပေါ့ကွာ'

ဟု ကြုံးဝါးရင်း ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ရေတံခွန်အနီး၌တိုက်ပွဲတစ်ခု ပြင်းထန်စွာ ဖြစ်ပေါ်လာလေ တော့သည်။

....၀....

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ လေသည်။

ဖုကျုံအား ဝိုင်းရံတိုက်ခိုက်လိုက်ကြသူများမှာ ဖုကျုံ၏ လက်ချက်မိကာ အဝေးသို့ လွင့်စဉ်ကုန်လေသည်။

ဖုကျုံသည် တိုက်ပွဲကိုဆင်နွဲရင်း မိမိကိုယ်ကို ယုံကြည်စိတ်ချ မှုများ ဖြစ်ပေါ်လာသည်။



ရန်သူအား ရင်ဆိုင်နိုင်သည်ဟူသော အသိဝင်လာလျှင် အား တက်လာပြီး သူ၏ တိုက်ကွက်များမှာ ပို၍အားမာန်ပါလာလေ သည်။

ဝိုင်းရံတိုက်ခိုက်ကြသူများသည် လက်နက်ကိုယ်စီ ဆွဲကိုင် ထားကြပါသော် လည်း ဖုကျုံ ကြောက်ရွံ့ခြင်း မရှိတော့ပါ။

'သတိထားကြပေတော့'

လက်နှစ်ဘက် ဝေ့ယမ်းကာ အဆက်မပြတ် တိုက်ခိုက်ပစ် လိုက်သည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

အော်သံများ အဆက်မပြတ် ထွက်ပေါ်လာ၏။

မင်းသားလေး၏လူများသည် ဖုကျုံအား မယှဉ်နိုင်သဖြင့် ကြောက်ရွံ့ထိတ်လန့်လာကြသည်။

'ဒီကောင် လူမဟုတ်ဘူးကွ'

တစ်ယောက်က အလန့်တကြား အော်ဟစ်ကာ ထွက်ပြေး သွား၏။

ကျန်လူများလည်း ဆက်၍မတိုက်ခိုက်ဝံ့တော့ဘဲ ထွက်ပြေး ကုန်၏။

'မင်းတို့ ပြေးလို့ လွတ်မလား'

ဖုကျုံက အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးလိုက်သွား၏။

ဤသို့ဖြင့် ကိန္နရီတောင်ပေါ်ရှိ သမီးတော်လေး၏အဆောက်အအုံရှေ့သို့ ရောက်မှန်းမသိ ရောက်ရှိသွားကြလေတော့သည်။

....o....

နေခြည်ဖြာကျနေ၏။

ကြည်ပြာရောင် မိုးကောင်းကင်ကို နောက်ခံပြုကာ သမီးတော်လေး စံမြန်းသည့် အဆောက်အအုံကြီးမှာ လှပတင့်တယ်နေသည်ကို အတိုင်းသား တွေ့မြင်ကြရမည်ဖြစ်သည်။

ဖုကျိသည် အဆောက်အအုံကြီး ရှေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

ဖုကျိအား မယှဉ်နိုင်သဖြင့် ထွက်ပြေးလာကြသူများသည်....

'ရန်သူရန်သူ'

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်ကြ၏။

ထိုအခါ အဆောက်အအုံအတွင်းမှ လူတစ်စု ပြေးထွက်လာကြလေတော့သည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ကြယ်တံခွန်ဆရာနှင့် မင်းသားလေးတို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် ဖုကျိကိုမြင်လျှင် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

နှစ်ယောက်စလုံး ဖုကျိနှင့် တစ်ကြိမ် ရင်ဆိုင်ပြီးပြီ ဖြစ်၍ ဖုကျိ၏သိုင်းပညာ မခေမှန်း ရိပ်မိထားကြ၏။



မင်းသားလေးက....

'ကျုပ်က နှစ်ပေါင်းလေးဆယ်လုံးလုံး သိုင်းပညာလေ့ကျင့်ခဲ့တာတောင် ဒီကောင်လေးကို လက်ဝါးတစ်ချက်တည်းနဲ့ လဲကျသွားအောင် မတတ်နိုင်ခဲ့ဘူး'

ဟု ညည်းညူလိုက်၏။

ကြယ်တံခွန်ဆရာက....

'ဘာထူးမှာလဲ၊ ကျုပ်ရဲ့အဆိပ်ကို သူက မမှုဘူးဗျ'

'ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

'သခင်မလေးနဲ့ အကျပ်ကိုင်ရတော့မှာပေါ့'

'ကောင်းတယ်'

ကြယ်တံခွန်ဆရာ၏အကြံကို မင်းသားလေး သဘောတူလိုက်လေသည်။

အနီးရှိ ကာပသ့်တစ်ယောက်အား....

'သခင်မလေးကို သွားခေါ်ခဲ့'

ဟု အမိန့်ပေးလိုက်၏။

ထိုလူသည် ဦးညွှတ်ကာ အဆောက်အအုံ အတွင်းသို့ ပြေးဝင်သွားလေသည်။

မကြာပါချေ။

ထိုလူ ပြန်ထွက်လာသောအခါ သမီးတော်လေးအား ဓားတစ်လက်ဖြင့် ချိန်ရွယ်ကာ ခေါ်ထုတ်လာသည်ကို တွေ့မြင်ရလေသည်။

ထိုအချိန်တွင် ဖုကျိသည် သူ၏ရှေ့မှ တားဆီးနေသူများအား ပြတ်ပြတ်သားသားပင် တိုက်ထုတ်ပစ်နေ၏။

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ အဆက်မပြတ် ထွက်ပေါ်နေ၏။

မင်းသားလေး၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်လေသည်။

မင် သားလေး လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

'ရပ်လိုက်'

ဟု အော်ဟစ်တားဆီးလိုက်၏။

သူ၏လူများသည် တိုက်ခိုက်မှုကိုရပ်တန့်ကာ ချက်ချင်းပင်နောက်သို့ ဆုတ်သွားကြသည်။

အဆောက်အအုံရှေ့ မြေကွက်လပ်၌ ဖုကျိ တစ်ယောက်တည်းသာ ထီးထီးကြီး ဖြစ်ကျန်ရစ်ခဲ့၏။

မင်းသားလေးက....

'သမီးတော်လေး စုကျူးရဲ့အသက်ကို နှမြောတယ်ဆိုရင် ခုချက်ချင်း အညံ့ခံပါ'

ဟု ပြောလိုက်သည်။

ဖုကျိ ရင်ထိတ်သွား၏။

ခေါ်ဖြင့် ချိန်ရွယ်ခံထားရသည့် သမီးတော်လေးအား တွေ့မြင်သွားပြီ ဖြစ်သည်။

'သခင်မလေးကို လွှတ်ပေးလိုက်ပါ'

မင်းသားလေးကို စိုက်ကြည့်ကာ တောင်းဆိုလိုက်၏။

မင်းသားလေးက ခေါင်းခါယမ်းလိုက်သည်။



'စုကျူးကို လွှတ်ပေးရလောက်အောင် ငါက မမိုက်မဲသေးပါဘူးကွာ၊ မင်းသာ အညံ့ခံလိုက်ပါ'

'ကျုပ်က အညံ့မခံဘူးဆိုရင်ကော'

'စုကျူး သေသွားမှာပေါ့'

'တောက်....သတ္တိရှိရင် သခင်မလေးကို လွှတ်လိုက်စမ်း'

ဖုကျိက ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'ဖြန်း....'

'အမယ်လေး'

မင်းသားလေးက သမီးတော်လေး စုကျူးအား ပါးရိုက်ချလိုက်၏။

ဖုကျိ တုန့်ခနဲ ရပ်သွားလေသည်။

မင်းသားလေးက...

'မင်း ရှေ့ကို ခြေတစ်လှမ်းတိုးလာမယ် ဆိုရင် စုကျူး သေသွားလိမ့်မယ်'

ဟု ခြိမ်းခြောက်လိုက်ပြန်လေသည်။

ဖုကျိမှာ သမီးတော်လေး စုကျူးအတွက် စိတ်မကောင်းဖြစ်သွားလေသည်။

ထို့ကြောင့်....

'ကောင်းပြီ၊ သခင်မလေးကို လွှတ်လိုက်ပါ၊ ခင်ဗျား လိုက်ရှာနေတဲ့ ဘာဘာ ထင်းဘိကျူးရဲ့ သိုင်းကျမ်းကို ပေးပါ့မယ်'

ပြောပြောဆိုဆို သိုင်းကျမ်းကိုထုတ်ယူကာ ဝေ့ယမ်းပြလိုက်လေသည်။

မင်းသားလေး ဝမ်းသာသွားလေသည်။

'သိုင်းကွက်ကို အရင်ပစ်ပေးလိုက်'

ဟု အော်ပြောလိုက်၏။

ဖုကျိုက...

'သခင်မလေးကို အရင်လွှတ်ပေးရမယ်'

'မရဘူးကွ'

မင်းသားလေးသည် ဒေါပွလာပြီး သမီးတော်လေး စုကျူး အား ဓားဖြင့်ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

'မလုပ်နဲ့'

ဖုကျိုက ဟန့်တားလိုက်ခြင်း မရှိပါ။

ကြယ်တံခွန်ဆရာက ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

မင်းသားလေး မကျေမနပ် ဖြစ်သွားလေသည်။

'ခင်ဗျားက ဘာသဘောလဲဗျ'

ဟု မေးလိုက်၏။

ကြယ်တံခွန်ဆရာက....

'သူ့ကို လွှတ်ပေးလိုက်ပါ'

'ဟာ.... ဘယ်ဖြစ်မလဲဗျ'

'လွှတ်မပေးရင် သိုင်းကျမ်း ဘယ်လိုလုပ်ရမှာလဲ'

မင်းသားလေး လက်မခံပါ။

'မဖြစ်ဘူး၊ လွှတ်ပေးပြီးမှ သူကမပေးရင် ဘယ်လိုလုပ်မလဲ'

ကြယ်တံခွန်ဆရာက ဖုကျိုအား လှမ်းကြည့်ကာ....

'သခင်မလေး စုံကျူးကို လွှတ်ပေးရင် သိုင်းကျမ်းပေးမယ် မဟုတ်လား'

ဟု လှမ်းမေးလေသည်။



ဖုကျို ခေါင်းညိတ်လိုက်သည်။

'စိတ်ချ.... ကျုပ်ပေးမယ်'

ကြယ်တံခွန်ဆရာက မင်းသားလေးကို ကြည့်လိုက်၏။

မင်းသားလေး ခေါင်းယမ်းလိုက်သည်။

'မဖြစ်ဘူး၊ လွှတ်မပေးနိုင်ဘူး'

ဟု တွင်တွင်ကြီး ငြင်းဆန်နေ၏။

ကြယ်တံခွန်ဆရာက....

'အင်း ... ခင်ဗျားက လွှတ်မပေးဘူးဆိုတော့

သူက စကားဆုံးအောင် မပြောဘဲ အဆိပ်ဓားမြှောင်ဖြင့် မင်းသားလေး၏ နောက်ကျောကို ထိုးစိုက်လိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် မင်းသားလေး မရှောင်နိုင် တော့ပါ။

'အား....'

စူးရှစွာအော်ဟစ်ကာ ပုံလျက်သား လဲကျသွားလေသည်။

ကြယ်တံခွန်ဆရာက....

'ခင်ဗျား လွှတ်မပေးဘူးဆိုတော့ ကျုပ် လွှတ်ပေးရမှာပေါ့'

ဟု ပြောလိုက်သည်။

ထို့နောက် သမီးတော်လေ့အား ပြုံးပြရင်း .

'သခင်မလေး သွားနိုင်ပါပြီဗျာ'

သမီးတော်လေး စုကျူး ဝမ်းသာသွား၏။

'အစ်ကို....'

ဖုကျိ၏ ရင်ခွင်ထဲ အားကိုးတကြီး ပြေးဝင်လိုက်လေသည်။
ဖုကျိမှာ သူမလဲကျမသွားရလေအောင် ဆီးကြိုပွေ့ထား ရလေသည်။
သို့သော် စုကျူး သူ၏ရင်ခွင်ထဲသို့ ရောက်လာသောအခါ ပြန်မလွှတ်တော့ပါ။
လွှတ်ထွက်သွားမည်ကိုပင် စိုးရိမ်ကာ တင်းကြပ်စွာ ထွေး ပိုက်ထားလိုက်မိလေတော့သည်။

စုကျူးက....
'ညီမ၊ ကျောက်ဂူထဲက အစ်ကိုမသိအောင်ထွက်သွားမိလို့ အဖမ်းခံလိုက်ရတာ၊ လီထင်းက ဖေဖေ့ကို သတ်ပစ်လိုက်ပြီ အစ်ကိုရဲ့'

ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

အဖြစ်မှန်ကို သူမ သိရှိသွားပြီဖြစ်လေသည်။
ဖုကျိမှာ အတွေ့အကြုံမရှိသဖြင့် မည်သို့ ဖျောင့်ဖျရမှန်း မသိဘဲ ပွေ့ပိုက်ထားမိလေသည်။

ထိုစဉ် ကြယ်တံခွန်ဆရာ၏အသံ ထွက်ပေါ်လာပါသည်။
'ဟေ့.... မင်းကတိအတိုင်း သိုင်းကျမ်းပေးလေ'

ဖုကျိ မသက်သာတော့ပါ။
ကတိမဖျက်လိုသဖြင့်....
'ကောင်းပြီ '
'သိုင်းကျမ်းကို ပစ်ပေးလိုက်လေသည်။



'ဖုတ်....'

သိုင်းကျမ်း မြေပေါ်ကျသွား၏။

ကြယ်တံခွန်ဆရာက ကောက်ယူရန် ဟင်ပြင်လိုက်သည်။
ထိုစဉ် မင်းသားလေး၏ နောက်လိုက်များ ရှေ့သို့ တစ် ရွေ့ရွေ့ တိုးလာနေကြသည်ကို သတိပြုမိလိုက်၏။
ကြယ်တံခွန်ဆရာ အကဲခတ်ကြည့်လိုက်ရာ သူ့အား မုန်းတီး သည့် အကြည့်ဖြင့် ကြည့်နေကြသည်ကို တွေ့မြင်ရလေသည်။
ဖုကျိလည်း အခြေအနေကို ရိပ်မိသွား၏။

ထို့ကြောင့်....

'ညီမ....အစ်ကိုတို့ သွားကြပါစို့'

ဟုပြောရင်း စုကျူးအား ဖေးမ ခေါ်ဆောင်သွားလေ သည်။

မင်းသားလေး၏ လူများက သူတို့အား စိုးစဉ်းမျှပင် အန္တရာယ် မပြုကြပါချေ။
ဖုကျိနှင့် စုကျူးတို့ အန္တရာယ်မရှိဘဲ ဟောင်အောက်သို့ ဆင်းလာနိုင်ခဲ့ကြလေသည်။
သူတို့နှစ်ယောက် တရွေ့ရွေ့ထွက်လာရင်း လမ်းခုလတ်သို့ ရောက်လျှင်....
'အား....
'အွန့်....'
- 'အမယ်လေး'

တောင်ပေါ်မှ စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားရ၏။

ထိုအော်ဟစ်သံများတွင် ကြယ်တံခွန်ဆရာ၏ အသံလည်း ပါဝင်နေသည်ဟု ဖုကျိ ထင်မှတ်မိလေသည်။

မကြာပါချေ။

စူးရှသော အော်ဟစ်သံများ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဖုကျိနှင့် စုကျူးတို့သည် ကိန္နရီတောင်ကို ကျောခိုင်းကာ ထွက်လာခဲ့ကြလေတော့သည်။

....o....

ကိန္နရီတောင်သည် လည်းကောင်း၊ ဆီးဟာမြို့တော်သည် လည်းကောင်း အဝေးတွင် ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

ဖုကျိသည် သူ၏ရည်ရွယ်ချက်အတိုင်း ဝါးတောသို့ အပြန်ခရီး နှင်နိုင်ခဲ့ပြီဖြစ်သည်။



သို့သော် သူတစ်ယောက်တည်း ပြန်လာခြင်းတော့ မဟုတ်ပါ။

သူ့တွင် အဖော်တစ်ယောက် ပါလာခဲ့လေသည်။

စုကျူးသည် မိဘများ အခြွေအရံများ မရှိတော့သဖြင့် ဆီးဟာမြို့တော်၌ မနေလိုတော့ဘဲ သူ့နောက်သို့ အားကိုးတကြီး လိုက်လာခဲ့ခြင်းဖြစ်သည်။

နတ်တောင်သခင်မသည် သူ့အားလိမ်ညာပြီး အသားစွပ်ပြုပ် တိုက်ခဲ့လေသည်။

တစ်ဖန် မိန်းမယူရမည်ဟု ပြောခဲ့သေး၏။

ယခုတော့ နတ်တောင်သခင်မ နိမိတ်ဖတ်သလို ဖြစ်လာခဲ့ရပြီ မဟုတ်ပါလား။

ဖုကျိနှင့် စုကျူးတို့ ဝါးတောကျေးရွာသို့ လာခဲ့ကြရာ လမ်းခရီး တစ်နေရာတွင်....

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျိ ရင်ထိတ်သွား၏။

'တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီထင်တယ်'

ဒုက္ခရောက်နေသူဆိုလျှင် အကူအညီပေးနိုင်က ပေးဖို့ရည်ရွယ်ကာ စုကျူး၏လက်ကိုဆွဲပြီး ပြေးသွားလေသည်။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်မိသည်နှင့်....

ဖုကျို ခြေလမ်းတုံ့ခနဲ ရပ်သွားလေသည်။

တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တအံ့တသြဖြစ်သွားရခြင်းတည်း။

လူသုံးယောက်မှာ မြေပေါ်တွင် ဆန့်ဆန့်ကြီး လဲကျနေသည်။

လူနှစ်ယောက်မှာ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲကာ အချိန်မရွေး လဲကျသွားနိုင်သည့် အခြေအနေ ရှိပေသည်။

ထိုလူများအား တိုက်ခိုက်နေကြသူများမှာ ဝတ်စားဆင်ယင်ပုံ ထူးဆန်းသော လူလေးယောက် ဖြစ်လေသည်။

'လက်စသပ်တော့ ဆွံ့အဆရာ စောစင်းဟိုရဲ့ တပည့်ငါးယောက်ဟာ တောင်ပင်လယ်က လူဆိုးလူမိုက် ငါးယောက်နဲ့ တွေ့နေတာကိုး'

ဖုကျို တွေးတောနေစဉ်မှာပင် ဆွံ့အဆရာ စောစင်းဟို၏ တပည့်နှစ်ယောက်သည် အသက်ကိုပဓာနမထားဘဲ တရကြမ်း တိုက်ခိုက်လိုက်ကြရာ....

'ဝုန်း....'

'အား'

'အမလေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ဆွံ့အဆရာ စောစင်းဟို၏ တပည့်နှစ်ယောက် မြေပေါ်လဲကျသွားကြသကဲ့သို့ လူဆိုးကြီးလေးယောက်၏ ခေါင်းဆောင်ခြသေ့မင်းသားလည်း လဲကျသွားသည်ကို တွေ့မြင်ရလေသည်။

'အစ်ကိုကြီး....'



ရှုပ်ဆိုးမက ခြသေ့မင်းသားအား ပွေ့ထူလိုက်၏။

သို့သော် ခြသေ့မင်းသား သေဆုံးနေပြီဖြစ်လေသည်။

စောစင်းဟို၏ တပည့်ငါးယောက်စလုံးလည်း တုတ်တုတ်မျှ မလှုပ်ကြပါတော့ချေ။

အရှုးမက....

'ဟောတော့...အစ်ကိုကြီး သေသွားပြီ၊ ဒါဖြင့် ဘယ်သူခေါင်းဆောင်လုပ်မလဲ'

ဟု ရေရွတ်လိုက်လေသည်။

ထိုအခါ....

'ငါလုပ်မယ်'

'ကျုပ်က ခေါင်းဆောင်ဖြစ်ပြီပေါ့'

ကျန်ရှိနေသည့် ဗျူဟင်းဖြူနှင့် မိကျောင်းဟိုက ပြိုင်တူပြောလိုက်ကြလေသည်။

အရှုးမ လက်မခံပါ။

'ရှင်တို့ ခေါင်းဆောင်လုပ်လို့ ဘယ်ဖြစ်မလဲရှင့်'

ဟု ပြောရာ မိကျောင်းက မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့်....

'ဒါဖြင့် ဘယ်သူလုပ်မလဲ'

ဟု မေးလေသည်။

အရှုးမ ရယ်မောလိုက်သည်။

'ဟင်း....ဟင်း....ဘယ်သူရှိမလဲ၊ ကျွန်မပေါ့ရှင့်'

'ဘာ....'

'ဘယ်လို'

မိကျောင်းနှင့် ဗျိုင်းဖြူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

အရှုးမသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည့် ဖုကျိအား တွေ့မြင်သွားပြီဖြစ်လေသည်။

ထို့ကြောင့်....

'ဟိုကောင်လေးကို အနိုင်ရတဲ့လူဟာ ခေါင်းဆောင်ပဲ'

အော်ပြောကာ ဖုကျိထံလျှပ်တစ်ပြက်ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဖုကျိ ထိတ်လန့်သွား၏။

စုကျုံးအား ထိခိုက်မိမည်ကို စိုးရိမ်ပြီး ကပျာကယာ လက်ဝေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....'

'အမယ်လေး....'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

အရှုးမသည် အနောက်ဘက် လွင့်စဉ်သွားပြီး မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွား၏။

ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့ချေ။

မိကျောင်းနှင့် ဗျိုင်းဖြူတို့က ဖုကျိကိုတစ်လှည့် အရှုးမကို တစ်လှည့် ကြည့်လိုက်ကြ၏။



မိကျောင်းက....

'သူပြောတာ မှန်းသားပဲကွ....'
ဟု ပြောလေသည်။

ဗျိုင်းဖြူ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်....'

'ဒါဖြင့် တို့ဘယ်လို လုပ်ကြမလဲ'

မိကျောင်းက မေးလေသည်။

ဗျိုင်းဖြူ အနည်းငယ် စဉ်းစားလိုက်ပြီး....

'သူ့ကို နိုင်တဲ့လူဟာ ခေါင်းဆောင်ပဲပေါ့....'
ဟု ပြောလေသည်။

မိကျောင်းက....

'မင်းသေချာတယ်နော်....'

'သေချာပါတယ်....'

'ကောင်းပြီ....'

မိကျောင်းသည် ဖုကျိထံသို့ ခပ်သွက်သွက် လှမ်းလာလေသည်။

အခြေအနေ မဟန်မှန်း ဖုကျိ သတိပြုမိ လိုက်ပါသည်။

ထို့ကြောင့်....

'ညီမ နောက်ဆုတ် နေလိုက်ပါ'

ဟု စုကျူးအားသတိပေးကာ ရှေ့သို့ခုန်ထွက်ပြီး မိကျောင်းနှင့် ရင်ဆိုင် လိုက်လေသည်။

မိကျောင်းက မပြောမဆို ပြင်းထန်စွာ တိုက်ခိုက် လာလေသည်။

ဖုကျိက အတွင်းအား စုစည်းကာ ပြန်လည် တိုက်ခိုက်လိုက်၏။

နတ်တောင်သခင်မ၊ လီချူးထိတို့၏ သိုင်းပညာရပ်များကို သင်ကြားခဲ့ခြင်းကြောင့် သူ၏ ပညာသည် ပြိုင်ဘက်ကင်း အသင့်ဥ ရှိနေပြီ ဖြစ်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင် မိလိုက်ကြလျှင်....

'ဝုန်း....'

အသံတစ်ချက် ထွက်ပေါ်လာပြီး မိကျောင်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

....o....



ယခု....

ဗျိုင်းဖြူတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ဖုကျိက သူ့အား လှမ်းကြည့်လိုက်၏။

ဗျိုင်းဖြူသည် လဲကျနေသည့် ခြသေ့မင်းသား မိကျောင်းနှင့် အရှုးမတို့အား ဝေ့ကြည့်လိုက်၏။

ထို့နောက် ခေါင်းခါယမ်းကာ....

'ခုဆိုရင် ကျုပ်ဟာ ပြိုင်ဘက်မရှိ၊ ခေါင်းဆောင်ဖြစ်သွားပြီ'

ဟု ရေရွတ်လိုက်လေသည်။

ဖုကျိအား ဂရုမစိုက်ဘဲ ထွက်သွားရန်လည်း ဟန်ပြင်လိုက်လေသည်။

ဖုကျိက....

'ရပ်လိုက်....'

ဟု ဟန့်တားလိုက်၏။

ဗျိုင်းဖြူက လှည့်ကြည့်လာပြီး....

'မင်းက ဘာသဘောလဲကွ....'

ဟု မေးလေသည်။

ဖုကျိက တည်ကြည်သော မျက်နှာထားဖြင့်....

'ခင်ဗျားကိုအ ်ပြီး ဆိုးသွမ်းမိုက်မဲခွင့် မပြုနိုင်တော့လို့ပါဗျာ'

ထိုစကားကြားသည့်အခါ ဗျိုင်းဖြူမကျေမနပ် ဖြစ်သွားပြီး....

'မင်းကများ ကြီးကြီးကျယ်ကျယ် သေရမယ်ဆိုတာကို မသိသေးဘဲ ငါ့ကို ပြောဝံ့တယ် မင်းနောက်ကို လှည့်ကြည့်လိုက်ပါဦး'

ဖုကျုံ ရင်ထိတ်သွားပြီး ကပျာကယာ လှည့်ကြည့်လိုက်၏။

ဗျိုင်းဖြူ၏ အလိမ်မိသွားခြင်း ဖြစ်သည်။

သူ၏ နောက်ဘက်တွင် မည်သူမျှ မရှိပါ။

'ယား....'

ဗျိုင်းဖြူက အလစ်တိုက်ခိုက် လာလေတော့သည်။

'အစ်ကို....'

စုကျူး ထိတ်လန့်သွား၏။

ဗျိုင်းဖြူ၏ လက်ချက်ကြောင့် ဖုကျုံ ဒုက္ခရောက်တော့မည်ကို သတိပြုမိသဖြင့် ဖုကျုံအား တွန်းထုတ်လိုက်၏။

ထိုအခါ ဗျိုင်းဖြူ၏ လက်ဝါးသည် ဖုကျုံကို မထိဘဲ စုကျူးအား ရိုက်ချမိလိုက်လေသည်။

'အမယ်လေး....'

စုကျူး အော်ဟစ်ရင်း ပုံလျက်သား လဲကျသွားလေသည်။

သူမ၏ အဖြစ်ဆိုးကို မြင်သည့်အခါ ဖုကျုံ ဒေါသမထိန်းနိုင်တော့ပါ။

'သေပေတော့....'



ဗျိုင်းဖြူ၏ ငယ်ထိပ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'အား....'

ဗျိုင်းဖြူ၏ အော်ဟစ်သံက တတောလုံး ညံသွားလေတော့သည်။

....●....

'နောင်ဝေဝေ....နောင်ဝေ....ဝေ....'

ကြေးစည်သံ လွင့်ပျံနေ၏။

လူငယ်လေးတစ်ယောက်သည် ကြေးစည်ကို ထုရင်း ရှေ့မှ သွားနေပြီး ရသေ့ကြီးတစ်ပါးက သပိတ်ကို ပိုက်ကာ ဣန္ဒြေသိက္ခာအပြည့်ဖြင့် နောက်မှ လိုက်သွား၏။

ဝါးတောရွာကလေး၏ အပြင်ဘက် တောင်ကုန်းပေါ်ရှိ ကျောင်းသင်ခန်း၌ သီတင်းသုံးနေခဲ့သော ရသေ့ကြီး ကွယ်လွန်သွားသည်မှာ တစ်နှစ်ကျော်ပြီ ဖြစ်သည်။

ထိုရသေ့ကြီး နေရာတွင် အခြားရသေ့ငယ်တစ်ပါး အစားထိုး ဝင်လာ၏။

ရသေ့ငယ်မှာ ဖိုးကျိုဖြစ်သည်။

ဖိုးကျိုသည် မိဘမဲ့ လူငယ်လေးတစ်ယောက်အား ကျေးမွေး စောင့်ရှောက်ထားရင်း လူ့ဝတ်ကြောင်ကိုစွန့်ကာ ရသေ့ဘဝသို့ ကူးပြောင်း ရောက်ရှိနေပြီ ဖြစ်ပေသည်။

(ဒုတိယပိုင်းဇာတ်သိမ်း ပြီး၏။)

မိုးကျော်သူ

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြလမ်း
တောင်ငူမြို့
ဖုန်း ၂၁၇၄၄